# ကမ္မဋ္ဌာန် ဝိဇ္ဇာဓရ ကျမ်း

၆၄

ညောင်လေးပင်မြို့

ဖအောင်း အလယ်တောရကျောင်း

ဆရာတော် ဦးကုမာရ

စီရင်အပ်သော

# ကမ္မဋ္ဌာနဝိည္ဉဝရကျမ်း

★

ရန်ကုန်မြို့

ညောင်လေးပင်မြို့

ဖအောင်း အလယ်တောရကျောင်း

ဆရာတော် ဦးကုမာရ

စီရင်အပ်သော

# ကမ္မဋ္ဌာနဝိဇ္ဇာရကျမ်း

★

ရန်ကုန်မြို့

မင်္ဂလာညွှန့်ပုံနှိပ်တိုက်

# အဘိယာစကနိဒါန်း

= ၀ =

လယ်တီ ဆရာတော်၏ အာနာပါန နိဿယနည်း, ညောင်လွန့် ဆရာတော်၏ ဝိပဿနာ ကမ္မဋ္ဌာန်း နိဿယ နည်း, ပြွန်တန်ဆာမြို့ ပဌမ- ပန်းတလှည်းကျောင်း ဆရာ တော်ဘုရား၏ အာနာပါန ကမ္မဋ္ဌာန် နိဿယနည်း, စွန်း လွန်းဆရာတော်၏ အာနာပါန ကမ္မဋ္ဌာန နိဿယနည်း, ဝေဘူဆရာတော်၏ နိဿယနည်းတို့ကို ဆရာတော် ဦးကု မာရသည်-သက္ကရာဇ် ၁၃၁၄ ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက်နေ့က ညောင်လေးပင်မြို့ တောရ ကျောင်း တိုက် ကြီးမှ အစပြု၍ ဥက္ကဋ္ဌ ဆရာတော် ဦးဇိဝကစသော ရဟန်း တော်သံဃာ-သာမဏေနှင့်တကွ မြို့သူမြို့သား- ဘယဆေး ကုန် သည်မောင်စံရင်စသောဒါယကာ၊ ဒါယကာမတို့ အား ဟောကြားခြင်းပြုသလို ရဟန်းသံဃာတော်နှင့်တကွ ဘယ ဆေးကုန်သည်မောင်စံရင်ဖသော ဒါယကာ,ဒါယကမအာ ပေါင်းတို့က ၎င်းဟောစဉ် အားထုတ်စဉ်တို့ကို ကျကျ နန သိရှိကြရန် အလိုဆန္ဒရှိပါ၏၊ မိမိတို့သိရှိ နားလည်မှသာ မှတ်သားမိသော ဟောစဉ်,အားထုတ်စဉ်ကို မိမိတို့လည်း အားထုတ်သိုပါသည်၊ သူတပါးတို့အားလည်း အားထုတ် စေလိုပါသည် ဆရာတော် ဦးကုမာရဘုရားဟု တောင်းပန် ကြသောကြောင့် ဟောစဉ် အကျဉ်းမျှ ကမ္မဋ္ဌာန သင်္ခေပ ကျမ်းဟု ရေးသားစီရင်ခဲ့ပါကြောင်း။

နောက်တဖန်ဆရာတော်ဘုရား ဟောပြီးသော သင်္ခေပ ကျမ်းကို အဓိပ္ပါယ်နှင့်တကွ သုတမယဉာဏ်ဖြင့် မှတ်ဘွယ်

# (၁) နိဒါန်း

အမျိုးမျိုးတို့ကို အကျယ်ဝိတ္ထာရအားဖြင့်သိရှိနားလည်ကာ အားထုတ်လိုပါ၍ တပည့်တော် မောင်ထွန်းမောင်, မောင်ထွန်းမြတ်, မောင်လပ်ပေါ်, မောင့်ချမ်းညိမ်း, မောင်သန်းမောင်, မောင်စံရွှေ, မောင်ချက်ကြီးစသော ဒါယကာ တစုတို့က လျှောက်ထား တောင်းပန်ကြပြန်သဖြင့် ကမ္မဋ္ဌာန ဝိတ္ထာရကျမ်းဟု ရေးသားစီရင်အပ်သော စာအုပ်ဖြစ်ပါသည်၊ ၎င်းစာအုပ်ကို ကြည့်ရှုမှတ်သားလိုသော ပုဂ္ဂိုလ်တို့သည် အမှားကိုပြင်၍ အမှန်ကိုသာ ဉာဏ်ဖြင့် ဆင်ခြင်ကာ မှတ်သားကြည့်ရှုရန် တောင်းပန်လိုက်ပါ၏သူတော်စင်တို့၊

အဘယ့်ကြောင့် တောင်းပန်ပါသနည်းဟူမူ-မိမိ၏မှတ်သားမိသမျှ ကျမ်းဂန်ကိုကြည့်ရှု၍ သိရှိနားလည်သမျှ ရေးသားရခြင်း၊ ဒါယကာ, ဒါယိကာမတို့၏ သိနိုင်သော အခြေအနေအားဖြင့် ရေးသားရခြင်း၊ ဉာဏ်နုသေးသော ပုဂ္ဂိုလ်တို့၏ အလို့ငှာသာလျှင် ရေးသားရခြင်း၊ တရားအားထုတ်ပုံ အစဉ်ကို သိလွယ်- မှတ်လွယ်- အားထုတ်လွယ်ခြင်းတို့ကိုသာ စိတ်အားထက်သန် ကရုဏာ စေတနာဖြင့် ရေးသားစီရင်အပ်သော စာအုပ်ဖြစ်ပါသည် သူတော်စင်တို့။

# မာတိကာ

=၀=


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ရှေးဦးစွာဆင်ခြင်ရန် | ၁ |
| ၂။ | ဉာဏ်သုံးမျိုးမှတ်ဘွယ် | ၅ |
| ၃။ | တဏှာ မိခင် မာနဖခင်မှတ်ဘွယ် | ၇ |
| ၄။ | ဒိဋ္ဌိအမျိုးမျိုးမှတ်ဘွယ | ၉ |
| ၅။ | ခန္ဓာငါးပါးမှတ်ဘွယ် | ၁၁ |
| ၆။ | အတွင်းသူလျှို ၆-ပါး အာယတနမှတ်ဘွယ် | ၁၄ |
| ၇။ | အပြင်သူလျှို ၆-ပါးအာယတနမှတ်ဘွယ် | ၁၅ |
| ၈။ | အတွေ့ဂါတ်ခြောက်ပါးမှတ်ဘွယ် | ၁၆ |
| ၉။ | အခံဂါတ်,အတိုက်ဂါတ်,အတွေ့ဂါတ်တို့၌ကျက်မှတ်ရန် | ၁၈ |
| ၁၀။ | သစ္စာ ၄-ပါးသုတမယဉာဏ်ဖြင့်မှတ်ဘွယ် | ၂၀ |
| ၁၁။ | အတွင်းဇာနည်ခြောက်ပါး | ၂၃ |
| ၁၂။ | အပြင်ဇာနည်ခြောက်ပါးမှတ်ရန် | ၂၄ |
| ၁၃။ | မိုလ်ငါးပါးသုတမယဉာဏ်ဖြင့်မှတ်ဘွယ် | ၂၆ |
| ၁၄။ | ဉာဏ်စဉ်မှတ်ရန် | ၂၇ |
| ၁၅။ | ဝိသုဒ္ဓိခုနစ်ပါးမှတ်ရန် | ၂၈ |
| ၁၆။ | အရိယာဉာဏ်မှတ်ဘွယ် | ၃၀ |
| ၁၇။ | သောတာပန်ဖြစ်နိုင်ကြောင်းမှတ်ရန် | ၃၂ |
| ၁၈။ | နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ပရိညာသုံးပါးမှတ်ဘွယ် | ၃၃ |
| ၁၉။ | သာသနာသုံးရပ်မှတ်ရန် | ၃၄ |
| ၂၀။ | ဇာတိသုံးမျိုးမှတ်ရန် | ၃၅ |
| ၂၁။ | ဝိပလ္လာသသန္တတိအစဉ်မှတ်ရန် | ၃၅ |

# (ဃ) မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂။ | အဒ္ဓကာလ,သန္တတိကာလ, ခဏိက ကာလမှတ်ရန် | ၃၀ |
| ၂၃။ | ပဌမကဏ္ဍ,ဒုတိယကဏ္ဍ,တတိယကဏ္ဍသုံးပါး | ၄၂ |
| ၂၄။ | ဒုတိယကဏ္ဍမှတ်သားရန် | ၅၂ |
| ၂၅။ | တတိယကဏ္ဍမှတ်သားရန် | ၅၇ |
| ၂၆။ | မဂ်လေးပါးအစဉ်အတိုင်းရသည်မှတ်ရန် | ၇၅ |
| ၂၇။ | အနာဂါမိ မဂ်ကိုရရှိသောပုဂ္ဂိုလ်မှတ်ရန် | ၇၇ |
| ၂၈။ | ရဟန္တာအဖြစ်သို့ရောက်ခြင်းမှတ်ရန် | ၈၂ |
| ၂၉။ | သစ္စာအနက် ၁၆- ချက်မှတ်ရန် | ၈၅ |
| ၃၀။ | သစ္စာလေးပါး၌ သစ္စ,ကိစ္စ,ကတဉာဏ်တို့မှတ်ရန် | ၈၉ |
| ၃၁။ | ဘာဝနာအားထုတ်စဉ်အတိုင်းပြန်ပြီးမှတ်သားရန် | ၉၁ |
| ၃၂။ | ပဌမကဏ္ဍ၌နိမိတ်အာရုံအစဉ်အတိုင်းပေါ်ထွက်လာပုံ | ၉၆ |
| ၃၃။ | ဒုတိယကဏ္ဍ၌ အစဉ်ဖြစ်ပေါ်လာပုံမှတ်ရန် | ၉၇ |
| ၃၄။ | တတိယကဏ္ဍ၌ အစဉ်ထူးမှတ်သားရန် | ၁၀၀ |
| | ဆုတောင်းပတ္ထနာ | ၁၀၃ |
| | နိဂုံး | ၁၀၄ |



# ကမ္မဋ္ဌာနပိဏ္ဍာရကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ၁။ ရှေးဦးစွာဆင်ခြင်ရန်

ဖေဏပိဏ္ဍူပမံ ရူပံ၊
ဝေဒနာ ပုပ္ဗုဠူပမာ။
မရီစိကူပမာသညာ၊
သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊
ဒေသိတာဒိစ္စဗန္ဓုနာ။ ။

ရူပံ၊ ရုပ်သည်။ ဖေဏပိဏ္ဍူပမံ၊ ရေမြှုပ်လျှင် ဥပမာရှိ၏။ ဝေဒနာ၊ ဝေဒနာသည်။ ပုပ္ဗုဠူပမာ၊ ရေပွက်လျှင် ဥပမာရှိ၏။ သညာ၊ သညာသည်။ မရီစိကူပမာ၊ တံလျှပ်လျှင် ဥပမာရှိ၏။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ကဒလူပမာ။ ငှက်ပျောဝုံးလျှင် ဥပမာရှိကုန်၏။ ဝိညာဏံ၊ ဝိညာဉ်သည်။ မာယူပမံ၊ မျက်လှည့်သမားလျှင် ဥပမာရှိ၏။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ အာဒိစ္စနွယ်ဘွား မြတ်စွာဘုရားသည်။ ဒေသိတာ၊ ဟောတော်မူအပ်၏။

ဟူသော ဓမ္မဒေသနာနှင့် အညီ၊ ရေမြှုပ်နှင့်တူသော ရူပက္ခန္ဓာ, ရေပွက်နှင့် တူသော ဝေဒနာက္ခန္ဓာ, တံလျှပ်နှင့် တူသောသညာက္ခန္ဓာ,ငှက်ပျောတုံးနှင့်တူသောသင်္ခါရက္ခန္ဓာ မျက်လှည့်သမားနှင့်တူသောဝိညာဏက္ခန္ဓာငါးခန္ဓာငါးပါး တို့တွင်ရေမြှုပ်နှင့်တူသောရူပက္ခန္ဓာသည် ကြေမွ ပျော်ပျက် တတ်သောကြောင့်၊ အနိစ္စသဘော ရှိပါတကား၊ ရေပွက် နှင့်တူသော ဝေဒနာက္ခန္ဓာသည် ဖေါင်းပွလာပြီး ပျောက် ပျက်သွားသလို သဘောရှိသောကြောင့် အနိစ္စပါတကား၊ တံလျှပ်နှင့် တူသော သညာက္ခန္ဓာသည် အရောင် အလင်း တွေ့ပြီးပျောက်သွားသလိုသဘောရှိခြင်းကြောင့် အနိစ္စပါ တကား၊ ငှက်ပျောတုံးနှင့် တူသော သင်္ခါရက္ခန္ဓာသည် ပုပ်ပွ၍တခုတခြားစီ ရောက်ပြီး ပျက်စီးတတ်သောကြောင့် အနိစ္စပါတကား၊ လူရုပ်,နတ်ရုပ်,တိရစ္ဆာန်ရုပ် အမျိုးမျိုး ဖြစ်၍ သုံးဆယ့်တဘုံမှာ မျက်လှည့်သမားလိုပြတတ်သော ဝိညာဏက္ခန္ဓာသည် ရုပ်သဏ္ဌာန်တမျိုးဖြစ်ပြီးလျှင် တမျိုး ပျောက်သွားတတ်သော သဘောကြောင့် အနိစ္စ သဘော ပါတကား။

ငါးခန္ဓာငါးပါးအပေါင်းတို့ဟာ နေပူ,လေပူ,အအေး မှစ၍ အနှိပ်စက်ခံရသလို ထို့အတူ ရာဂမီး, ဒေါသမီး, မောဟမီး, ဇာတိမီး, ဇရာမီး, မရဏမီး, သောကမီး, ပရိ ဒေဝမီး, ဒုက္ခမီး,ဒေါမနဿမီး, ဥပါယာသမီး၊ ဤတဆယ့် တပါးသောမီးတို့၏ အနှိပ်စက်ခံရသော သဘောကြောင့် ဒုက္ခဖြစ်သော ခန္ဓာငါးပါး ပါတကား၊ ငါးခန္ဓာငါး ပါးအပေါင်းဟာ မီးတဆယ့်တပါး၏အလောင်ခံရသည် ကိုအလိုမရှိသဖြင့် အလောင်ခံရခြင်း သဘောသည် မပိုင်

သောအနုတ္တသဘောပါတကား-ဟူ၍ လက္ခဏာယာဉ် သုံးပါး ထင်မြင် သဘောပေါက်ခဲ့လျှင် သစ္စာ လေးပါးကို သိမြင်နိုင်၍ အရိယာ အဖြစ်သို့ ရောက်နိုင်ပါ၏ ဟူ၍ အဓိပ္ပါယ်လာ၏။

ဤလိုမဟုတ်မူ၍ ယခုမိမိသန္တာန်မှာ နေ့တိုင်းဖြစ်နေသော စိတ်၏ အစဉ် သန္တတိ တို့တွင် မြင်ကောင်းသော အဆင်းအာရုံဟုဆိုအပ်သော ယောက်ျား,မိန်းမ,ငါ,သူငါ ဇီဝ-အသက်,ပုဂ္ဂိုလ်, သတ္တဝါ-ဟူသော ရူပါရုံအဆင်းနှင့် အတွင်း သူ့လျှိုတည်း ဟူသော မျက်လွှာ အတွင်း စက္ခုပသာဒအကြည်ဓါတ်ရုပ် နှစ်ပါးကို ဖဿက စပ်ပေးလိုက်သည့်အခါ ဇာတိတည်းဟူသော ရုပ်တရား နာမ်တရား ဖြစ်ပေါ်လာသည်ဟုမှတ်ရမှာ ဤလိုမမှတ်ဘဲ ယောက်ျား, မိန်းမ, ငါ,သူငါ,ဇီဝအသက်,ပုဂ္ဂိုလ်,သတ္တဝါ ဟု မှတ်လိုက်မိသည့်ကား အမှတ်မှားပြီး သညာဝိပလ္လာသ ဖြစ်၏။

ဤသို့မှတ်လိုက်သော် သိ၍နေခြင်းကလဲ ယောက်ျား, မိန်းမ,ငါ,သူငါ,ဇီဝ,အသက်,ပုဂ္ဂိုလ်,သတ္တဝါဟု သိလိုက်ထာကလဲ စိတ္တဝိပလ္လာသဖြစ်ပြန်၏၊ ဤသို့သိသဖြင့် အယူကလည်း ယောက်ျား,မိန်းမ,ငါ,သူငါ,ဇီဝ,အသက်,ပုဂ္ဂိုလ်, သတ္တဝါဟု အယူဖေါက်ပြန်မှန်၍ ဒိဋ္ဌိဝိပလ္လာသ ဖြစ်ပြန်တော့၏။ပရမာသဒိဋ္ဌိအာရုံဟုလည်းခေါ်ပါ၏၊ ယခုလိုဆိုခဲ့ခြင်းသည် ဟုတ်ပါ့မလား၊ မဟုတ်ဘူးလား ဆိုသည်ကို ဉာဏ်ဖြင့် သေချာစွာ စဉ်းစားလိုက်၊စဉ်းစား၍ ကြည့်ကြပါ၊ ယခုစက္ခုဒွါရတခုမှာပင်လျှင် မှတ်မှု,သိမှု, ဖေါက်ပြန်မှု, ဝိပလ္လာသဖြစ်သည်ကိုထောက်ဆ၍ကြည့်မည်ဆိုလျှင် နှိုးလာသည်ကစပြီးပြန်၍ အိပ်သည်တိုင်အောင် ဝိပလ္လာသ

တရားတို့ကို ရေတွက်ပိုင်းခြားပြီး ဤ၍ ဤလောက် ဖြစ်သည် ဟု သိနိုင်ပါမည်လော စဉ်းစားကြည့်ကြစမ်းပါ။

ထို့အတူ နားသောတဒွါရ ဝိပလ္လာသ သုံးပါး, နှာခေါင်းဃာန ဝိပလ္လာသ သုံးပါး,ဇိဝှါဝိပလ္လာသ သုံးပါး, ကာယဒွါရ ဝိပလ္လာသသုံးပါး, မနောဒွါရဝိပလ္လာသ သုံးပါး,ပေါင်းဝိပလ္လာသ တဆယ့်ရှစ်ပါးတို့သည် မိမိ၏သန္တာန်အစဉ်မှာ ဖြစ်နေသည်ကို သေချာစွာ ကြည့်ကြပါသဖြင့် ကြောက်စရာကောင်းလှစွာသော အဝိဇ္ဇာ မောဟကြောင့် ဝိပလ္လာသ အကုသိုလ်သင်္ခါရဖြစ်ပေါ်လာ၏၊ ၎င်းအကုသိုလ်သင်္ခါရ ဝိပလ္လာသ ကြောင့် ဝိပလ္လာသအကုသိုလ် ဝိညာဏ်ဖြစ်ပေါ်လာ၏၊ ဝိပလ္လာသ အကုသိုလ်ဝိညာဉ်စိတ်ကြောင့် ဝိပလ္လာသ အကုသိုလ် ဇာတိ ရုပ်-နာမ် ဖြစ်ပေါ်လာ၏၊ ဝိပလ္လာသ အကုသိုလ် ဇာတိ-ရုပ်နာမ်ကြောင့် ဝိပလ္လာသ အကုသိုလ်သဠာယတန ဖြစ်ပေါ်လာ၏၊ဝိပလ္လာသအကုသိုလ်သဠာယတနကြောင့် ဝိပလ္လာသအကုသိုလ်ဖဿ ဖြစ်ပေါ်လာ၏၊ဝိပလ္လာသ အကုသိုလ်ဖဿကြောင့် ဝိပလ္လာသ အကုသိုလ်ဝေဒနာ ဖြစ်ပေါ်လာ၏၊ဝိပလ္လာသအကုသိုလ်ဝေဒနာကြောင့် ဝိပလ္လာသ အကုသိုလ်တဏှာ ဖြစ်ပေါ်လာ၏၊ ဝိပလ္လာသအကုသိုလ် တဏှာကြောင့် ဝိပလ္လာသ အကုသိုလ်ဥပါဒါန်ဖြစ်ပေါ်လာ၏ ဟူ၍သတိထားပြီး မိမိ၏ကိုယ်ကို မိမိစဉ်းစား၍ကြည့်ကြပါကုန်။

## ၂။ ဉာဏ်သုံးမျိုးမှတ်ဘွယ်

ဉာဏ်သုံးမျိုးဟူသည်ကား- သုတမယဉာဏ်, စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ် ဟူ၍ သုံးပါးအပြားရှိ၏။ ထိုဉာဏ်သုံးပါးတို့တွင် သုတမယဉာဏ်၏ အဓိပ္ပါယ်ကား သဒ္ဒါနာတီတိသုတံ။ ။ယာဓမ္မဇာတံ၊ အကြင်သဘောတရားသည်၊ သဒ္ဒါနာတိ၊ အမှတ်ပြု၍ သိတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သာဓမ္မဇာတံ၊ ထိုသဘောတရားသည်။ သုတံ၊ သုတမည်၏-ဟုလာသောကြောင့်၊ ကျမ်းဂန် အမျိုးမျိုးမှ လာသော သဘောတရားတို့ကို သင်အံ မှတ်သား လေ့ကျက်၍မှတ်ခြင်း,ကြည့်ရှု၍မှတ်ခြင်း, ဆရာသမားများဟော ပြောပြသ၍မှတ်ခြင်း၊ ၎င်းမှတ်ခြင်းတို့ဖြင့် သဘောတရားတို့ကို မှတ်တတ်သောသဘောတရားသည် သုတဖြင့် မှတ်အပ်သော သုတမယဉာဏ်မည်၏၊ သုတစေတသိက် ဟုလည်းခေါ်ပါ၏။

စိန္တာမယဉာဏ်၏ အဓိပ္ပါယ်ကား- အာရမ္မဏံ စိန္တေတီတိ စိတ္တံ။ ။ယံ၊ ဉာဏံ၊ အကြင်ဝိညာဉ်သည်။ အာရမ္မဏံ၊ သုတမယဉာဏ်ဖြင့် မှတ်ခဲ့ပြီးသော အာရုံကို။ စိန္တေတိ၊ အထက်ကမှတ်ခဲ့ပြီးသည်ကို ပြန်လှန်စိတ်ကူးဖြင့် သိတတ်ကြံတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်၊ စိတ္တံ-စိတ်မည်၏။ ။အဓိပ္ပါယ်ကား- သုတဖြင့်မှတ်ခဲ့သည်ကို အစက အဆုံးတိုင်အောင် မှတ်ခဲ့သမျှ၏ ပရမတ်သဘောကို ယူပုံ ကြံပုံ အမျိုးမျိုးစဉ်းစားလျက် အောက်အထက် ပြန်လှန်ပြီး ကြံဆတွေးတော၍စိတ်ကူးဖြင့် ကြံစည်သိနေသောသဘော

တရားသည် စိန္တာမယဉာဏ်မည်၏၊ ဖိညာဉ် သိနေသည် လည်းမည်၏။

ဘာဝနာမယဉာဏ်၏ အဓိပ္ပါယ်ကား-ဘာဝိတဗ္ဗာတိ ဘါဝနာ။ ။ယာဝဓမ္မဇာတိ၊အကြင်သဘောတရားသည်။ဘာဝိ တဗ္ဗာ၊ပွားစေအပ်၏။ ။ဣတိတသ္မာ၊ထို့ကြောင့်။သာဝဓမ္မဇာ တိ၊ ထိုသဘောတရားသည်။ ဘာဝနာ၊ ဘာဝနာမည်၏။ အဓိပ္ပါယ်မှာ- အာနာပါနစသော ကမ္မဋ္ဌာန်းသဘောဖြင့် ပိုင်ပိုင်နိုင်နိုင် သုတမယဉာဏ်မှ မှတ်ခဲ့သကဲ့သို့ စိန္တာမယ ဉာဏ်ဖြင့် စိတ်ကူးတွေးတော၍ ရသည်ကို အဘန်ဘန်ပွား များအားထုတ်ခြင်းသည် ဘာဝနာမယဉာဏ်မည်၏၊ ပညာ စေတသိတ်ဟူ၍လည်းခေါ်၏၊

## ဆောင်ပုဒ်ကား

အသိဉာဏ်သုတ၊ မသိအစ၊ သိကာအဆုံး၊ကိစ္စတုံး၏။
မသိကာတပတ်ပတ်၊ သိမှ- အပြီးသတ်သည်။ မသိလျှင်
တွယ်၊ သိလျှင်ပြယ်သည်၊ တွယ်လျှင်လည်းဘေး၊ ပြယ်
လျှင် အေးသည် ဟုဆိုခဲ့သောစကားမှာ—

မသိဆိုသည်ကား-အဝိဇ္ဇာမောဟကိုပင်ဆိုသည်၊တွယ်ဆို သည်ကား-တဏှာကိုဆိုသည်၊ သိ-ဆိုသည်မှာ နာမ်,ရုပ်ကို အဟုတ်သိအမှန်သိ သိတတ်သော ဉာဏ်ကိုဆိုသည်၊ ပြယ် ဆိုသည်မှာ အဟုတ်အမှန်ကို သိသည့်အတွက် အဝိဇ္ဇာ တဏှာကင်းပြတ်သည်ကိုဆိုသည်၊ အသိဉာဏ် နှစ်မျိုးရှိ၏၊ ၎င်းနှစ်မျိုးတို့တွင် ပညတ်ကိုပယ်၍ ပရမတ္ထသဘောအသိ ဉာဏ်ကိုယူရမည်၊ သို့ဖြစ်ပါ၍ သုတမယဉာဏ်ဖြင့် အ

ဟုတ်အမှန်ကိုသိအောင်မှတ်၊ စိန္တာမယဉာဏ်ဖြင့် အဟုတ်အမှန်ပရမတ္ထသဘောအစစ်ကိုကြံ၊ ဘာဝနာမယဉာဏ်ဖြင့် အဟုတ်အမှန်ပရမတ္ထသဘောကိုတွေ့မြင်အောင်ပွားရမည်။

---

## ၄။ တဏှာမိခင် မာနဖခင် မှတ်ဘွယ်

ကာမေတဏှာတိကာမေ၊ ကာမတဏှာလဗ္ဘတိ။ ။ယာ တဏှာ၊ အကြင်တဏှာသည်။ ကာမေတိ၊ အာရုံခြောက်ပါး သာယာခြင်း၌ အလိုရှိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာတဏှာ၊ ထိုတဏှာသည်။ ကာမော၊ ကာမမည်၏။ ကာမ တဏှာ၊ သာယာတတ်သော ကာမတဏှာကို။ လဗ္ဘတိ၊ ရအပ်၏။

အဓိပ္ပါယ်မှာ- အဆင်းရူပါရုံ, အသံသဒ္ဒါရုံ, အနံ့ ဂန္ဓာရုံ, အရသာ ရသာရုံ, ကာယ ဖေါဋ္ဌဗ္ဗာရုံ, မနဓမ္မာရုံ၊ ၎င်းအာရုံခြောက်ပါး မိမိ၏ သန္တာန်၌ တည်၍နေသော အခါ ချစ်ခြင်း, နှစ်သက်ခြင်း, ခံစားလိုခြင်း, သာယာလို ခြင်းဟူသော အာရုံကို သာယာခြင်းသည်၊ ကာမ တဏှာ မည်၏။ ဘဝချမ်းသာအမျိုးမျိုး, နှစ်သက်ခြင်း တောင့်တ ခြင်း အမျိုးမျိုး, သဿတဒိဋ္ဌိနှင့် တကွဖြစ်သော သာယာ တောင်းတမှုသည် ဘဝတဏှာမည်၏၊ ခန္ဓာအမျိုးမျိုး, စည်းစိမ် ချမ်းသာ အမျိုးမျိုးတည်းဟူသော အကျိုးတရား ခံစားခြင်းကို သာယာတတ်သော ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ် သော သာယာမှုသဘောသည် ဝိဘဝတဏှာမည်၏။

၎င်းတဏှာသုံးမျိုးကို ဓမ္မစကြာ၌- သေယျထိဒံ၊ ကာမ တဏှာ ဘဝတဏှာ ဝိဘဝတဏှာ။ ။ဣဒံ သော တဏှာ ၏ လောဘတည်းဟူသော တဏှာသည်။ သေယျထာ

ကတမာ၊ အဘယ်နည်း။ ကာမတဏှာ၊ ရူပါရုံစသော ဝတ္ထု၊ ကာမကို တပ်တတ်သော ကာမတဏှာဝှင်း၊ ဘဝတဏှာ၊ သဿတဒိဋ္ဌိနှင့်တကွ တပ်တတ်သော ဘဝတဏှာဝှင်း၊ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ တပ်တတ်သော ဝိဘဝ တဏှာဝှင်း-ဟူ၍လာသည်ကို ထောက်ဆ၍သိကြပါလေ၊

## ဆောင်ပုဒ်ကား

ခြောက်ပါးတဏှာ၊ ကြောင်းရင်းမှာကား၊ နှစ်သက်တဏှာ၊ ချစ်မက်စွာဖြင့်၊ ဆင်းမှာလည်းကြိုက်၊ သံမှာစိုက်၍၊ ယနံ့ရှိုက်ရှု၊ လှိုက်လှိုက်ဆုမျှ၊ မပူမအေး၊ ချိုဆိမ့်ဆွေးသည့်၊ ခြောက်ရေးရသာ၊ အာဟာရကို၊ နှုညဆက်သွင်း၊ ဓါတ်ပင်ရင်းဟု၊ ကိုယ်တွင်လှုပ်ဆွ၊ တရှုရှုဖြင့်၊ ဖေါဋ္ဌဗ္ဗတွေ၊ အာရုံငွေ့ကို၊ စံ၍မပြီး၊ ရန်မက်ကြီး၍၊ ဖွဲ့စည်းမျောက်နှဲ၊ ဓိပ္ပုံမြဲ၏၊ သတ္တဝါများ၊ လူမိုက်များငယ်။ ။

အဲဒါကြောင့် ဋ္ဌီကာကျော်မှာလည်း လုဗ္ဘတီတိလောဘော၊ မက္ကဋလေပေါဝိယ၊ ။ယောသဘာဝေါ၊ အကြင် သဘောတရားသည်။ လုဗ္ဘတိ၊ ကပ်ငြိတွယ်တာတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ လောဘော၊ လောဘမည်၏။ မက္ကဋလေပေါဝိယ၊ မျောက်နှဲ့ စေကွဲ့သို့တည်း။ ။တဏှာ ကိလေသာပြီး၏။

**မာနဿ** အဓိပ္ပါယ်ကား- **သေယျောဟ** မသ္မီတျာဒိနာ မညတီတိ မာနော၊ သော ဥဏ္ဏတိလက္ခဏော။ (ဋီကာကျော်)။ အဟံ၊ ငါသည်၊ သေယျော၊ မြတ်သည်၊ အသ္မိ၊ ဖြစ်၏။ ဣတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်၊ ယောသဘာဝေါ၊ အကြင် သဘော တရားသည်၊ မညတိ၊ မှတ်ထင်တတ်၏၊ ဣတိ တသ္မာ၊ ထို့ကြောင့်၊ မာနော-မာနမည်၏။ **သော၊** ထိုမာနသည်။ ဥဏ္ဏတိ လက္ခဏော၊ တက်ကြွခြင်းလက္ခဏာရှိ၏။ **တထာဟေသ ကေတုကမျတာ ပစ္စုပဋ္ဌာနောတိ ဝုတ္တော၊** ။တထာဟိ တတောဧဝ၊ ထို့ကြောင့်သာလျှင်၊ သော သော၊ ထိုမာနကို။ **ကေတုကမျတာ ပစ္စုပဋ္ဌာနော**တိ၊မှန်ကင်းကဲ့သို့ ထောင်လွှားခြင်း လက္ခဏာရှိ၏ ဟူ၍။ **ဝုတ္တော၊**ဟောတော်မူအပ်၏။ ။အဓိပ္ပါယ်မှာ- **မာန**တရားသည် ငါမြက်သည်၊ငါတတ်သည်၊ငါကျင့်သည်၊ ငါအသိဆုံးဖြစ်သည်၊ မည်သူ့အောက်မှ နိမ့်ကျခြင်းမရှိ၊ ငါအဟုတ်အမှန်သိသည်၊ ငါသူများ၏ထံ နည်းယူဘို့ရာမရှိ၊ မှန်ကင်းကဲ့သို့ထောင်လွှားခြင်း လက္ခဏာရှိ၏။ဤကဲ့သို့သောသဘောကို မာနဟူ၍ မှတ်ပါလေ။ ။မာနပြီး၏။

---

## ၄။ ဒိဋ္ဌိအမျိုးမျိုးမှတ်ဘွယ်

ဒိဋ္ဌိအရာ၌ သက္ကာယဒိဋ္ဌိ, သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိစသော ဒိဋ္ဌိတို့၏ အရင်းမူလဒိဋ္ဌိ **အ**ဓိပ္ပါယ်ကား- **အ**တ္တဒိဋ္ဌိမူလကာ သဿတုစ္ဆေဒါဒယော။ မူလပဏ္ဏာသပါဠိတော်လာ၏။သဿတုစ္ဆေဒါဒယော၊ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ အစရှိကုန်သော ဒိဋ္ဌိ**အ**မျိုးမျိုးတို့သည်။ အတ္တဒိဋ္ဌိ

မူလကာ၊ အတ္တဒိဋ္ဌိလျှင်ဖြစ်ရာအမြစ်ရှိကုန်၏။ ဝါ၊ အတ္တဒိဋ္ဌိကြောင့်ဖြစ်ပေါ်လာကုန်၏။ (**အနက်။**)

**အ**ဓိပ္ပါယ်ကား- သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ **အစ** ရှိကုန်**သော** ခြောက်ဆယ်နှစ်ပါး**သော** ဒိဋ္ဌိ**အ**မျိုးမျိုးတို့သည် အတ္တဒိဋ္ဌိမှ ပေါက်ဖွားကုန်၏ဟုဆိုလိုသည်။ သဿတဒိဋ္ဌိ ဆိုသည်ကား-**အသက်သည့်** **အ**ကောင်သည် သေသော်လည်း **မ**ပျက်၊ ဘဝတပါးထွက်သွား ကူးပြောင်းသည် ဟူသော **အ**ယူကိုဆိုသည်။ ဥစ္ဆေဒဒိဋ္ဌိ ဆိုသည်မှာ- သေသည် ရှိသော် ပြတ်၏ ပျောက်၏ဟုဆို**သော**အယူကိုဆို**သည်**၊ အတ္တဆိုသည်ကား-နိစ္စ-မြဲလည်းမြဲ၏၊ သုခ-ချမ်းသာလည်း ချမ်းသာ၏။ **အ**ရှင်ဟူ၍ အကောင်ဟူ၍**လည်း**ဆို**ရ**၏၊ ထိုဝတ္ထုကို အတ္တ ဟုဆိုရ၏။

**အ**တ္တာတိပဿတီတိ**အ**တ္တဒိဋ္ဌိ။ ။**အ**တ္တာ ဣတိ၊ အတ္တာဟူ၍။ ဝါ၊ အကောင်ဟူ၍။ ပဿတိ၊ **မ**ဟုတ်တဲ့အလွဲသိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အတ္တဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ မည်၏။ ဝါ၊ သက္ကာယဒိဋ္ဌိ မည်၏။ ။တနည်း-သက္ကာယေ ပဝတ္တာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။ သက္ကာယေ၊ အဟုတ်ရှိသော နာမ်ရုပ်နှစ်ပါး အပေါင်း၌။ ပဝတ္တာ၊ ဖြစ်သော။ ဒိဋ္ဌိ၊ အတ္တဟူ၍မှားသော**အ**ယူတည်း။ **သ**က္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ မည်၏။ ဤ**သို့**လျှင်ပြည့်ရှင်မင်းကြီးနှစ်ပါးနှင့်တူသော**သ**ဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ နှစ်ဘွယ်ပြီး၏။

## ၅။ ခန္ဓာငါးပါးမှတ်ဘွယ်

**ရာသဋ္ဌေန**ခန္ဓ။ ။**ရာသဋ္ဌေန**၊ အစုဟူသော**အနက်**,အပေါင်းဟူသော**အနက်**ကြောင့်။ခန္ဓ၊ ခန္ဓာမည်၏။နှစ်ဆယ့် ရှစ်ပါးသောရုပ်တို့**သည် တပါး**တပါးစီ၌ အစုဟူသည် အပေါင်းဟူသည်ကား ယခုပစ္စုပ္ပန်ကာလ, လွန်ခဲ့သော အတိတ်ကာလ, **နောင်ဖြစ်လ**တံ့သော **အနာ**ဂတ်ကာလ, ယုတ်သောဟီနကာလ, မြတ်သော-ပဏီတကာလ, သိမ်မွေ့သော သုခုမကာလ, **ကြမ်း**သော ဩဠာရိက ကာလ, **ကိုယ်တွင်းအဇ္ဈတ္တသ**န္တာန်, ကိုယ်ပြင်ဗဟိဒ္ဓ**သ**န္တာန်, **ဝေး**သော ဒူရကာလ, နီးသော- **အာ**သန္နကာလ၊ ဤ**အစု**အပေါင်း ကာလ တဆယ့်တပါးဟူသော**အကြောင်း**ကြောင့် ခန္ဓာဟူ၍ ခေါ်ဆိုပါ**သည်**။ ။ရူပက္ခန္ဓာ**ဆိုသည်**မှာ- သီတုဏှာဒိဝိရောဓိပစ္စယေဟိ ဝိကာရံ **အာ**ပဇ္ဇတီတိရူပံ။ ယံ၊ **အကြင်သဘောတရား**သည်။ သီတုဏှာဒိဝိ**ရောဓိ** ပစ္စယေဟိ၊ **ဆန့်ကျင်ဘက်အ**ကြောင်းတို့ကြောင့်။ ဝိကာရံ၊ **ဖေါက်ပြန်**ခြင်းသို့၊အာပဇ္ဇတိ၊ ရောက်ကတ်၏၊ ဣတိတသ္မာ၊ ထို့**ကြော**င့်။ ရူပံ၊ ရုပ်မည်၏။

**အ**ကျဉ်းသိလွယ်ရန် ရုပ်ရှစ်ပါးပြပေအံ့။ မိမိ၏သန္တာန်မှာ ကြမ်းတန်းခိုင်မာ တောင့်တင်းသော **သ**ဘောကို ပထဝီဓာတ်ခေါ်၏။ စပ်၍ ဖွဲ့စီးယိုစီးစပ်နေသော သဘောကို အာပေါဓါတ်ရုပ် ခေါ်ပါ၏၊ မိမိကိုယ်မှာပူမှုသဘော,**အေး**မှုသဘောကို တေဇောဓာတ်ရုပ် ခေါ်ပါ၏၊ လှုပ်ရှား-တွန်းကန်ဖေါင်းပွနေသော သဘောကို ဝါယောဓါတ်ရုပ်

ခေါ်ပါ၏၊ မိမိ၏ကိုယ်မှာ ဖုင်းဓါတ်ကြီးလေးပါး ပေါင်း
ဆုံနေသောအခါ အဖြူ၊ အနီ စသော အဆင်း အ
မျိုးမျိုး ပေါ်ထွက် လာခြင်းသဘောကို ဝဏ္ဏရုပ်ခေါ်ပါ၏၊
အနံ့ အမျိုးမျိုးပေါ်ယွက်လာခြင်းကို ဂန္ဓရုပ် ခေါ်ပါ၏၊
ငန်ကြွက်စသော အရသာအမျိုးမျိုး ပေါ်ထွက်လာခြင်းကို
ရသာရုပ်ခေါ်ပါ၏၊ဓာတ်ရုပ်ကြီးလေးပါးကို ပေါများ-ပွား
စီးလာအောင် အားဖြေ့ပေးနေသော အစာအာဟာရ
အစေးကို ဩဇာ ရုပ်ခေါ်ပါ၏။ ။ဤကား အကျဉ်းမျှ
ရုပ်ရှစ်ပါးသဘောကိုပြလိုက်ပါ၏။ ဤသည်လျှင် ရူပက္ခန္ဓာ
သိခြင်း၏ သုတမယဉာဏ်ဖြင့်မှတ်ပါလေ။

ဝေဒနာက္ခန္ဓာကား- အာရမ္မဏရသံ ဝေဒယတိ အနု
ဘဝတီတိဝေဒနာ။ ။ယာဓမ္မဇာတိ၊ အကြင်သဘော
တရားသည်။ အာရမ္မဏရသံ၊အာရုံ၏အရသာကို၊ဝေဒယတိ
အနုဘဝတိ၊ အစဉ်ခံစားတတ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်။
သာဓမ္မဇာတိ၊ ထိုသဘောတရားသည်၊ ဝေဒနာ၊ဝေဒနာ
မည်၏။ အဓိပ္ပါယ်မှာ-မိမိ၏သန္တာန်မှာ အာရုံ တခုခုတည်
ဆဲခဏ၌ ကောင်းသည်၊ မကောင်းသည်၊ ချမ်းသာတယ်
ဆင်းရဲတယ်ဟုဖြစ်ပေါ်လာသောခံစားတတ်သောသဘော
တရားသည်ဝေဒနာမည်၏၊ တဆယ့်တပါးသောအပေါင်း
အစု အနက်ကြောင့် ခန္ဓာလည်းမည်၏ဟူ၍မှတ်လေ။

သညာက္ခန္ဓာကား-နီလာဒိဘေဒံ အာရမ္မဏံ သဉ္ဇာ
နာတိဘိသညာ။(ဋီကာ)ယာ၊အကြင်သဘောတရားသည်။
နီလာဒိဘေဒံ၊ အညိုအစရှိသော အပြားရှိသော၊ အာ
ရမ္မဏံ၊ အာရုံကို၊သဉ္ဇာနာတိ၊ အမှတ်ပြု၍ သိတတ်၏။

ဣတိတသ္မာ၊ ထို့ကြောင့်။ သညာ၊ သညာမည်၏။ တဆယ့်တပါးသော အပေါင်း အစုကြောင့် ခန္ဓာလည်းမည်၏။ အဓိပ္ပါယ်မှာ-မိမိ၏ သန္တာန်၌ ရောက်လာသော အာရုံကို အမှတ်ပြု၍ သိတတ်သော သဘောကြောင့် သညာက္ခန္ဓာ ခေါ်ပါ၏။

သင်္ခါရက္ခန္ဓာကား- သုတ္တန္တဘာဇနိယ၌ သင်္ခတမဘိသင်္ခရောန္တီတိသင်္ခါရာ။ ။ယာ၊ အကြင်သဘောတရားသည်။ သင်္ခတံ၊ ပြုပြင်စီရင်အပ်သော သင်္ခတတရားကို။ အဘိသင်္ခရောန္တိ။ ပြုပြင်စီရင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သင်္ခါရာ။ သင်္ခါရမည်ကုန်၏။ ဋီကာကျော်၌လည်း—ဝေဒနာ သညာ ဝဇ္ဇိတာ ဖဿာဒယော စေတသိကာ ဓမ္မာ သင်္ခါရာ။ ။ဝေဒနာ-သညာဝဇ္ဇိတာ၊ ဝေဒနာသညာသည် ကြဉ်အပ်ကုန်သော။ ဖဿာဒယော၊ ဖဿအစရှိကုန်သော၊ စေတသိကာဓမ္မာ။ ငါးဆယ်သော စေတသိတ် သဘောတရားတို့သည်။ သင်္ခါရာ၊ ရုပ်-နာမ်တို့ကို အာရုံတခု၌ စုပေါင်း၍ဖြစ်ပေါ်လာအောင် စေတနာ စေတသိက်က တိုက်တွန်း စေ့ဆော်ပေးလိုက်ခြင်း, ဖဿ စေတသိက်က အာရုံနှင့် ပသာဒရုပ်ကို စပ်၍ ပေးလိုက်ခြင်း, ဧကဂ္ဂတာ စေတသိက်- အခိုက် အတန့် ခဏမှာ အာရုံနှင့် တကွ စေတသိက်အစုကို တည်ရှိနေအောင် ပြုပြင်ပေးလိုက်ခြင်း စသည်တို့သည် သင်္ခါရက္ခန္ဓာမည်၏။

ဝိညာဏက္ခန္ဓာကား- အာရမ္မဏံ ဝိဇာနာတီတိ ဝိညာဏံ။ ဝိညာဏမေဝခန္ဓော ဝိညာဏက္ခန္ဓော ။ယံစိတ္တံ၊ အကြင်စိတ်သည်။အာရမ္မဏံ၊အာရုံကို။ဝိဇာနာတိ၊သိတတ်ကြတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိညာဏံ၊ သိတတ်

ကြီးတတ်သော- ဝိညာဉ်စိတ်မည်၏။ ဝိညာဏမေသ၊ဝိညာဉ် စိတ်သည်သာလျှင်။ ခန္ဓော၊ တဆယ့်တပါးသော အပေါင်း အစုမည်၏။ ဝိညာဏက္ခန္ဓော၊ဝိညာဉ်သည်သာလျှင် တဆယ့် တပါးသောအပေါင်းအစုခန္ဓာ။ အဓိပ္ပါယ်ကား- သိတတ် ကြီးတတ်သော အပေါင်းအစု-ပရမတ်သဘောသည် ဝိညာ ဏက္ခန္ဓာမည်၏။

---

## ၆။ အတွင်းသူလျှို ၆-ပါး အာယတနမှတ်ဘွယ်

မျက်စိခုနစ်လွှာ အလယ်အလွှာ၌တည်သော အကြည် ရုပ်သဘော ပရမတ်အခံဓါတ်ရုပ်ကို စက္ခုပသာဒရုပ် ဟု ခေါ်ပါသည်၊ ကြေးနီကွင်းသဏ္ဍာန် နား-အတွင်း၌ တည် သော အကြည်ရုပ်သဘောပရမတ်- အခံဓါတ်ရုပ်ကို သော တပသာဒရုပ်ဟု ခေါ်ပါသည်၊ နှာခေါင်းအတွင်း ဆိတ် ခွာသဏ္ဍာန်၌တည်သော အကြည်ရုပ်သဘောပရမတ်-အခံ ဓါတ်ရုပ်ကို ဃာနပသာဒ ရုပ်ဟုခေါ် ပါသည်၊ ညောင် ရွက်ဖျားသဏ္ဍာန်- လျှာလယ်၌ တည်သော အကြည်ရုပ် သဘောပရမတ်အခံဓါတ်ရုပ်ကို ဇိဝှာပသာဒ ရုပ်ဟုခေါ် ပါသည်၊ ပသာဒရုပ်ငါးခုမှကြွင်းသော အထက် အောက် တကိုယ်လုံး၌တည်သော အကြည်ရုပ်သဘောပရမတ် အခံ ဓါတ်ရုပ်ကို ကာယပသာဒရုပ်ဟု ခေါ်ပါသည်၊ ရင်လယ် အချိုင့်-ပဋိသန္ဓေတဆယ့်ကိုးပါးသောစိတ်နှင့် ရော၍ တည် သော- အကြည်ဝတ္ထုရုပ်သဘောပရမတ် အခံဓါတ်ရုပ်ကို ဟဒယဝတ္ထုရုပ်ဟုခေါ်ပါသည်၊ ၎င်း(၆)ပါးသည်အတွင်း သူလျှိုမှတ်။

## ၇။ အပြင်သူလျှို ၆-ပါးအာယတနမှတ်ဘွယ်

မျက်စိခုနစ်လွှာ အလယ်လွှာ၌တည်သော စက္ခုပသာဒရုပ်ကို **အဆင်းအ**မျိုးမျိုးဖြင့်မြင်နိုင်**အောင် သွား**၍ တိုက်တက်သော အကြည်ရုပ်သဘောပရမတ်ကို ရူပါရုံ**အတိုက်ဓါတ်**ခေါ်ပါ၏။ ကြေးနီကွင်းသဏ္ဌာန် နား**အတွင်း**၌တည်သော သောတပသာဒရုပ်**ကို အသံအ**မျိုးမျိုးဖြင့် **ကြား**နိုင်အောင် **သွား**၍တိုက်တက်**သော** အကြည်ရုပ် **သ**ဘော ပရမတ်ကို သဒ္ဒါရုံ**အတိုက်**ဓါတ်ခေါ်ပါ၏။

နှာ**ခေါင်းအတွင်း** ဆိတ်ခွါသဏ္ဌာန်၌တည်**သော** ဃာနပသာဒရုပ်ကို **အနံ့အ**မျိုးမျိုးဖြင့် နံနိုင်အောင် သွား၍ တိုက်တက်သော အကြည်ရုပ်သဘော ပရမတ်ကို ဂန္ဓာရုံ အတိုက်ဓါတ်ခေါ်ပါ၏။**ညောင်**ရွက်**ဖျား**သဏ္ဌာန်လျှာလယ်ခေါင်၌တည်**သော** ဇိဝှာပသာဒရုပ်ကို ချို,ချဉ်,ဖန်,ခါး,စပ်,ငန်,**အ**ရသာခြောက်မျိုးတို့တွင် တမျိုးမျိုးသော**အ**ရသာ ပေါ်လာနိုင်အောင် **တိုက်**တက်သော **အ**ကြည်ရုပ်သဘော ပ**ရမ**တ်ကို ရသာရုံအတိုက်ဓါတ်ခေါ်ပါ၏။

ပသာဒရုပ်ငါးခုမှကြွင်း**သော** အထက်**အော**က်တကိုယ်လုံး၌တည်**သော** ကာယပသာဒရုပ်ကို တွေ့ထိကောင်း**သော** **အာ**ရုံ **အ**မျိုးမျိုး, ဝတ္ထု အမျိုးမျိုး **သ**ဘောပရမတ်ကို၊ ဖေါဋ္ဌဗ္ဗာရုံ**အတိုက်ဓါတ်** ခေါ်ပါ**သ**ည်၊ သိမ်မွေ့နူးညံ့ သော၊ ၁၆-ပါး**သော**-သုခုမရုပ်**သဘော**ပရမတ်, ၅၂ ပါး **သော**စေတသိက်**သဘော**ပရမတ်,၈၉-ပါး**သာ**ဝိညာဉ်စိတ် ပရမ**တ်**, နိဗ္ဗာန်သဘောပရမ**တ်**, နာမ်ရုပ်တို့ **အ**သစ်ကြီးမှု,

အဟောင်းပြန်အောက်မေ့မှုတို့ ဖြစ်လိုသောအခါ၊ ဟဒယဝတ္ထုဩ်တိုက်တတ်သော-သဘောအစုတို့ကို ဓမ္မာရုံ-ရုပ်နာမ် အတိုက်ဓါတ်ခေါ်ပါသည်။

---

## ၈။ အတွေ့ဓါတ်ခြောက်ပါးမှတ်ဘွယ်

အခံဓါတ်အကြည်စက္ခုပသာဒနှင့်အတိုက်ဓါတ်အကြည် ရူပါရုံကို စပ်ပေးတတ်သော ဖဿနာမ် စေတသိက် သဘောက စပ်ပေးလိုက်တော့ ပဉ္စဒွါရာဝဇ္ဇန်း စိတ်က-ဆင်ခြင်၊ သမ္ပဋိစ္ဆိုင်းစိတ်က-ခံလင့်၊ သန္တီရဏ စိတ်က-စုံစမ်း၊ ဝုဋ္ဌောစိတ်က-မှတ်၊မျက်စိဖွင့်ကြည့်လိုက်သောအခါ မြင်လာသော သဘောပရမတ်ကို စက္ခုဝိညာဉ်စိတ်အတွေ့ ဓါတ် ဟုခေါ်သည်။

အခံဓါတ် အကြည်သောတပသာဒ၌ အပြင်အတိုက်ဓါတ် သဒ္ဒါရုံအသံနှင့် စပ်တတ်သော ဖဿသဘောက-စပ်ပေး လိုက်တော့ ပဉ္စဒွါရာဝဇ္ဇန်းစိတ်က-ဆင်ခြင်၊ သမ္ပဋိစ္ဆိုင်း စိတ်က-ခံလင့်၊ သန္တီရဏ စိတ်က-စုံစမ်း၊ ဝုဋ္ဌောစိတ်က မှတ်သိ၊နားဖြင့် အသံကို နားထောင်၍ ကြားလိုက်သော သဘောကို သောတ ဝိညာဉ်စိတ်အတွေ့ဓါတ်ဟု ခေါ်ပါ သည်။

အခံဓါတ်အကြည်ဃာနပသာဒ၌- အပြင်အတိုက်ဓါတ် ဂန္ဓာရုံနှင့် စပ်ပေးတတ်သော ဖဿစေတသိက်သဘောက- စပ်လိုက်တော့ ပဉ္စဒွါရာဝဇ္ဇာန်းက-ဆင်ခြင်၊ သမ္ပဋိစ္ဆိုင်း စိတ်က-ခံလင့်၊ သန္တီရဏစိတ်က-စုံစမ်း၊ ဝုဋ္ဌောစိတ်က-

မှတ်သိ၊ နှာခေါင်းဖြင့်အနံ့ ကိုရှူလိုက်သောသဘောကို ဃာနဝိညာဉ်အတွေ့ဓါတ်ဟု ခေါ်ပါသည်။

အခံဓါတ်အကြည်ဇိဝှါပသာဒ၌ အပြင်အတိုက်ဓါတ်ရသာရုံနှင့်စပ်ပေးတတ်သော ဖဿစေတသိက်က- စပ်ပေးလိုက်တော့ ပဉ္စဒွါရာဝဇ္ဇန်းက- ဆင်ခြင်၊ သမ္ပဋိစ္ဆိုင်း စိတ်က ခံလင့်။ သန္တီရဏက-စုံစမ်း၊ ဝုဋ္ဌောက-မှတ်၊ ရသာရုံဟု ဆိုအပ်သော-အရသာတပါးပါးကိုလျက်လိုက်သော သဘောကိုဇိဝှါဝိညာဉ်အတွေ့ဓါတ်ဟုခေါ်ပါ၏။

အခံဓါတ် အကြည်ကာယပသာဒ အပြင် အတိုက်ဓါတ် ဖေါဋ္ဌဗ္ဗာရုံနှင့် စပ်ပေးတတ်သော ဖဿက- စပ်ပေးလိုက်တော့ ပဉ္စဒွါရာဝဇ္ဇန်းက-ဆင်ခြင်၊ သမ္ပဋိစ္ဆိုင်းက-ခံလင့်။ သန္တီရဏက-စုံစမ်း၊ ဝုဋ္ဌောကမှတ်၊ ဖေါဋ္ဌဗ္ဗာရုံက-တွေ့သိလိုက်သောသဘောကို ကာယဝိညာဉ်စိတ် အတွေ့ဓါတ်ဟု ခေါ်ပါသည်။

အခံဓါတ်အကြည်ဟဒယဝတ္ထု၌အပြင်အတိုက်ဓါတ်ဓမ္မာရုံနှင့်၊ စပ်ပေးတတ်သော ဖဿစေတသိက်က- စပ်ပေးလိုက်တော့ ဝုဋ္ဌောစိတ်က-မှတ်၊ ဓမ္မာရုံက ဟဒယဝတ္ထုရုပ်ကို သွားတိုက်လိုက်သောအခါ မနောနှလုံး၌သိခြင်း- မနောဝိညာဉ်ဓါတ်သဘောကို မနောဓါတ်, မနောဝိညာဏစိတ် အတွေ့ဓါတ်ဟုခေါ်၏။

M. 300-5

## ၈။ အခံဓါတ်-အတိုက်ဓါတ်-အတွေ့ဓါတ်တို့၌ ကျက်မှတ်ရန်

**စက္ခုဉ္စ** ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။ ။**စက္ခုဉ္စ**၊ စက္ခုပသာဒရုပ်ဓါတ်ကိုလည်းကောင်း။ ရူပေစ၊ **အဆင်းသဏ္ဌာန်ဟူသော** ရူပါရုံဟုဆို**အပ်သော**ရုပ်ဓါတ်ကိုလည်းကောင်း။ ပဋိစ္စ၊ စွဲ၍။ **စက္ခု**ဝိညာဏံ၊ စက္ခုဝိညာဉ်ဟု **ဆိုအပ်**သော-နာမ်ဓါတ်**သည်**။ ဥပ္ပဇ္ဇတိ။ ဖြစ်ပေါ်လာ**၏**။ တိဏ္ဏံ၊ စက္ခုပသာဒရုပ်ဓါတ်, ရူပါရုံရုပ်ဓါတ်, **စ**က္ခုဝိညာဉ်နာမ်ဓါတ်သုံးပါးတို့၏။ **သင်္ဂ**တိ၊ ပေါင်းဆုံ-စည်းဝေး-လုံးထွေး- ထိခိုက်မှု**သည်**။ ဖဿော-ဖဿ မည်၏။ ဖဿပစ္စယာ၊ ဖဿဖြစ်ပေါ်လာမှုကြောင့်။ ဝေဒနာ၊ ခံစားမှုဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်**လာ၏**။

**သောတဉ္စ** ပဋိစ္စ **သဒ္ဒေစ** ဥပ္ပဇ္ဇတိ **သောတဝိညာဏံ**၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။ ။**သော**တဉ္စ၊ **သောတပသာဒဟု ဆိုအပ်သော** ရုပ်ဓါတ်ကိုလည်းကောင်း။ သဒ္ဒေစ၊ **အသံအမျိုးမျိုးဟူသော-သ**ဒ္ဒါရုံဟုဆိုအပ်**သော** ရုပ်ဓါတ်ကိုလည်းကောင်း။ ပဋိစ္စ၊ စွဲ၍။ **သော**တဝိညာဏံ၊ **သော**တဝိညာဉ်ဟုဆို**အပ်သော**နာမ်ဓါတ်**သ**ည်။ ဥပ္ပဇ္ဇတိ။ ဖြစ်ပေါ်**လာ၏**။ တိဏ္ဏံ၊ **သောတ**ပသာဒရုပ်ဓါတ်, သဒ္ဒါရုံရုပ်ဓါတ်, သော ဝိညာဉ်ဟူသော နာမ်ဓါတ်သုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံ **စည်းဝေး**-လုံးထွေး-ထိခိုက်မှု**သည်**။ ဖဿော၊ ဖဿမည်၏။ ဖဿပစ္စယာ၊ ဖဿဖြစ်ပေါ်မှုကြောင့်။ ဝေဒနာ၊ **ခံစားမှု**ဝေဒနာသည်။ သမ္ဘဝတိ၊ **ဖြစ်၏**။

ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ၊ တိဏ္ဏံ

သင်္ဂတိ ဖဿော၊ဖဿပစ္စယာဝေဒနာ။ ။ဃာနဉ္စ၊ဃာနပသာဒရုပ်ဓါတ်ကိုငှင်း။ ဂန္ဓေစ၊ အနံ့တည်းဟူသော-ဂန္ဓာရုံရုပ်ဓါတ်ကိုငှင်း။ပဋိစ္စ၊ စွဲ၍။ဃာနဝိညာဏံ၊ ဃာနဝိညာဉ်ဟုဆိုအပ်သော- နာမ်ဓါတ်သည်။ ဥပ္ပဇ္ဇတိ။ ဖြစ်ပေါ်လာ၏။ တိဏ္ဏံ။ ဃာနပသာဒရုပ်ဓါတ်, ဂန္ဓာရုံရုပ်ဓါတ်, ဃာနဝိညာဉ်ဟူ သော နာမ်ဓါတ် သုံးပါးတို့၏။ သင်္ဂတိ။ပေါင်းဆုံ၊ စည်းဝေး- လုံးထွေး-ထိခိုက်မှုသည်။ဖဿော၊ ဖဿမည်၏။ ဖဿပစ္စယာ၊ ဖဿတရားဖြစ်ပေါ်မှုကြောင့်။ ဝေဒနာ၊ခံစားမှု ဝေဒနာသည်။သမ္ဘဝတိ၊ ဖြစ်ပေါ်လာ၏။

ဇိဝှါစ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာဝေဒနာ။ ။ဇိဝှါစ၊ ဇိဝှါပသာဒရုပ်ဓါတ်ကိုငှင်း။ရသေစ၊ ခြောက်မျိုးသော-ရသာရုံဟုဆိုအပ်သောရုပ်ဓါတ်ကိုငှင်း။ပဋိစ္စ၊ စွဲ၍၊ ဇိဝှါဝိညာဏံ၊ ဇိဝှါဝိညာဉ်ဟု ဆိုအပ်သောနာမ်ဓါတ်သည်။ဥပ္ပဇ္ဇတိ။ ဖြစ်ပေါ်လာ၏။တိဏ္ဏံ။ဇိဝှါပသာဒရုပ်ဓါတ်,ရသာရုံရုပ်ဓါတ်, ဇိဝှါဝိညာဉ် နာမ်ဓါတ်ဟူသော သုံးပါးသောဓါတ်တို့၏။ သင်္ဂတိ။ ပေါင်းဆုံ- စည်းဝေး လုံးထွေး- ထိခိုက်မှုသည်။ ဖဿော၊ဖဿမည်၏။ဖဿပစ္စယာ။ ဖဿ နာမ်ဓါတ်ကြောင့်၊ ဝေဒနာ။ ဝေဒနာ- နာမ်တရားသည်။ ဝါ၊ ခံစားမှုသည်။ သမ္ဘဝတိ၊ဖြစ်ပေါ်လာ၏။

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာဝေဒနာ။ ။ကာယဉ္စ၊ ကာယပသာဒရုပ်ဓါတ်ကိုငှင်း။ဖောဋ္ဌဗ္ဗေစ၊ ဖောဋ္ဌဗ္ဗာရုံ ရုပ်ဓါတ်ကိုငှင်း။ ပဋိစ္စ၊ စွဲ၍။ ကာယဝိညာဏံ၊ ကာယဝိညာဉ်ဟုဆိုအပ်သော နာမ်ဓါတ်သည်။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ တိဏ္ဏံ။

ကာယပသာဒဟုဆိုအပ်သော ရုပ်ဂါတ်, ဖေါဋ္ဌဗ္ဗာရုံဟုဆို အပ်သောရုပ်ဂါတ်, ကာယဝိညာဉ် ဟုဆိုအပ်သော-နာမ်ဂါတ် သုံးပါးအပေါင်းတို့၏။သင်္ဂတိ။ ပေါင်းဆုံ-စည်းဝေး-လုံးထွေး-ထိခိုက်မှုသည်။ဖဿော၊ ဖဿမည်၏၊ဖဿပစ္စယာ။ ဖဿတရား၏ ဖြစ်ပေါ်မှုကြောင့်။ ဝေဒနာ၊ ခံစားမှုဟူသော ဝေဒနာတရားသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လာ၏။

မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။ ။မနဉ္စ။မနောဂါတ်ကိုငင်း။ ဓမ္မေစ၊ဓမ္မာရုံကိုငင်း။ ပဋိစ္စ၊ စွဲ၍။ မနောဝိညာဏံ၊မနောဝိညာဏဂါတ်သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။တိဏ္ဏံ၊ မနောဂါတ်, ဓမ္မာရုံဂါတ်, မနောဝိညာဏဂါတ်ဟု ဆိုအပ်သော ဂါတ်သုံးပါးတို့၏။သင်္ဂတိ၊ ပေါင်းဆုံစည်းဝေး- လုံးထွေး-ထိခိုက်ခြင်းသည်။ ဖဿော၊ ဖဿတရားမည်၏။ ဖဿပစ္စယာ၊ဖဿတရားဖြစ်ပေါ်လာမှုကြောင့်။ဝေဒနာ၊ခံစားမှု ဝေဒနာတရားသည်။ သမ္ဘဝတိ၊ဖြစ်ပေါ်လာ၏။ အခံဂါတ်, အတိုက်ဂါတ်,အတွေ့ဂါတ်၊ငင်း ၃-ပါးကို ကျက်ထားပါ။

## ၁၆။ သစ္စာ ၄-ပါးသုတမယဉာဏ်ဖြင့်မှတ်ဘွယ်

သန္တတိသစ္စာ,သမုတိသစ္စာ, ခဏိကသစ္စာဟူ၍ သုံးပါး အပြားရှိ၏၊ ငင်းသုံးပါးတို့တွင် သန္တတိသစ္စာကား- လွန်ခဲ့ ပြီးသော တိကာလ ရုပ်ဂါရုံစသော-ဝတ္ထု၊ ကာမအာရုံ ကို နှစ်သက်-သာယာတက်သော တဏှာလောဘသည်သမု ဒယသစ္စာမည်၏၊ ငင်းသမုဒယသစ္စာကို သန္တတိသမုဒယ

သစ္စာဟုလည်း ခေါ်ပါ၏၊ ၎င်းသန္တတိသမုဒယသစ္စာဟူသော အကြောင်းကြောင့် ယခုဘဝ အစဉ်မှာအကျိုး ရုပ်-နာမ်-ဇာတိတည်းဟူသော အိုဘေး, နာဘေး, သေဘေး, ပရိဒေဝဘေးစသော ဒုက္ခအမျိုးမျိုး ပေါ်နေခြင်းကိုသန္တတိဒုက္ခသစ္စာဟုခေါ်ဆို၏။

ယခု ပစ္စုပ္ပန်ဘဝ သန္တတိအစဉ်ပေါ်မှာ ကျရောက်လာသော ရုပ်ရုံစသော အာရုံခြောက်ပါးဖြင့် ကိလေသာကာမ, ဝတ္ထုကာမတို့ကို သာယာမှု, တပ်နှစ်သက်မှု မဖြစ်ပေါ်လာနိုင်အောင် ၎ မထ-ဝိပဿနာတို့နှင့် ပယ်ရှားစွန့်ပစ်နိုင်အောင် စောင့်ရှောက်ထိန်းသိမ်း၍ လောဘတဏှာချုပ်ငြိမ်းမှုကို သန္တတိနိရောဓသစ္စာဟုခေါ်ပါ၏၊ ၎င်းအကြောင်းသမုဒယသစ္စာချုပ်ငြိမ်းမှုကြောင့် နောက်အစဉ်ဖြစ်လာမှု အကျိုးဒုက္ခသစ္စာမဖြစ်ပေါ်လာနိုင်တော့ချေ၊ ၎င်းအကြောင်းသမုဒယသစ္စာချုပ်ငြိမ်း, အကျိုးဒုက္ခသစ္စာချုပ်ငြိမ်းမှုကို ကွက်ကွက်ကွင်းကွင်းမြင်၍ ပေါ်ထွက်လာခြင်းကိုအကြောင်းနှင့်အကျိုး,သမုဒယသစ္စာနှင့်ဒုက္ခသစ္စာချုပ်ငြိမ်း၏ခေါ်ပါ၏။ ၎င်းအကြောင်း သမုဒယသစ္စာ, အကျိုးဒုက္ခသစ္စာ-နှစ်ပါးချုပ်ငြိမ်းခြင်းကိုပညာဉာဏ်အားဖြင့်ပရမတ်ဆတ်ဆတ်ပေါ်ထွက်သိမြင်ခြင်းကို။ နိဗ္ဗာန်ဟု ဆိုအပ်သော သန္တတိနိရောဓသစ္စာဟုခေါ်ပါသည်။

ဤသန္တတိအစဉ်၌ သမုဒယသစ္စာ,ဒုက္ခသစ္စာ-ချုပ်ငြိမ်းမှု-နိဗ္ဗာန်အစစ်သဘောပရမတ်ကို မြင်လာနိုင်ခြင်းကို သမ္မာဒိဋ္ဌိမဂ္ဂင်ခေါ်၏။နိဗ္ဗာန်ကိုမြင်နိုင်အောင် ကြံဆ-တွေးတောပညာမျက်စိဖြင့်မြင်နိုင်ခြင်းသည် သမ္မာသင်္ကပ္ပမဂ္ဂင်ဟု ခေါ်ပါ၏။ ၎င်းနိဗ္ဗာန်ကိုမြင်နိုင်သောအခါ ဝစီဒုစရိုက်ကင်း

လွတ်သဖြင့် သမ္မာဝါစာမဂ္ဂင်ဟုခေါ်ပါသည်၊ ၎င်းနိဗ္ဗာန်ကို မြင်သော အခါ ကောင်းမြတ်သော အမှုကို ရှက်ဆောင် တည်လျက်ရှိပါသောကြောင့် သမ္မာကမ္မန္တမဂ္ဂင်ဟုခေါ်ပါ သည်၊ ၎င်းနိဗ္ဗာန်ကို မြင်သောအခါ သမုတိ ပညတ်ဖြင့် ကောင်းစွာအသက်ရှည်လျက်တည်လျက်နေသည်ကို သမ္မာ အာဇီဝမဂ္ဂင်ဟုခေါ်ပါသည်။

ရုပ်,နာမ် နှစ်ခုချုပ်ငြိမ်းသည်တိုင်အောင် ခဏာယ်တိုင်း မပြတ်အောက်မေ့နေခြင်းကို သမ္မာသတိမဂ္ဂင်ဟု ခေါ်ပါ သည်၊ ရုပ်နာမ်နှစ်ရပ်ချုပ်ငြိမ်းရပ်ပြီးသွားသလို ဘာမှရှာ မတွေ့အောင် နိဗ္ဗာန်သဘောပရမတ်ဆတ်ဆတ်ရှုမြင်လျက် တည်နေခြင်းကို သမ္မာသမာဓိမဂ္ဂင်ဟုခေါ်ပါသည်၊ ၎င်းဆိုခဲ့ ပြီးသောအစဉ်တို့ကိုမြင်နေခြင်းကို သန္တတိသစ္စာခေါ်ပါ၏၊ ခေါ်ဝေါ်စရာအမည်သမုတ်၍ ခေါ်ဝေါ်ရာ ဖြစ်ခြင်းကြောင့် သမုတိသစ္စာဟူ၍လည်း ခေါ်ပါ၏။ သန္တတိသစ္စာ,သမုတိ သစ္စာ ပြီး၏။

ခဏိက သစ္စာကား- ယခု သန္တတိအစဉ်ဟုဆိုအပ်သော အစဉ်ဖြစ်ပေါ်မှု၌ ခဏတိုင်းခဏတိုင်းအစဉ်မှာ ရူပါရုံ စသော ကာမဝတ္ထု, ကိလေသာ-သာယာမှုဖြင့် ကျရောက် ဖြစ်ပေါ်လာသော တဏှာလောဘသည် ခဏိက သမုဒယ သစ္စာမည်၏။ ၎င်းအကြောင်း သမုဒယ သစ္စာကြောင့် ဖြစ် ပေါ်ထွက်လာသော ရုပ်-နာမ် ဇာတိအကျိုး အမျိုးမျိုး ဆင်းရဲခြင်းသည် အကျိုးခဏိက ဒုက္ခသစ္စာမည်၏။ ။၎င်း အကျိုး-ရုပ်-နာမ်-ခဏတိုင်း ခဏတိုင်းမှာ ဝိပဿနာညာဏ် ကြောင့် သာယာနှစ်သက်ခြင်း-ကင်းပြတ်,အကျိုးဆင်းရဲခြင်း ဒုက္ခမှလွတ်မြောက်, ရုပ်-နာမ်-ချုပ်ငြိမ်းပျောက်သွားခြင်း

သည် နိဗ္ဗာန်သဘောဟုဆိုအပ်သော နိရောဓခဏိကသစ္စာ မည်၏ ငင်းခဏာတိုင်းခဏာတိုင်းမှာဝိပဿနာဉာဏ်ကြောင့် အကြောင်းသမုဒယသစ္စာ, အကျိုးဒုက္ခသစ္စာ- သဘောမှ လွတ်၍ နိဗ္ဗာန်သဘောပရမတ်ကို မြင်နိုင်ခြင်း၏အကြောင်း သည် သမ္မာဒိဋ္ဌိမဂ္ဂင်စသည်မည်၏။ သိ-ပယ်-ဆိုက်-ပွား လေးပါးကိစ္စပြီး၏။

---

## ၁၁။ အတွင်းဇာနေ္ဒြခြောက်ပါး

စက္ခုနေ္ဒြ၏ ဥပမာကား-လင်းနို့ကြွက်စသော ညဉ့်အခါ ကျက်စားသွားလာသော သတ္တဝါတို့သည် နေ့ကိုကျက်စား သွားလာသော လူ,ငှက်စသော သတ္တဝါတို့က သတ်ဖြတ် ညှဉ်းဆဲ ရိုက်ပုတ်မည်ကြောက်လှသဖြင့် နေ့ခင်းကိုမထွက်ရဲ သလို ဥပမေယျကား ထို့အတူ စက္ခုပသာဒရုပ်ကို အပြင် ရူပါရုံနှင့် စပ်ဆက်ပေါင်းဘော်မိသော် လောဘစသော ကိလေသာတို့ကို ကြောက်သောအားဖြင့် အပြင် အာရုံ မကျက်စားမဝင်နိုင်အောင်စောင့်ရှောက်ခြင်းသည် အတွင်း စက္ခုနေ္ဒြမည်၏ဟုမှတ်။

သောတိနေ္ဒြ၏ဥပမာလည်း လင်းနို့စသော-ညဉ့်ကျက်စား သွားလာသောသတ္တဝါတို့သည် နေ့ကိုကျက်စားသော လူ ငှက်စသော-သတ္တဝါတို့က-သတ်ဖြတ်ညှဉ်းဆဲ ရိုက်ပုတ်မည် ကို ကြောက်သောအားဖြင့် နေ့မထွက်ရဲသလို ထို့အတူ သောတပသာဒရုပ်ကို အပြင်အသံဟည်းဟူသောသဒ္ဒါရုံနှင့် စပ်ဆက်ပေါင်းဘော်မိသော် သတ်ဖြတ်ညှဉ်းဆဲ ရိုက်ပုတ် တတ်သော လောဘစသော ကိလေသာတို့ကို ကြောက်

သောအားဖြင့် အပြင်သဒ္ဓါရုံ မကျက်စား မဝင်နိုင်အောင် စောင့်ရှောက် သိမ်းဆည်းခြင်းသည် အတွင်းသောတိန္ဒြေ ခည်၏။ ။ဃာနိန္ဒြေ, ဇိဝှါန္ဒြေ,ကာယိန္ဒြေတို့၏ ဥပမာသည် လည်း- ၎င်းနောက်က ဆိုခဲ့ပြီးသည်နှင့် တူသည်သာလျှင် ကတည်း။

မနိန္ဒြေ၏ဥပမာကား-အလွန်နက်လှစွာသော ချောက် ကြီးတခု၌ လူ-ကျွဲ-နွားစသောသတ္တဝါတို့သည် ၎င်းချောက် ကြီးထဲကျခဲ့သော် သေကြေပျက်စီးကျိုးပဲ့ဖြစ်မည်ကိုကြောက် သောအားဖြင့် မသွားရဲ, မလာရဲ ဖြစ်သလို ထို့အတူရင် သယ်အချိုင့် ဟဒယဝတ္ထုရုပ်နှင့် အပြင်အာရုံ ခြောက်ပါး ဘည်းဟူသောရှေ့ဖြစ် နောက်ဖြစ် ဓမ္မာရုံကို စပ်ဆက် ပေါင်းဘော်မိသော် သေကြေပျက်စီးကျိုးပဲ့သော လော ဘစသည့်ကိလေသာတို့ကို ကြောက်သောအားဖြင့် ရှေ့ ဖြစ် နောက်ဖြစ်။ စိတ်ကူးတည်းဟူသော ဓမ္မာရုံကို မကျက် စား-အဝင်မခံနိုင်မအောင်းမေ့ မကြံနိုင်အောင် လုံခြုံစွာ စောင့်ရှောက်သိမ်းဆည်းခြင်းသည် အတွင်းမနိန္ဒြေမည်၏။ ဣန္ဒြိယသံဝရသီလလည်းမည်၏။

---

## ၁၂။ အပြင်ဣန္ဒြေခြောက်ပါး မှတ်ရန်

ရူပါရုံ-ဣန္ဒြေ၏ ဥပမာကား- လူများအပေါင်းတို့သည် ခုဇဝတ်မှုအပြစ်တခုနှင့် သေဒဏ်,ကြိမ်ဒဏ်,ထောင်ဒဏ်. ကျွန်းကျစေသောဒဏ်စသည်ဖြင့် ထောင်ကြီးအတွင်းမပြန် ဘကျွန်းသို့ သားကွဲ,မယားကွဲ,ဆွေမျိုးနှင့်ကွဲ,သေကွဲ, ရှင် ကွဲ ဤသို့ကွဲရမှာကြောက်ထာကတမျိုး၊ ကြောက်စရာအမျိုး

မျိုးဒုက္ခတွေကို ကြောက်သလို ထို့အတူ အကွင်းစက္ခု ပသာဒနှင့် ပေါင်းသင်းဆက်ဆံခဲ့သော် လောဘ,ဒေါသ, မောဟစသော ကိလေသာတည်းဟူသောအတွင်းဝင်ရမည် အမှန်ပင်၊ သို့ဖြစ်ပါ၍ မဝင်နိုင်အောင်စောင့်ရှောက် ထိန်းသိမ်းနိုင်ခြင်းသည် ရူပါရုံဈာန်မည်၏။

ထို့အတူ သဒ္ဒါရုံ,ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌဗ္ဗါရုံ,ဓမ္မာရုံ၊ ဤအာရုံတို့ကို အဝင်မခံနိုင်အောင်ကြောက်သောအားဖြင့် စောင့်ရှောက်ထိန်းသိမ်းခဲ့သော် သဒ္ဒါရုံဈာန်,ဂန္ဓာရုံဈာန် ရသာရုံဈာန်,ဖောဋ္ဌဗ္ဗာရုံဈာန်, ဓမ္မာရုံဈာန်မည်ကြပါကုန်၏၊ ဤသို့အတွင်းအပြင်ဈာန်တဆယ့်နှစ်ပါး စောင့်ရှောက်ခြင်းသည် ဣန္ဒြိယသံဝရသီလ-လည်းမည်၏။မိမိ၏သန္တာန်မှာ သီလသာသနာလည်းတည်၏၊ဈာန်ဆိုသည်ကား-အစိုးရသည်ကိုဆိုသည်။သံဝရဆိုသည်ကား လောဘ, ဒေါသ, မောဟ-စသောကိလေသာမဝင်နိုင်အောင် စောင့်ရှောက်ထားခြင်းကိုဆိုသည်။

သို့ဖြစ်ပါ၍-မနစ္ဆဋ္ဌာနံ ဣန္ဒြိယာနံ ရူပါဒီသုသံဝရဏာဝသေနပဝတ္တတိတိသီလံ။ ။မနစ္ဆဋ္ဌာနံ။မနိန္ဒြေလျှင်ခြောက်ခုမြောက်ကုန်သော။ ဣန္ဒြိယာနံ၊ဣန္ဒြေတို့ကို။ရူပါဒီသု ။ရူပါရုံစသည်တို့၌။ သံဝရဏာဝသေန။စောင့်ရှောက်သည်အစွမ်းဖြင့်။ပဝတ္တတိ၊ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။သီလံ သီလမည်၏၊ ဣန္ဒြိယသံဝရသီလမည်၏ ဟု- အဓိပ္ပါယ်မှတ်လေ၊

## ၁၃။ ဗိုလ်ငါးပါးသုတမယဉာဏ်ဖြင့်မှတ်ဘွယ်

သဒ္ဒါဗိုလ်,သတိဗိုလ်,ဝီရိယဗိုလ်,သမာဓိဗိုလ်, ပညာဗိုလ်၊ ၎င်းဗိုလ်ငါးပါးတို့နှင့် မယုတ်မလျော့ညီမျှမှသာလျှင် လက်ကိုင်ပြုပြီး တရားထူး- တရားမြတ်ကို အားထုတ်မှ အလိုရှိသလိုရနိုင်ပါ၏၊ ၎င်းဗိုလ်ငါးပါးတို့တွင် သဒ္ဒါဗိုလ်ဟူသည်ကား-မိမိသည် သီလစင်ကြယ်အောင်ပြုလိုခြင်း, ယုံကြည်သက်ဝင်ခြင်း, တရားထူး-တရားမြတ်တို့ကို ပွားများအားထုတ်လိုခြင်း, အမြဲတမ်းရတနာသုံးပါးတို့ကို ကြည်ညိုလေးစားခြင်းသဘောသည် သဒ္ဒါဗိုလ်မည်၏၊ တနည်း- ယုံကြည်ခြင်း ရှေ့သွားသောသဘောမည်၏။

ရတနာသုံးပါးနှင့်ကမ္မဋ္ဌာန်းတရားတို့ကိုမပြတ်အောက်မေ့သောသဘော ရှေ့သွားပြုပြီး အားကြီးစွာ အဖန်ဖန်အောက်မေ့နေလိုခြင်းသည်သတိဗိုလ်မည်၏။ရတနာသုံးပါးတို့ကိုင်း, မိမိပွားအပ်သော ကမ္မဋ္ဌာန်းကို၎င်း မရ-ရအောင် မလျော့တမ်း အားထုတ်လိုခြင်းသည် ဝီရိယဗိုလ်မည်၏၊ ရတနာသုံးပါးတို့ကိုအမြဲတမ်းမြင်နေခြင်း,မိမိပွားသောတရား မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ဖြောင့်မတ်စွာတည်နေခြင်း,ခဏတိုင်းခဏတိုင်းမပြတ်တည်လျက်ရှိခြင်းသည် သမာဓိဗိုလ်မည်၏။ရတနာသုံးပါးတို့၏ဂုဏ်တော်အစစ်ကို ဝေဘန်၍သိခြင်း,ရုပ်နာမ်-နှစ်ပါးတို့ကို ပညတ်, ပရမတ် ကွဲကွဲပြားပြားပိုင်းခြား၍ သိနေခြင်းသည် ပညာဗိုလ်မည်၏။

# ၁၄။ ဉာဏ်စဉ်မှတ်ရန်

တခုသောသမထအာရုံတည်နေသောအခါ၌ ရုပ်-နာမ် နှစ်ပါးကို ပိုင်ပိုင်နိုင်နိုင်အနိစ္စစသည်ဖြင့် ပိုင်းခြား၍ထင်မြင် လာနိုင်အောင် အဘန်ဘန်ပွားများ အောက်မေ့ခြင်းသည် သမ္မသနဉာဏ်မည်၏။ မိမိသန္တာန်၌တည်၍နေသော ရုပ်-နာမ်တို့သည်ရုပ်ဖြစ်စ-ပျက်ဆုံးသွါးသည်ကိုရင်း,နာမ်-ဖြစ်စ နာမ်ပျက်ဆုံးသွားသည်ကိုရင်း ထင်မြင်လာအောင်ပွားများ နိုင်သော ဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မည်၏။ ရုပ်- နာမ် သင်္ခါရတို့၏လက္ခဏာတို့သည် လျင်မြန်စွာဖြစ်ပြီး ထင်မြင် လာသောအခါ အဖြစ်ကိုမမြင်လိုက်မူ၍အပျက်သာမြင်လာ ပြီးပွားများနေသောဉာဏ်သည်ဘင်္ဂဉာဏ်မည်၏။

ပျက်ပျက်နေတာကို ထင်နေတော့။ ဆင်းရဲတာကိုလည်း ပို၍ထင်မြင်လာ၏။ အစိုးမရတာကိုလည်းပို၍ထင်မြင်လာ၏။ ဤလိုထင်မြင်ဘန်များတော့ ရုပ်-နာမ်-သင်္ခါရတရားတွေကို ကြောက်စရာဘဲ၊ ဘေးကြီးဘဲထင်တော့သည်။ ဤလိုထင်မြင် နေသောဉာဏ်သည် ဘယဉာဏ်မည်၏။ စိတ်နှလုံးမသာ ယာဖြစ်၏၊စိတ်ညှိုးနွမ်း၏၊မိမိခန္ဓာကိုယ်ကြီးသည်ကား- အ နှစ်မရှိအပြစ်ကြီးဘဲရှိပါကလားဟု အတတ်သိ၏၊သိသောအ ခါမိမိခန္ဓာကိုယ်ကြီးကိုရှုရင်းရှုရင်းမနှစ်သက်မပျော်ပိုက်နိုင် ဘဲ ပျင်းမုန်းငြီးငွေ့နေသော ဉာဏ်သည် ဘယဉာဏ် နှင့် ဆက်လျက် တပြိုင်နက် အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်တို့ တဆက်ထည်း ဖြစ်သွားသည်၊ အာဒီနဝ, နိဗ္ဗိဒါနှစ်ပါး တည်း။

မိမိခန္ဓာကိုယ်ကြီးမှာ ဘေးဒုက္ခ အမျိုးမျိုးတွေကိုလည်း ထင်မြင်၊ ဤသို့ထင်မြင်ပါများတော့ ဤခန္ဓာကိုယ်ကြီးမှ-လွတ်လိုသော ရုပ်နာမ်သင်္ခါရတို့ကို အဘန်ဘန်သဘော ပရမတ်ထင်မြင်သော ဉာဏ်သည် မုစ္စိတုကမျတာဉာဏ်မည်၏။ လွတ်နိုင်ခြင်း၏အကြောင်းကို ပြည့်စုံခြင်းငှါ တဘန်ဖြစ်ပျက်နေသော သင်္ခါရ-ရုပ်နာမ်တို့ကို သုံးဆယ့်တဘုံ၌ မဖြစ်နိုင်အောင် သိမ်းဆည်းစောင့်ရှောက်သည့်အစွမ်းအားဖြင့် ဖြစ်ပေါ်လာသောဉာဏ်သည် ပဋိသင်္ခါဉာဏ်မည်၏။

ရုပ်-နာမ် သင်္ခါရတို့၌ သုံးဆယ့်တဘုံမှာ ဖြစ်ခြင်းကို ကြောက်ခြင်း, အာရုံငါးပါး၌ နှစ်သက်ခြင်းကို ကြဉ်သော အစွမ်းအားဖြင့် အလယ်အလတ်လျစ်လျူရှုသော ဉာဏ်သည် ဘင်္ခါရုပေက္ခာ ဉာဏ်မည်၏။ ရှေ့ကဆိုခဲ့ပြီးသော ဉာဏ်ကိုးပါးတို့၏ အသိဉာဏ်ကိုစွပြန်လှန်၍ ဆင်ခြင်ခြင်း, အထက်၌ သုံးဆယ့်ခုနစ်ပါးသောဗောဓိပက္ခိယတရားတို့နှင့် လျော်စွာသိခြင်းငှါ စွမ်းနိုင်သော ဉာဏ်သည် အနုလောမဉာဏ်မည်၏၊ဘနည်း-သင်္ခါရုပေက္ခာ ဉာဏ်တိုင်အောင်အစဉ် အတိုင်းသိလာသော ဉာဏ်သည်အနုလောမဉာဏ်မည်၏။

---

## ၁၅။ ဝိသုဒ္ဓိခုနစ်ပါးမှတ်ဘွယ်

သီလဝိသုဒ္ဓိ,စိတ္တဝိသုဒ္ဓိ,ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ။ (ဝိသုဒ္ဓိ-ခုနစ်ပါး။) ဒုစရိုက်ဆယ်

ပါး, **အပါ**ယ်ဆင်းရဲခြင်းမှ ကင်းလွတ်လိုသဖြင့် လူ-**ရဟန်း** လျှော်**စွာစော**င့်ထိန်း**အ**ပ်**သော** ပါတိမောက္ခသံဝ**ရ** စောင့်ရှောက်ခြင်း, ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓ**ာ**ရုံ, **ရသ**ာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ၊ ၎**င်း**အာရုံ**ခြော**က်ပါးကို ဣန္ဒြေ**စော**င့်ရှော**က်**ခြင်း, **ကောင်းသော**မိမိ**အသက်**မွေးခြင်း, မိစ္ဆာဇီဝမှ**စော**င့်ရှောက်ခြင်း, **ကိ**လေသာနှင့်**ရော**ယှက်၍ **မစ**င်ကြယ်သောပစ္စည်း**များ**ကိုမ**သုံး**မစွဲ-မ**ကြံစ**ည်နိုင်**အောင်**စောင့်ရှောက်ခြ**င်း**၊ ဤ**လေး**မျိုးကို**စော**င့်ရှော**က်**ခြ**င်းသ**ည် သီလဝိသုဒ္ဓိမည်၏။

မိမိ၌တ**ည်**သော ဝိညာဉ်စိတ်ကို နီဝရဏ **ကင်း**သော **အဖြစ်**သို့**ရောက်**စေသဖြင့် သု**တ်**သင်ပယ်ရှား**သော** ဝိညာဉ်စိတ်**သ**ည် စိတ္တဝိသုဒ္ဓိမ**ည်**၏။ နာ**မ်**- ရုပ်-**နှစ်**ပါးတို့**၏**ဇာတိကို ဟု**တ်**မှ**န်**တိုင်းသိပြီး၍**အ**ကြောင်း**အ**ကျိုးတို့ကို ဖေါက်ပြန်ချွတ်ယွ**င်း**ခြ**င်း**မရှိ၊ **အ**ယူမှန်**စွာ** စင်**ကြ**ယ်ခြင်း**သ**ည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ နာမ်-ရုပ်-**နှ**စ်ပါးတို့၏ အကျိုးဒုက္ခကို ပိုင်ပိုင်**ကြီး**မြင်**သိ၍** **အ**ကြောင်းကို သိမ်းဆည်း**ကြ**ည့်မြင်ခြင်း, ယုံမှ**ာ**းခြ**င်း**ကိုလွ**န်**နိုင်**သော** ဉာ**ဏ်၏** **စ**င်ကြယ်ခြင်းသ**ည်** **က**င်္ခါဝိတ**ရဏ**ဝိသုဒ္ဓိ**မ**ည်၏။ အကြောင်း **နာ**မ်-ရုပ်-သမုဒယ**သ**စ္စာ **ချ**ုပ်ပျော**က်**, **အ**ကျိုးဒုက္ခသစ္စာ ချုပ်**ပျော**က်**သွား**ပြီး ရုပ်-**နာ**မ်ပျောက်ခြ**င်း**ကို **မ**ဂ်ဟုတ်သည်- မဟုတ်**သ**ည်၏လ**က္ခ**ဏာကို **ပို**င်ပိုင်နိုင်နို**င်**သိ**သော** ဉ**ာ**ဏ်သ**ည်** မဂ္ဂါမဂ္ဂ ဉာဏဒဿ**န**ဝိသုဒ္ဓိမည်**၏**။

**အ**ဖြ**စ်**အပျ**က်**ကိုသိ**သော**ဉာဏ်မှစ၍အနုလောမဉာဏ်တိုင်**အောင်** လက္ခဏာယာဉ်**သုံး**ပါးကို ဝိပဿနာဉာဏ်အဆင့်**ဆ**င့်အားဖြင့် **ကျ**င့်**သော** **ယော**ဂီပုဂ္ဂိုလ်**၏** ကို**း**ပါး**သော**-ဝိပဿနာဉာ**ဏ်**အမြ**င်သ**ည် **ပ**ဋိ**ပ**ဒါဉာဏ ဒဿန

ဝိသုဒ္ဓိမည်၏၊ ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာဟုဆိုအပ်သော သင်္ခါရုပေက္ခာဉာဏ် ရင့်ခြင်းကိုစွဲ၍ ၎င်းသင်္ခါရုပေက္ခာအပ္ပနာဇောချုပ်၍ ၎င်းဘဝင်အယဉ်ပြတ်သွားပြီး မနောဒွါရာဝဇ္ဇန်းဆင်ခြင်သည်၏ အခြားမဲ့၌ နှစ်ကြိမ်သုံးကြိမ်သော ဝိပဿနာစိတ်တို့သည် လက္ခဏာယာဉ်သုံးပါးကိုအောက်မေ့-အာရုံပြု၍ရပ်ပြတ်သွားသည်ကို- သိသော ဉာဏ်သည် ဉာဏဒဿနဝိသုဒ္ဓိမည်၏။

---

## ၁၆။ အရိယာဉာဏ်မှတ်ဘွယ်

သောတာပတ္တိမဂ်ဉာဏ်,သကဒါဂါမိ မဂ်ဉာဏ်,အနာဂါမိမဂ်ဉာဏ်, အရဟတ္တမဂ်ဉာဏ်- မဂ်ဉာဏ်လေးပါးတို့အတု ဖိုလ်ဉာဏ်ကလည်း လေးပါး၊ ပေါင်းရှစ်ပါး အပြားရှိ၏၊ ၎င်းရှစ်ပါးသောဉာဏ်သည် ဇောအားဖြင့် အပ္ပနာမည်၏၊ အဘယ့်ကြောင့် အပ္ပနာဇောမည်သနည်း ဟူမူ နိဗ္ဗာန် အပ္ပေတီတိ အပ္ပနာ။ ။နိဗ္ဗာန်၊ နိဗ္ဗာန်သို့ အပ္ပေတိ ဝင်ရောက်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့် အပ္ပနာ၊ အပ္ပနာဇောမည်၏။

၎င်းအပ္ပနာဇောဖြစ်ဆဲခဏ၌ သောတာပန်စသော အရိယာပုဂ္ဂိုလ်သည် ဖြစ်တတ်ပျက်တတ်သော သင်္ခါရအာရုံမှန်လျှင် တစုံတခုကိုမျှ အာရုံမပြုတော့ပြီ။အဆင်းအာရုံ,အသံအာရုံ, အနံ့အာရုံ, ရသာအာရုံ,အတွေ့အာရုံ၊၎င်းပဉ္စာရုံမှကြွင်းသော သင်္ခတ- ဓမ္မာရုံ၊ထိုသင်္ခါရအာရုံ အလုံးစုံသည်ထိုသောတာပန်စသောပုဂ္ဂိုလ်မှ အကုန်ဆိတ် အကုန်သုဉ်းသွားတော့သည်၊ ထိုအရိယာပုဂ္ဂိုလ်သည် အလွန်ပြင်း

ထန်သော-မိုယ်းကြိုးသံကိုလဲ မကြားတော့ပြီ၊ အလွန်နာကျင်အောင် ထုရိုက်ဆိတ်ဆွဲသော်လည်း ထုမှန်း ရိုက်မှန်း ဆိတ်ဆွဲမှန်းမသိတော့ပြီ။

ထိုမှတပါး-အပ္ပနာဇဝနံ ဣရိယပထမ္ပိ သန္ဒာမေတိ။ ။ အပ္ပနာဇဝနံ။ ယောကုတ္တရာအပ္ပနာဇောရှစ်ခုသည်။ ဣရိယပထမ္ပိ၊ ရပ်, ထိုင်, လျောင်းသောအားဖြင့် သုံးပါးသော အရိယာပုထ်ကိုလည်း။ သန္ဒာမေတိ၊ ခိုင်မာတောင့်တင်းစေ၏ဟူသည်နှင့်အညီ၊ အပ္ပနာဇောစောခိုက်၌ရင်းအပ္ပနာဇောသည် ရပ်လျက်စောလျှင် ရပ်ထားသော ဣရိယာပုထ်ကို ရပ်ထားသောအတိုင်းပင် ခိုင်မာတောင့်တင်းစေ၏၊ တောင့်ထားနိုင်၏၊ ထိုင်ခြင်း လျောင်းခြင်း၌လည်း ဤနည်းတူမှတ်။ သွားသောအခိုက်၌ကား-မဂ်ဖိုလ်ဇောသည် ဇောသာစောနိုင်၍ ဇောစောပြီးသည်မှနောက်၌ သွားသောဣရိယာပုထ်ကိုမဖြစ်စေနိုင်ဟူ၍မှတ်အပ်၏။

အပ္ပနာဇော၏လက္ခဏာမှာ တရှိန်တည်းအားကောင်းစွာတက်သွားသော အလယ်ပိုင်းကျသော- သင်္ခါရုပေက္ခာဉာဏ်၏အခြားမဲ့၌အသုံးစွန်ဇောဝါရတို့တွင်-အကျုံးဝင်သော သိခါပတ္တ သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်ကြသော ယောဂီများအား အပ္ပနာဇော ကျတော့မည်ဆိုလျှင် ပီတိဇောကဲ့သို့ကြက်သီးမွေးညှင်းထခြင်း, အရောင် အဝါ ပေါ်လာခြင်းစသော အခြင်းအရာများမဖြစ်မူ၍ ဖြစ်ပျက်သင်္ခါရများဟာ တဖြေးဖြေးကျဉ်းကျဉ်းပြီးလျှင် နောက်ဆုံး၌ပဲ နေသံစေ့ခန့်,နှမ်းစေ့ခန့်မျှ အကျဉ်းဆုံးကျဉ်း၍ ဖွဲဖွဲမွှားမွှား ကလေးတွေလဲ ချုပ်ငြိမ်းပြတ်စဲသွားမှု, ဝိပဿနာအသိစိတ် ကလေးလဲ ချုပ်ငြိမ်းပြတ်စဲသွားမှုဖြစ်၍ အခြားမဲ့၌အပ္ပနာ

ဇောကျသွားတော့၏။ ၎င်းအပ္ပနာဇောသည် သင်္ခါရအာရုံ မှန်လျှင် တစုံတခုကိုမျှအာရုံမပြုမူ၍ နိဗ္ဗာန်အာရုံတခုကိုသာ အာရုံပြုကာနေတော့၏။

ထိုအပ္ပနာဇောကိုရပြီးသော အရိယာသူမြတ်သည်ကား တရားအားမထုတ်ဘဲ ပကတိနေသောအခါ ရင့်သန်သော ပုဂ္ဂိုလ်၏ အဓိဂမသဒ္ဓါသီလ၏အစွမ်းကြောင့် ရတနာမြတ်သုံးပါးကိုကြည်ညိုရာမှာ အသက်ကိုစွန့်၍မကြောက်မရွံ့ ရဲဝံ့စွာကြည်ညိုလေ၏၊ ငါးပါးသီလစသည် စောင့်ထိန်းရာမှာလဲ အသက်ကိုစွန့်၍မကြောက်မရွံ့ ရဲဝံ့စွာ စောင့်ထိန်းလေ၏၊ ၎င်းဉာဏ်စဉ်ဆိုးမှုဇောသည် သောတာပန် အပ္ပနာဇောမည်၏၊ ဤနည်းအတိုင်း ဉာဏ်စဉ်တက်၍ နှစ်ဆင့်ဆိုးလျှင် သကဒါဂါမ်အပ္ပနာဇောမည်၏၊ သုံးဆင့်ဆိုးလျှင် အနာဂါမ်အပ္ပနာဇောမည်၏၊ လေးဆင့်ဆိုးလျှင် ရဟန္တာ အပ္ပနာဇောမည်၏ဟု မဂ်လေးပါးဉာဏ်စဉ်မှတ်ကြပါလေ။

## ၁၇။ သောတာပန်ဖြစ်နိုင်ကြောင်းမှတ်ရန်

စတ္တာရိမာနိဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ။
ကတမာနိစတ္တာရိ၊ သပ္ပုရိသ သံသေဝေါ သဒ္ဓမ္မဿဝနံ
ယောနိသော မနသိကာရော ဓမ္မာနုဓမ္မပဋိပတ္တိတိ။

ဘိက္ခဝေ၊ရဟန်းတို့၊ သောတာပတ္တိယင်္ဂါနိ၊ သောတာပန်၏အင်္ဂါဖြစ်ကုန်သော တရားတို့သည်။ ဣမာနိစတ္တာရိ၊ ဤလေးပါးတို့တည်း။ စတ္တာရိ၊ လေးပါးကုန်သော၊ ဣမာနိ ဤတရားတို့သည်၊ ကတမာနိ၊ အဘယ်တို့နည်းဟူမူကား-

သပ္ပုရိသ သံသေဝေါ၊ ခန္ဓာ,အာယတန,ဓါတ်, သစ္စာတို့၌ ကောင်းစွာကျွမ်းကျင် လိမ္မာသော သူတော်ကောင်း နှင့် ပေါင်းဖေါ်ရခြင်းလည်းတပါး။ သဒ္ဓမ္မဿဝနံ၊ခန္ဓာ,အာယတန,ဓါတ်,သစ္စာတို့ကို စာတွေ့မဟုတ် ကိုယ်တွေ့မြင်သိပြီးသောပုဂ္ဂိုလ်၏ ပြောဟောဆုံးမသောတရားစကားကိုကြားနာ-မှတ်သား လေ့ကျက်ခြင်းတပါး။ ယောနိသော-မနသိကာရော၊ ခန္ဓာ,အာယတန,ဓါတ်, သစ္စာတို့ကိုမြင်သိ နှလုံးသွင်းခြင်းလည်းတပါး။ဓမ္မာနုဓမ္မပဋိပတ္တိ။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရခြင်း၏ အကြောင်းဖြစ်သော သက္ကာယဒိဋ္ဌိကို ပယ်ရှားသော အကျင့်လည်းတပါး။ ဣတိ၊ဤသို့။ ဣမာနိ စတ္တာရိ၊ ဤလေးပါးသောတရားတို့သည်။ သောတာပတ္တိယင်္ဂါနိ။ သောတာပန်အစစ်ဖြစ်သော အကြောင်းအင်္ဂါတို့တည်း။

အဓိပ္ပါယ်မှာ-လူဥပါသကာတို့၌- ကာမရာဂ,ဗျာပါဒ, ဥဒ္ဓစ္စတို့ကို မပယ်နိုင်သေးသော်လည်း ပညာရှိတို့ထံ ဆည်းကပ်ကြပါဟူလို။

## ၁၈။ နာမရူပ=ပရိစ္ဆေဒဉာဏ်ဖြင့် ပရိညာသုံးပါးမှတ်ဘွယ်

ဉာတပရိညာ, တီရဏပရိညာ,ပဟာနပရိညာအားဖြင့် သုံးပါးအပြားရှိ၏၊ထိုသုံးပါးတို့တွင် ဉာတပရိညာဟူသည်ကား-နာမ်-ရုပ်တို့ကို ပရမတ်သဘောအားဖြင့် ပိုင်းခြားသိနိုင်ခြင်းသည် ဉာတပရိညာမည်၏။ နာမ်ရုပ်တို့ကို လက္ခ

ဏာဒယာဥ်သုံးပါးဖြင့်ပိုင်းခြား၍ သိမှုသည် တိရဏပရိညာမည်၏၊ နာမ်-ရုပ်-တို့၌မှား၍မြင်ခြင်း, တပ်နှစ်သက်ခြင်းကို ပယ်ဖြတ်မှုဖြင့် သိစွမ်းနိုင်သောဉာဏ်သည် ပဟာနပရိညာမည်၏ဟူ၍မှတ်။

## ၁၉။ သာသနာသုံးရပ်မှတ်ရန်။

ကျွတ်ထိုက်သော သတ္တဝါအချို့ကျန်နေမှုကို သိတော်မူသဖြင့် ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာဟူ၍ သုံးရပ်ထားတော်မူ၏၊ ပရိယတ္တိက သုတမယဉာဏ်အကြောင်းရင်းဖြစ်၏၊ပဋိပတ္တိသာသနာကား-စိန္တာမယဉာဏ်နှင့်အကြောင်းရင်းထားပြီး ဘာဝနာမယဉာဏ်တိုင်အောင် အကြောင်းရင်းနှစ်ခု ထားသည်မှတ်၊ သောတာပတ္တိမဂ်ဉာဏ်ကစ၍ အရိယာ သာဝကဉာဏ်တိုင်အောင် အကျိုးတရားကို ပဋိဝေဓဉာဏ်ခေါ်၏။

၎င်းကိုစွပြီးအောင် သာသနာတော်သုံးရပ်ထားခဲ့သဖြင့် သီလသာသနာ,သမာဓိသာသနာ,ပညာသာသနာ-ဟု နည်းမှီး၍မှတ်ရမည်ကား-ဇူခြေခြောက်ပါးကိုလုံခြုံအောင်စောင့်ရှောက်မှုသည် သီလသာသနာ မည်၏၊ မိမိ၏သန္တာန်၌ ကောင်းမြတ်သောဘာဝနာ အာရုံကြောင့် ရုပ်နာမ်တည်နေလိုက်သည့်ခဏကို သမာဓိသာသနာဟုခေါ်သည်၊ မိမိ၏ သန္တာန်၌တည်နေသော ရုပ်နာမ်တို့ကို ပရမတ်သား ဝါတ်သား အစစ်ဝေဘန်၍ ပိုင်ပိုင် နိုင်နိုင် သဘောပရမတ်ကို လက္ခဏာဒယာဥ်သုံးပါးလျော်စွာသိမှုကို ပညာသာသနာဟုခေါ်ပါသည်။

## ၂၀။ ဇာတိသုံးမျိုးမှတ်ရန်

သန္တတိဇာတိ, ခဏိကဇာတိ, သမုတိဇာတိဟူ၍သုံး၊ ၎င်း သုံးပါးတို့တွင် အာရုံကို သာယာမှု, ဝတ္ထုကာမကိုသာယာမှု, အဝိဇ္ဇာမောဟ-ဖုံးကွယ်ဖြစ်ပေါ်လာသော အကြောင်းရင်းလောဘမူလ သမုဒယသစ္စာကြောင့် ယခုဘဝမှာ ရုပ်-နာမ်ဇာတိဖြစ်ပေါ်တည်နေခြင်းသည် သန္တတိ အကျိုးဇာတိမည်၏၊ ယခုဘဝသန္တတိအစဉ်ဆက်ပြီး အာရုံထိခိုက်လာသည်နှင့်တပြိုင်နက် ဖြစ်ပေါ်လာသော ရုပ်နာမ်ဇာတိသည် ခဏိကဇာတိမည်၏၊ရုပ်နာမ်နှစ်ပါးကိုရုပ်ဟူ၍နာမ်ဟူ၍ခေါ်ဝေါ်သမုတ်အပ်သော သဘောပရမတ်ကို သမုတိရုပ်နာမ်ဇာတိဟုခေါ်ဝေါ်အပ်သည်ဟူ၍လည်း မှတ်ရသေး၏၊ ခဏိကဇာတိကား-တခဏမျှဖြစ်ပေါ်လာသော နာမ်ရုပ်ကိုခဏိကဇာတိဟုခေါ်ဝေါ်အပ်သည်၊ သမုတိဇာတိကား- အများလူတို့သိစေခြင်းငှါ ခေါ်ဝေါ်အပ်သော သမုတိပညတ်သည် သမုတိဇာတိမည်၏။

---

## ၂၁။ ဝိပလ္လာသ သန္တတိအစဉ်မှတ်ရန်

ဤကဲ့သို့- ခန္ဓာ,အာယတန,ဓါတ်,သစ္စာ,တဏှာ, မာန, ဒိဋ္ဌိ, ဣန္ဒြေ,ဗိုလ်,ဉာဏ်စဉ်,ဝိသုဒ္ဓိအစဉ်, မဂ်-ဖိုလ်စသည်တို့ကို သုတမယဉာဏ်ဖြင့် မှတ်သိ၊ စိန္တာမယဉာဏ်ဖြင့်ကြံဆ-တွေးတော၊ ဘာဝနာမယဉာဏ်ဖြင့် အဘန်တလဲလဲပွားများအားထုတ်ပါမှကား သန္တိသုခရှိသော-နိဗ္ဗာန်ချမ်းသာကို မုချဆတ်ဆတ်ရနိုင်ပါ၏၊ ဤလိုမှ မပွားများ အား

မထုတ်ပါမူကား မိမိသန္တာန်မှာ နေ့တိုင်း နေ့တိုင်းဖြစ်နေသော စိတ်အစဉ်သန္တတိတို့တွင် မြင်ကောင်းသော အသက်မရှိသောဝတ္ထု,အသက်ထင်ရှားရှိသော ယောက်ျား,မိန်းမ,ငါ,သူငါ,ဇီဝ-အသက်,သတ္တဝါ ,ပုဂ္ဂိုလ်ဟူသော ရူပါရုံနှင့် အတွင်းသူလျှိုတည်းဟူသော မျက်လုံးအတွင်း စက္ခုပသာဒ အကြည်ဓါတ်ရုပ်၊၎င်းနှစ်ပါးကိုဖဿက-စပ်ပေးလိုက်သည့်အခါ ဇာတိဆိုသော ရုပ်နာမ်တရားဟု မှတ်ထင်ရမှာ ဤလို ရုပ်၏ဇာတိ,နာမ်၏ဇာတိတို့ကို မမြင်နိုင်အောင် မောဟတရားက-ဖုံးကွယ်ပြီး ယောက်ျားဘဲ,မိန်းမဘဲ,ငါဘဲ, သူငါဘဲ, ဇီဝဘဲ, အသက်ဘဲ, သတ္တဝါဘဲ, ပုဂ္ဂိုလ်ဘဲဟု မှတ်သိ-လိုက်သည်ကား-အမှတ်လွဲပြီး သညာဝိပလ္လာသဖြစ်၏မှတ်။

စိတ်ကလည်းယောက်ျား,မိန်းမစသည်ပုဂ္ဂိုလ်လို့ - သိ-လိုက်ထာက အသိလွဲပြန်၍ စိတ္တဝိပလ္လာသဖြစ်ပြန်၏၊ သိမှု, မှတ်မှုတပြိုင်နက် မှတ်ဆဲ,သိဆဲခဏမှာ ဝေဒနာသဘောကလည်း ကောင်းသည်, ဆိုးသည်ဟု ခံစားလွဲလျက်ရှိသော ကြောင့် ဝေဒနာကလည်း ခံစားလွဲပြန်၍ ဝေဒနာဝိပလ္လာသ ဖြစ်ပြန်၏၊ ဆိုအပ်ခဲ့ပြီးသော စက္ခုဒွါရတခုမှာပင် အမှတ်လွဲ,အသိလွဲ, ခံစားလွဲ၊ ၎င်းတို့လွဲနေတာက မိစ္ဆာဟု ခေါ်ဆိုလေ၏၊ အယူမမှန် ဖေါက်ပြန်တာက ဒိဋ္ဌိအာရုံဟု ခေါ်သည်၊စိတ်အားဖြင့် လောဘအကုသိုလ်စိတ်ဟုခေါ်ပါသည်၊ ပရမာသဒိဋ္ဌိဟုလည်းခေါ်ပါသည်၊ယခုဆိုခဲ့သောသဘောဟာဟုတ်ပါမည်လား၊ မဟုတ်ဘူးလားဆိုတာ စိန္တာမယဉာဏ်ဖြင့် စဉ်းစားကြည့်၊ တွေးကြည့်ပါ၊

ယခုစက္ခုဒွါရတခုမှာပင်မှတ်မှု,သိမှု,ခံစားမှု ဝိပလ္လာသ

ဖေါက်ပြန်ခြင်း ဖြစ်နေသည်ကို ထောက်ကြည့်မည်ဆိုလျှင် အိပ်ရာကနိုးလာသည်မှစ၍ ပြန်၍ အိပ်သည် တိုင်အောင် ဝိပလ္လာသတရားတို့ကို ရေတွက်ပိုင်းခြား၍ ရနိုင်ဘွယ်ရှိပါ့ မလား၊ စဉ်းစား၊ ကြံဆ-တွေးတော၍ ကြည့်လိုက်ကြပါ အုံး၊ စက္ခုဒွါရတခုမှာပင် ရေတွက်၍မရသလို နား၌သော တဒွါရဝိပလ္လာသ-သုံးပါး, နာခေါင်ဃာနဝိပလ္လာသ သုံးပါး,လျှာဇိဝှါဝိပလ္လာသသုံးပါး, ကိုယ်ကာယဒွါရဝိပလ္လာသသုံးပါး, စိတ်ကူးမနောဒွါရဝိပလ္လာသ သုံးပါး။ပေါင်း ဝိပလ္လာသ- တဆယ့်ရှစ်ပါးတို့ဟာ မိမိ၏သန္တာန်အစဉ်၌ ကြောက်စရာကောင်းလှသော အဝိဇ္ဇာ မောဟကြောင့် ဝိပလ္လာသအကုသိုလ်သင်္ခါရဖြစ်၏။

၎င်းအကုသိုလ် သင်္ခါရကြောင့် ဝိပလ္လာသအကုသိုလ် ဝိညာဉ်ဖြစ်၏၊ ၎င်းအကုသိုလ် ဝိညာဉ်ကြောင့် ဝိပလ္လာသ အကုသိုလ်နာမ်-ရုပ်ဖြစ်၏၊ ၎င်းအကုသိုလ်နာမ်ရုပ်ကြောင့် ဝိပလ္လာသအကုသိုလ်- သဠာယတနဖြစ်၏၊ ၎င်းအကုသိုလ် သဠာယတနကြောင့် ဝိပလ္လာသအကုသိုလ် ဖဿဖြစ်၏၊ ၎င်းအကုသိုလ် ဖဿကြောင့် ဝိပလ္လာသ အကုသိုလ်ဝေဒနာဖြစ်၏၊ ၎င်းဝိပလ္လာသ အကုသိုလ် ဝေဒနာကြောင့် ဝိပလ္လာသအကုသိုလ်တဏှာဖြစ်၏၊ ၎င်းအကုသိုလ်တဏှာ ကြောင့် ဝိပလ္လာသအကုသိုလ်ဥပါဒါန်ဖြစ်၏၊ ဤသို့စသည် အစဉ်အားဖြင့် အပါယ်လေးဘုံသို့လားမည်ကို ကြောက်

မက်ဘွယ်ကောင်းသော ဝိပလ္လာသဖြင့် မိမိ၏သန္တာန်အစဉ်မှာ သေသေချာချာ-စေ့ငုပြီး စိန္တာမယဉာဏ်နှင့် စဉ်းစားကြည့်ကြပါ ကြံဆ-တွေးတောကြပါတော့ သူတော်စင်တို့။

---

## ၂၂။ အဒ္ဓကာလ, သန္တတိကာလ, ခဏိကကာလ မှတ်ရန်

မိမိ၏သန္တာန်မှာ ပဋိသန္ဓေဘေး, ပဋိသန္ဓေနေပုံ, အိုဘေး, အိုပုံ, ရောဂါအမျိုးမျိုးနှိပ်စက်၍ နာဘေး-နာပုံ, ဘဝတပါးသို့ပြောင်းသွားသောအချိန်ကာလ သေဘေးကြီးသေသောအခြင်းရာကာလမှာ-သေခြင်းဆင်းရဲပုံ၊ ၎င်းဘေးကြီးလေးပါးတို့သည်တဘဝမှာ-သူ့အချိန်ကာလ၌ပေါ်နေပြီး ကြီးစွာသော ဆင်းရဲဒုက္ခရောက်၍ ခံစားရခြင်းကို၊ အဋ္ဌန့်-အဒ္ဓပစ္စုပ္ပန်ဒုက္ခခေါ်၏၊ သန္တာန အစဉ်ဟူ၍လည်းခေါ်ပါ၏၊ ဘဝသံသရာကြီး ဒုက္ခအမျိုးမျိုး ဆင်းရဲခြင်း နှင့်တွေ့ဘို့ရာအကြောင်း ဒုစရိုက်ဆယ်ပါးက တပါးစီ-တပါးစီ မိမိအလိုရှိသည့်အတိုင်းပြုလုပ်၊ အကျိုးတရားမီးတဆယ့်တပါးကလည်းမိမိပြုခဲ့သည်အတိုင်း တပါးတလှဲ့စီလောင်ကျွမ်းခံရခြင်း၊ ဤအကြောင်းဒုစရိုက်ဆယ်ပါးနှင့် အကျိုးမီးတဆယ့်တပါးတို့သည် မိမိခန္ဓာကိုယ်ကြီးပေါ်မှာ ကျရောက်တည်ရှိ၍နေသော- ဆင်းရဲဒုက္ခကို။ သန္တတိပစ္စုပ္ပန်ဒုက္ခအစဉ်ဟုခေါ်သည်။ မိမိခန္ဓာကိုယ်မှာ အာရုံတွေနှင့်ထိစပ်သောအစဉ်မှာ ဖြစ်လိုက်-ပျက်လိုက်နှင့် ရုပ်-နာမ်နှစ်

ပါးအမြတမ်း အနှိပ်စက်ခံရခြင်းကို ခဏိက ပစ္စုပ္ပန်ဒုက္ခ ခေါ်၏။

ယခုဆိုခဲ့ပြီးသော ပစ္စုပ္ပန်အကျိုးဒုက္ခ သုံးမျိုးတို့သည် အကြောင်းလိုက်ရှာ၍ တွေ့ခဲ့သည်ရှိသော် မျက်စေ့ဖြင့် မြင်စရာအမျိုးမျိုးရူပါရုံတို့ကို လိုခြင်-သာယာ- နှစ်သက်ခြင်းတည်းဟူသော လောဘတဏှာ သမုဒယသစ္စာ၊ နားဖြင့်ကြားစရာအမျိုးမျိုး-သဒ္ဒါရုံတို့ကို လိုခြင်-သာယာ နှစ်သက်ခြင်းတည်းဟူသော လောဘတဏှာ- သမုဒယသစ္စာ၊ နှာခေါင်းဖြင့်အနံ့, လျှာဖြင့်အရသာခြောက်မျိုး, မိမိ၏ကိုယ်ဖြင့်သူတပါးကိုယ်နှင့် တွေ့ထိစရာ အဝတ်တန်ဆာ, ထီး-ဘိနပ်-နေစရာအိမ်မှစ၍ အမျိုးမျိုးတွေ့ထိစရာ ဖောဋ္ဌဗ္ဗာရုံတို့ကို သာယာနှစ်သက်လိုခြင်း, တောင်းတခြင်းတည်းဟူသောလောဘ- တဏှာ သမုဒယသစ္စာ၊ ဤဆိုခဲ့ပြီးသော အာရုံငါးမျိုးတို့က အပါယ်လေးဘုံ၌လျော်စွာ တိုက်ဆိုင်သောအားဖြင့်ဒုက္ခ၊ ရူပတဆယ့်ခြောက်ဘုံ, အရူပလေးဘုံ၌လျော်စွာ တိုက်ဆိုင်သောအားဖြင့် ဖြစ်ခြင်းဒုက္ခ၊ ဤဒုက္ခသစ္စာအကျိုးဆင်းရဲကို ဖြစ်စေတတ်သောကြောင့် သမုဒယသစ္စာမည်သောအကြောင်းကို ကောင်းကောင်းကြီး ပိုင်ပိုင်ကြီးမှတ်သားမိအောင် သေသေချာချာကြည့်ပါမှ အကျိုးအဒ္ဓန့်အဒ္ဓပစ္စုပ္ပန်ဒုက္ခဘေးလေးပါး၊ သန္တတိပစ္စုပ္ပန်အာ အကြောင်းဒုစရိုက်ဆယ်ပါး၊အကျိုးမီးတဆယ့်တပါး၊ခဏိက-ပစ္စုပ္ပန်ရုပ်နာမ်ဖြစ်ပျက်သည်ကိုတွေ့ရလိမ့်မည်။

အကြောင်းအာရုံငါးပါး,အကျိုးအစဉ်သုံးပါးတို့ကိုသုတမယဉာဏ်ဖြင့် မှတ်စရာတွေမှတ်ပြီး၍မှတ်မိသည်အားလျော်

ဋ္ဌာ စိန္တာမယဉာဏ်ဖြင့် အဘန်ဘန်ပြန်လှန်၍ အထက်အောက်လှဲ့ပြီး အဖေါ်မပါ တယောက်ထည်းဖြင့်အောက်မေ့စေလိုပါသည်၊ ဤကဲ့သို့ ဝိပလ္လာသ ဖေါက်ပြန်မှု မှစ၍ကြောက်စရာ လန့်စရာထိတ်စရာတွေမြင်လာပါက သံသရာမှထွက်မြောက်လိုသော နိဗ္ဗမဉာဏ်ဖြင့် အလိုရှိသော သူတော်စင်တို့သည် သံယောဇဉ်ဟူသမျှတို့ကို ရှင်းလင်းသုတ်သင်ပြီး ဆရာကောင်းထံဆည်းကပ်၍ အာနာပါန ကမ္မဋ္ဌာန်းမှစ၍ ထွက်မြောက်နိုင်စေရန် ပွားများ အားထုတ်စေလိုပါ၏။

ထိုမှတပါး ဘေးလေးပါး နှိပ်စက်ခြင်း အကြောင်း ၃ စရိုက်တရားအကျိုး-မီးတဆယ့်တပါး၊ အပေါင်း-နှစ်ဆယ့်တပါးတည်၍ယခုဘဝ နောင်ဘဝနှိပ်စက်ခြင်း, ဖြစ်ပျက်ဖြင့်နှိပ်စက်ခြင်း, ဗျသနတရားငါးပါး နှိပ်စက်ခြင်း, ရန်သူမျိုးငါးပါးနှိပ်စက်ခြင်း၊ ဤလိုအမျိုးမျိုးနှိပ်စက်ခြင်း-ခံရာဖြစ်သော ၄၀- ဆယ်သောရုပ်တရား,ထို ၄၀-ဆယ်သောရုပ်တရားတို့နှင့်တွဲစပ်ပြီးဖြစ်ရာ- နာမ်တရားတို့မှ ထွက်မြောက်ခြင်း၄ါအလိုရှိကြကုန်သော သူတော်စင်တို့သည် လေးဆယ်အပေါင်းအစည်း ခန္ဓာကိုယ်ကြီးကို သုတမယဉာဏ်ဖြင့်မှတ်လိုက်ကြပါအံ့။

လေးဆယ် အပေါင်းအစည်း ဟူသည်ကား ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ။ (ငါးခု)။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့။ (ငါးခု)။ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုပ်၊(ငါးခု)။ ။အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊(ငါးခု)

၎င်းနှစ်ဆယ်က- ပထဝီသဘောမှတ်။ ။သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။(ခြောက်ခု)။ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊(ခြောက်ခု)။ ၎င်းတဆယ့်နှစ်ပါးက- အာပေါဓါတ်ရုပ်။ ။ပထဝီဓါတ်ရုပ်နှစ်ဆယ်နှင့် အာပေါဓါတ်ရုပ်- တဆယ့်နှစ်ပါးပေါင်းသော် သုံးဆယ်နှစ်ပါးသော- ကောဋ္ဌာသ-အစုအဝေး- အပေါင်းအစည်းကြီးဖြစ်၏။

၎င်းကောဋ္ဌာသအစုအဝေးကြီးသည်အဆင်းအားဖြင့်၎င်း, သဏ္ဌာန်အားဖြင့်၎င်း, အနံ့အားဖြင့်၎င်း, တည်ရာ အရပ်အားဖြင့်၎င်း,မှီရာအကြောင်းအားဖြင့်၎င်း၊စက်ဆုပ်စရာရွံရှာဘွယ်ဖြစ်၏ဟုနှလုံးသွင်းခြင်း,၎င်းသုံးဆယ်နှစ်ပါးသောကောဋ္ဌာသအစုအဝေးကြီးသည် အထက်ဆံဖျား,အောက်ခြေဘဝါးတိုင်အောင် ပူမှု-အေးမှုသဘောသည် တေဇောဓါတ်ရုပ်၊ ၎င်းကောဋ္ဌာသ အစုအဝေးကြီးသည် အတွင်းအပြင် အမြဲတမ်း လှုပ်ကြွနေခြင်း,ရံခါ လှုပ်ရှားနိုင်ခြင်း သဘောသည် ဝါယောဓါတ်ရုပ်၊ ၎င်းကောဋ္ဌာသအစုအဝေးကြီးသည် ဆံပင်စသည့် တခုစီ တခုစီ မြင်နိုင်ခြင်း, တွေ့ထိသောအခါတောင့်တင်းခိုင်မာခြင်းသဘောသည် ပထဝီရုပ် ဆံပင်ကစပြီး သုံးဆယ်နှစ်ခုပေါင်းစပ်နေခြင်း,သုံးဆယ်နှစ်ပါးပေါင်းစပ်နေသည်က ယိုစီးအရေထွက်ခြင်းသဘောနှစ်ခုသည် အာပေါဓါတ်ရုပ်၊ ၎င်းပထဝီ-အာပေါ-ဝါယော-တေဇောလေးပါးနှင့် သုံးဆယ့်နှစ်ပါးပေါင်းသော် ရုပ်ဓါတ်-သုံးဆယ့်ခြောက်ပါးဖြစ်၏ ၎င်းသုံးဆယ့် ခြောက်ပါးပေါင်းစုနေသောအခါ အမြုံ-အနီ-အမဲစသော တခုခု

အဆင်းဖြစ်လာသော သဘောသည် ဝဏ္ဏရုပ်ခေါ်၏ ၎င်းရုပ်အပေါင်းက အနံ့တခုထွက်ပေါ်လာသော သဘောသည် ဂန္ဓရုပ်ခေါ်၏၊ ၎င်းအပေါင်းက- ငန်ကြွက်စသော အရသာတခုခုပေါ်ထွက်လာသောသဘောသည် ရသာရုပ်ခေါ်၏၊ ဥတုအစာအာဟာရက ကြီးပွားအားပေးနေသော အစေးသဘောသည် ဩဇာရုပ်ခေါ်ပါ၏၊ ၎င်းဝဏ္ဏရုပ်, ဂန္ဓရုပ်, ရသာရုပ်, ဩဇာရုပ်လေးခုနှင့် သုံးဆယ့်ခြောက်ပါးသော-ရုပ်စုပေါင်းသော် ရုပ်ပေါင်းလေးဆယ်ဖြစ်၏။

၎င်းရုပ်ပေါင်း ၄၀-ဆယ်ကို ခန္ဓာကိုယ်ကြီးဟုခေါ်ပါသည်၊ ၎င်းရုပ်ပေါင်းလေးဆယ်အတွင်း အခံဓါတ်ပသာဒရုပ်တို့နှင့် အပြင်အာရုံခြောက်ပါးတို့နှင့် ဖဿက စပ်ပေးလိုက်တော့ သညာ,ဝေဒနာ,သင်္ခါရ,ဝိညာဉ်စသော နာမ်တရားတို့ ဖြစ်လာကြ၏၊ ၎င်းရုပ်နာမ်နှစ်မျိုး အပေါင်းပေါ်မှာ ဘေးလေးပါး, ဒုစရိုက်ဆယ်ပါး, မီးဆယ့်တပါး, ဖြစ်ပျက်,ဗျသနတရားငါးပါး,ရန်သူမျိုးငါးပါး,ကပ်သုံးပါးတို့ဖြင့် ကောန္တ ဆင်းရဲကြီးစွာ-ဒုက္ခအပေါင်းတို့သည် အနှိပ်စက် တလှဲ့စီ တလှဲ့စီခံကြရပါလိမ့်မည်၊ ဤလိုမခံကြရအောင် ကဏ္ဍသုံးပါးတို့ဖြင့် ထွက်မြောက်ဘို့ရာရှာကြပါ။

---

## ၂၃။ ပဌမကဏ္ဍ - ဒုတိယကဏ္ဍ - တတိယကဏ္ဍ - သုံးပါး

မာတရံပိတရံပိဟတ္တွာ၊ ရာဇောနေ၊ ဒွေစ ခတ္တိယေ။
ရဋ္ဌံသာနုစရံ ဟတွာ၊ အနီဃောယာတိဗြာဟ္မဏော။
[ဓမ္မပဒပါဠိတော်။]

မာတရဉ္စ၊ အမိနှင့်တူသော တဏှာကိုရင်း၊ ပိတရဉ္စ၊ အဖနှင့်တူသောမာနကိုရင်း၊ ဟတွာ၊ သတ်၍။ ရာဇာနော ဒွေစ ခတ္တိယေ၊ ပြည့်ရှင်မင်းကြီးနှစ်ပါးနှင့်တူသော သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးကိုရင်း။ ဟတွာ၊ သတ်ပြီး၍။ ရဋ္ဌံသာနုစရံ၊ ပြည့်ရှင်မင်းကြီး၏ လက်အောက်၊ အတွင်းသုလျှိုခြောက်ယောက်, အပြင်သုလျှိုခြောက်ယောက် ပေါင်းသုလျှိုတကျိပ်နှစ်ယောက်ကိုရင်း၊ ဟတွာ၊ သတ်ပြီး၍၊ အနီဃော၊ ကိလေသာဟုံသောမြူမရှိသော၊ ဗြာဟ္မဏော၊ မကောင်းမှုမှ အပပြုပြီးသော အရိယာအရှင်မြတ်သည် ယာတိ၊ နိဗ္ဗာန်ကျွန်းသို့ယွန်းတော့အံ့။

အဓိပ္ပါယ်မှာ- ကိလေသာအမြစ်အကြေး, ဒုစရိုက်ဆယ်ပါး, မီးတဆယ့်တပါး, အပါယ်လေးပါးစသော သံသရာဝဋ်ဒုက္ခအပေါင်းတို့မှ ထွက်မြောက်လိုကြသော သူတော်စင်အပေါင်းတို့... သန္တိသုခလက္ခဏာရှိသော နိဗ္ဗာန်ချမ်းသာကို အလိုဆန္ဒရှိကြပါမူကား - အမိနှင့်တူသောတဏှာကိုသတ်, အဖနှင့်တူသောမာနကိုသတ်, ပြည့်ရှင်မင်းကြီးနှင့်တူသော သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ,နှစ်ပါးကိုသတ်, ပြည့်ရှင်မင်းကြီး၏လက်အောက် သုလျှိုတကျိပ်နှစ်ယောက်ဟုဆိုအပ်သော အတွင်း အာယတနခြောက်ပါး, အပြင်အာယတန ခြောက်ပါး-ပေါင်း တကျိပ်နှစ်ယောက်ကိုသတ်ဟု ဒေသနာအစဉ်မှာ ဟောထားလေ၏။ သို့သော် အားထုတ်ပွားများရမည်, သတ်ရမည် အဓိပ္ပါယ်အစဉ်ကား ဤသို့မှတ်။

သုလျှိုတကျိပ်နှစ်ယောက်နှင့်တူသော အတွင်း အာယတန ခြောက်ပါး, အပြင် အာယတန ခြောက်ပါး- ပေါင်းတကျိပ် နှစ်ယောက်ကို ရှေးဦးစွာ ပဌမသတ်ရမည်၊ ထို့

နောက်မှ ပြည့်ရှင်မင်းကြီးနှင့်တူသော သဿတဒိဋ္ဌိ,ဥစ္ဆေဒ ဒိဋ္ဌိနှစ်ပါးကို ဒုတိယနှစ်ကြိမ်မြောက် သတ်ရမည်၊ ထို့နောက်မှ အမိနှင့်တူသော-တဏှာ, အဖနှင့်တူသော-မာန ကို သတ်ရမည်၊ ဤကား အားထုတ်ရမည်, သတ်ရမည် အဓိပ္ပါယ်အစဉ်တည်း။ အားထုတ်ပွားများ၍ သတ်သော အခါအဘယ်လိုသတ်ခဲ့လျှင် အဘယ်လို သေပျောက်သွား လိမ့်မည်နည်းဟုအမေးပုစ္ဆာထွက်နေပါသဖြင့် အဖြေကား ဤလိုမှတ်၊ ရှေ့ဦးစွာအာယတနတဆယ့်နှစ်ပါးသတ်ဖြတ် ခြင်းသည်ပဌမကဏ္ဍမည်၏၊ ဝါ- ရှေ့ဦးစွာပျောက်သွား၏။ ဒုတိယနှစ်ကြိမ်မြောက် သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိနှစ်ပါး ကို သတ်ဖြတ်ခြင်းသည် ဒုတိယကဏ္ဍမည်၏၊ ဝါ- နှစ်ကြိမ် မြောက် သေပျောက်သွားသည်မည်၏၊ သုံးကြိမ်မြောက် တဏှာနှင့်မာနကိုသတ်ဖြတ်ခြင်းသည် တတိယကဏ္ဍမည်၏၊ ဝါ-သုံးကြိမ်မြောက် သေပျောက်သွားသည်မည်၏။ တဏှာ နှင့် မာနသေပျောက်၏ဆိုသော်လည်း တဏှာနှင့် မာနသည် လေးမျိုးလေးလွှာရှိသောကြောင့် တမဂ်တဖိုလ်ရရှိမှ တလွှာ သာသေပျောက်၏ဟု ဆိုရ၏။ လေးမဂ်လေးဖိုလ်ရရှိမှလေး လွှာ အကုန်သေပျောက်၏ဟု ဆိုအပ်၏၊ ကဏ္ဍသုံးပါးဖြင့် သတ်ဖြတ်၍သေပျောက်သည်ကိုဆို၏။

ကဏ္ဍသုံးပါးဖြင့် တဆယ့်ခြောက်ပါးသော ရန်သူတို့ ကို အဘယ်တရားကိုလက်ကိုင်အာရုံပြု၍ သတ်ရပါမည်နည်း ဟု အမေးရောက်ခဲ့သော် အဖြေကား-အာနာပါနစသော တရားအာရုံကိုအရင်းမူလ အခြေပြုပြီး၊ သဒ္ဓါတရား,သတိ တရား,ဝီရိယတရား၊ ငါးသုံးပါးနှင့်ပြည့်စုံလျှင်သမာဓိတရား ကိုရနိုင်ပါ၏။ သမာဓိတရားနှင့်ပြည့်စုံလျှင် ပညာတရားကို

ရနိုင်ပါ၏၊ပညာတရားနှင့်ပြည့်စုံလျှင်(နာမ်ရုပ်အစဖြစ်ပျက် အလယ်၊ အပျက်အဆုံး၊ နိဗ္ဗာန်မြင်တဲ့လမ်းစဉ်သုံး)လို့ဆို တော့၊ကလ္လာသုံးပါးဖြင့် တဏှာ,မာန, ဒိဋ္ဌိ,အာယတန တို့ သည် သေပျောက်ပျက်စီးသွားပါ၏-ဟူလို၊

ကလ္လာသုံးရပ်ဖြင့် သန္တိသုခချမ်းသာကိုအလိုရှိကြ၍ အာယာတန-၁၂-ပါး, ဒိဋ္ဌိ ၂-ပါး, တဏှာ, မာန-၂-ပါး၊ ပေါင်း ၆-ပါးသော ရန်သူတို့ကို သတ်ဖြတ်လိုသူတို့ ဖြစ်ရမည်။ ပုဗ္ဗကိစ္စပရိကံကား- (သီလခံယူ၊ ခန္ဓာလှူရ၊ ဝေ မေတ္တာ၊ ဤသုံးဖြာ၊ သီလပဉ္စကံ။) ဤလင်္ကာအဓိပ္ပါယ်မှာ၊ ငါးပါးစသောသီလလုံခြုံအောင်စောင့်ထိန်း၊မိမိခန္ဓာကိုယ် အတ္တဘောကြီးကို စာဂါနုဿတိဂုဏ်နှင့် ပြည့်စုံအောင် ရတနာမြတ်သုံးပါးတို့ကိုလှူဒါန်း အပ်နှင်းရမည်။ မိမိ၏ ကမ္မဋ္ဌာန်းဆရာကိုလည်းလှူဒါန်းအပ်နှင်းရမည်၊ မိမိကိုယ် စောင့်သောနတ်ကို၎င်း, တပါးသောနတ်ကို၎င်း, မိမိကိုယ် ကို၎င်း, သူတပါးကိုယ်ကို၎င်း ရန်ကင်းစေလို သောကမရှိ လွတ်ကင်းဒုက္ခ မိမိတို့၏အလိုပြည့်ပါစေဟု မေတ္တာ ဝေ ရမည်။

ကြာမြင့်စွာ နေနိုင်အောင် တင်ပြင်ခွေထိုင်၊ မိန်းမများ မှာ ဒူးတုပ်ထိုင် လက်နှစ်ဖက်ယှက်၊ လက်မချင်း ထိထား၊ ကိုယ်ဖြောင့်ဖြောင့်ထား၊အဓိဋ္ဌာန်ပြုရမည်မှာ တပည့်တော် သည် ယခုတရားအားထုတ်သောအတွင်းမှာ၊ မိမိစိတ်ကို တ ခြားမလွင့်သွားဘဲ အားထုတ်အပ်သော ကမ္မဋ္ဌာန်းကို၊စိတ် စိုက်၍ မိမိကိုယ်မှာကျရောက်သော ဘေးဒဏ်အန္တရာယ်တို့ ကို သည်းခံပြီး နိဗ္ဗာန်သဘောကိုမြင်ရပါလို၏ဟု အဓိဋ္ဌာန် ပြုရ၏။ ၎င်းအဓိဋ္ဌာန်ပြုပြီးသောအခါ အဝင်ရော အထွက်

ရောနှာသီးဖျားမှာ ထိ၍နေသော နေရာတခုရှိ၏၊ တခါ-နှစ်
ခါ ရှူရှိုက်၍ကြည့်လိုက်ပါ။ အဝင်ရော အထွက်ရော-ထိ
နေသော နေရာတခုကိုတွေ့ပါလိမ့်မည်။ တွေ့သောအခါ ဝင်
လေ ထွက်လေ ထိသောနေရာမှာ မယိမ်းမယိုင်ကျောက်စာ
တိုင်ကဲ့သို့ စိတ်ကိုခိုင်မြဲစွာထား၊ ဝင်လေ ထိသောနေရာက
ဝင်လာသည်ကို ထိ-သည်နှင့်တပြိုင်နက် သတိထားပြီး သိ
လိုက်အောင်မှတ်၊ နောက်ပြန်၍ထွက်လာလိမ့်မည်။

ထိသောနေရာက သတိထားပြီး ထိ-သည်နှင့်တပြိုင်နက်
သိ-လိုက်အောင်မှတ်။ ဝင်လေနှင့်ထွက်လေကို ထိသောနေရာ
က စိတ်ထား၍စောင့်ပြီးမှတ်သည်ရှိသော် မဝင်ခင်-မထွက်
ခင်-ကြိုတင်၍မမှတ်ရ၊ ဝင်ပြီး-ထွက်ပြီးမှ၊ နောက်ကျ၍လည်း
မမှတ်ရ၊ ဝင်လေထွက်လေနှစ်ခု အစုံထိသောနေရာက ထိ
သည်နှင့်တပြိုင်နက် ရှေ့မကျ-နောက်မကျ သတိထားပြီး
သိအောင်မှတ်ရမည် ဝင်လေကို မသိ-မမှတ်ဘဲ မဝင်စေနှင့်
ထွက်လေကို မသိ-မမှတ်ဘဲ မထွက်စေနှင့်၊ ဤကဲ့သို့ ဝင်လေ
ထွက်လေတို့ကို သိအောင်မှတ်နေသောအခါ ရှေ့မကျ-
နောက်မကျဝင်လာလျှင် ထိသည်နှင့်တပြိုင်နက် သိ-မှတ်
ပါ၊ ထွက်လာလျှင်ထွက်သည်နှင့်တပြိုင်နက် ထိသောနေရာ
က သိအောင်မှတ်ပြီး အမှတ်မှန်မှသာလျှင် ကမ္မဋ္ဌာန်း
သန္တတိအစဉ်ကျ၏။

ထိုမှတပါး ဝင်လေ ထွက်လေ၊ ဝင်သည်ထွက်သည်ဟု
သိ-အောင်မှတ်နေသည့်အတွင်းမှာပင် မသိ-လိုက်သည်မရှိ
ရှေ့ကျ-နောက်မကျလည်းမရှိ၊ ထိသည်နှင့်တပြိုင်နက်သိမှတ်
ပါသော်လည်း သိခြင်း-မှတ်ခြင်းမပျက်ဘဲနှင့် အသံတည်း
ဟူသော-သဒ္ဒါရုံ အသံကြားရာလိုက်၍ ဘာသံပါလားဟု

သိမှတ်မှု,ခံစားမှုဖြစ်လာတတ်သည်၊ ဤသို့ဖြစ်လာလျှင် သိမှတ်မှုမပျက်သော်လည်း အသံကိုအကြောင်းပြု၍ စိတ်တခုကြားက ညှပ်ပြီးဖြစ်သွားသောကြောင့် ဝင်လေ-ထွက်လေကိုမှတ်သိသော သန္တတိအစဉ်ပျက်၏၊ မိမိပွားများတာက ဝင်လေ-ထွက်လေ- ဝါယောဓါတ်ကို ပွားများမှတ်သိဒါ၊ ယခုလေ မှတ်သိလျက် အသံအာရုံကိုသွား၍ မှတ်သိသော သိ-မှု တခု ဖြစ်လာသောကြောင့်တည်း။

ဤမှတပါး မြင်မှုမှာ-စိတ်တခုညှပ်ခြင်း,ကြားမှုမှာ စိတ်တခုညှပ်ခြင်း,နံမှုမှာစိတ်တခုညှပ်ခြင်း, လျက်မှုမှာစိတ်တခုညှပ်ခြင်း, မိမိကိုယ်၌ ထိမှု- ယားမှု- နာကျင်မှု- ကိုက်ခဲမှု- စိတ်တခုညှပ်ခြင်း,တပါးသောအာရုံထင်မြင်လာမှုမှာ-စိတ်တခုညှပ်ခြင်း, ဓါတ်တပါးပါးပေါ်ထွက်လာမှုမှာ— စိတ်တခုညှပ်ခြင်း၊ ဤယခုဆိုခဲ့ပြီးသော- စိတ်ညှပ်ခြင်း မရှိမှသာလျှင်သန္တတိအစဉ်မပျက်အောင် အထူးသတိထားပြီး သဒ္ဓါ၏အင်္ဂါမျိုးနှင့်ပြည့်စုံအောင်,သတိအင်္ဂါလေးပါးနှင့် ပြည့်စုံအောင်,ဝီရိယအင်္ဂါလေးမျိုးနှင့်ပြည့်စုံအောင် ရှေ့နောက်မကျကြားညှပ်ခြင်းမရှိ၊ထိ-သည်နှင့်တပြိုင်နက် သိ-မှု,မှတ်မှု, ခံစားမှုဖြစ်လာမှသာလျှင် သန္တတိအာနာပါန ကမ္မဋ္ဌာန်းအစဉ်မပျက် အမှန်ယူရမည်မှတ်၊ သို့ဖြစ်ပါ၍ ဥပရိပဏ္ဏာသပါဠိတော်မှာ။ ။သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ။ ။သော၊ ထိုထက်ဝက်ဖွဲ့ခွေ ထိုင်နေပြီးသော ယောဂီပုဂ္ဂိုလ်သည်။ သတော၀၊ မလစ်စေမူ့ သတိပြု၍သာလျှင်။ အဿသတိ။ ထွက်သက်ကိုရှုတ်၏၊ သတော၊ မလစ်စေမှုသတိပြု၍သာလျှင်။ ပဿသတိ။ ဝင်သက်ကိုရှု၏၊

ဤသို့လာသည်ကိုမှတ်၊ အဓိပ္ပါယ်မှာ- အဝေးကကြည့် လိုက်လျှင် မီးစိုင်းကြီးကဲ့သို့ အဝေးကကြည့်ပြန်လျှင် စက်ဝိုင်းကြီးလည်နေသလို ထင်မှတ်အောင်ရှုရမည်ဟုမှတ်၊ အထူးသဘိထားပြီး နောက်ကသုတမယဉာဏ်ဖြင့် မှတ်ဘိုရာဆိုခဲ့သည့်အတိုင်း သဒ္ဓါပွားများခြင်တဲ့အင်္ဂါငါးပါးနှင့်ပြည့်စုံအောင် မယုတ်မလျော့စေနှင့်၊ အောက်မေ့ခြင်တဲ့သတိအင်္ဂါလေးပါးနှင့် ပြည့်စုံအောင် မယုတ်မလျော့စေနှင့်၊ ဝိရိယအင်္ဂါလေးပါးနှင့်ပြည့်စုံအောင် မယုတ်မလျော့စေနှင့်၊ ဤကဲ့သို့မယုတ်မလျော့ သဒ္ဓါ,သတိ,ဝီရိယ-သုံးပါး အညီအမျှစိတ်အားစိုက်၍ နာရီ-အချိန်မှာ သန္တတိအစဉ်မပျက်မှု၍ပွားများနေသောအခါ ထိ-သောအခါ အမှတ်နှင့်အသိကို မှား၍နေမည်ကြောက်သောအားဖြင့်ရင်း, ပွားများနေတုံးအခါ စိတ်တခုကြားထဲက ညှပ်၍ဖြစ်မည်ကိုကြောက်သောအားဖြင့်ရင်း အလွန်ပင် သန္တတိ အစဉ်ပျက်မှာစိုးရိမ်ပြီး မှတ်-သိ-နေရသည်အတွက် မျက်စိဖြင့်မြင်ကောင်းသော ရူပါရုံ မဝင်နိုင်၍ သေသည် မည်၏၊ နား၌ကြားကောင်းသော အသံသူလျှိုလည်း သေသည်မည်၏ နှာခေါင်း၌ နံကောင်းသော - ဂန္ဓာရုံသူလျှိုလည်းသေသည်မည်၏၊ လျှာ၌ လျက်ကောင်းသော ရသာရုံ သူလျှိုလည်းသေ၏၊ ကိုယ်၌တွေ့ထိကောင်းသော ဖေါဋ္ဌဗ္ဗာရုံသူလျှိုလည်းသေ၏၊ ဖြစ်ခဲ့ပြီးသော အဟောင်းအာရုံငါးပါးကိုပြန်၍ မအောင်းမေ့၊ အသစ်ကို- ကြံဆတွေးတောအောက်မေ့ကောင်းသော ဓမ္မာရုံ သူလျှိုလည်း သေသည်မည်၏၊ ရင်း အပြင်အာရုံဟုဆိုအပ်သော သူလျှိုရန်သူခြောက်ယောက်တို့ကို မအောက်မေ့နိုင်, မသိနိုင်, မမှတ်

နိုင်, မခံစားနိုင်၍ အမှန်စင်စစ် သေသည်မည်၏၊ မရှိသည်လည်းမည်၏၊ အဘယ်ကြောင့်ဆိုသော်၊ ဝင်လေ-ထွက်လေ ဘိ-သော အခိုက်အတန့်မှာ၊ သမာဓိမရဘဲ၊ သန္တတိအစဉ် ပျက်သွားမည်၊ စိုးရိမ်ကြောင့်ကျနှင့်။ မှတ်နေရသည်အတွက် အပြင်သူလျှိုခြောက်ယောက် သေသည်ဟု ဆို ရ ခြင်းသည်၊ သေသည်ဆိုဒါ၊ ဟုတ်သည်-မဟုတ်သည်ဟုဆိုသော စကားဟာ၊ စဉ်းစားကြည့်ပါက၊ သေသေချာချာ-ကိုယ်ပိုင်ဉာဏ်ဖြင့် သိကြပါလိမ့်မည်။

၎င်းအပြင် သူလျှိုခြောက်ယောက် သေသော အခါမှာလည်း နိမိတ်သုံးမျိုးတို့တွင်၊ ဥဂ္ဂဟနိမိတ်ဟု ဆိုအင်သော သမာဓိတည့်ဘိုရာ အားကောင်းခြင်းသို့ ရောက်၏။ ထိုမှတပါး စက္ခုန္ဒြေ,သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝိန္ဒြေ,ကာယိန္ဒြေ, မနိန္ဒြေ-ဟူသော ဣန္ဒြေခြောက်ပါး လုံခြုံ၍ ဣန္ဒြိယသံဝရ သီလနှင့်ပြည့်စုံ၏။ ဣန္ဒြေဟူသည် အစိုးရသည်ကိုဆိုသည်၊ သံဝရဟူသည် လောဘ, ဒေါသ,မောဟ စသောအကုသိုလ် ဒုစရိုက် နီဝရဏတရားတို့ မဝင်နိုင်အောင် စောင့်သည်ကို ဆိုသည်။ ဤသို့လျှင် ဣန္ဒြိယသံဝရ မည်၏၊ သီလသာသနာဟုလည်း ခေါ်ပါ၏။ အပြင်သူလျှိုခြောက်ယောက်သေပြီးသည် နောက် ဝင်လေ-ထွက်လေကို အမှတ်-အသိ ရှေ့နောက် မကျ စိတ်တခုကြားညှပ်ခြင်းမရှိ၊ အမှတ်-အသိ- မှန်ကန်နေ သည်အခိုက် အတန့်မှာသော်၎င်း, သို့မဟုတ် လေနည်းပါး ပြီးပြတ်သွားသော်၎င်း၊ ၎င်းပြတ်သွားသည်နောက် ဘွား ကနဲ-ဝင်လေ-ထွက်လေ ပေါ်လာပြီး ဖြူရောင်- နီရောင် ဝါရောင်- ပြာရောင်- ပုလဲရောင်- ကြယ်ရောင်- လရောင် နေရောင်- မီးခိုးရောင် စသော အရောင်နိမိတ် အမျိုးမျိုးတွင်

တခုခုသော အရောင်နိမိတ် ပေါ် ထွက် လာ ရမည် ကောန်မှင်တည်း။

မပေါ်ထွက် သည်လည်း ရှိပါသေး၏၊ နိမိတ်ကိုလိုချင်ဆန္ဒမျိုးရှိပါ၍ အရောင် အမျိုးမျိုး ပေါ်ထွက်လာအောင် စိတ်ကူးဖြင့် ပွားခဲ့ပါလျှင် ဝင်လေ-ထွက်လေ ခါတိုင်း ထိသောနေရာ ထိခဲ့သည်ရှိသော် ရှေ့နောက်ကျလိုကျ ထိမှန်းလည်းမသိဘဲ ဖြစ်သွားပြီးသန္တတိစိတ်အစဉ် ပျက်ကုန်တတ်သည်၊ သတိကြပ်ကြပ်ထားလိုက်ပါ၊ နိမိတ်ရောင် အမျိုးမျိုးတို့ကို လိုချင်အာသာ ဆန္ဒမရှိကြပါနှင့်၊ သူ့သဘောနှင့်သူအလိုလိုပေါ်လာလိမ့်မည်၊ ဤကဲ့သို့ပေါ်လာသော နိမိတ်ကိုမလိုက်မူ၍သူ့သဘောနှင့်သူပေါ်ဒါဘဲဟု မလိုက်စားဘဲနေလိုက်သော် မျက်စေ့အတွင်း၌ရှိသော စက္ခုပသာဒရုပ်ကအပြင်အဆင်း အမျိုးမျိုးတည်းဟူသောရူပါရုံကိုမအောက်မေ့မမြင်ဘဲရှိ၏။ နားအတွင်း၌တည်သော သောတပသာဒရုပ်ကလည်း အပြင် အသံတည်းဟူသော သဒ္ဒါရုံသို့လိုက်၍ကြားချင်သောသဘောမရှိ၊ နှာခေါင်း အတွင်း ရှိ သော ဃာနပသာဒ ရုပ်ကလည်း အပြင် အနံ့တည်း ဟူ သော ဂန္ဓာရုံသို့လိုက်၍ အနံ့ခံချင်သော သဘောမရှိ၊ လျှာလယ်၌ရှိသော ဇိဝှါပသာဒရုပ်ကလည်း အပြင်ရသာရုံသို့လိုက်၍လျက်စား ချင်သော သဘောမရှိ၊ ကိုယ်ကာယ၌ ရှိသော ကာယပသာဒရုပ်ကလည်းအပြင်အတွေ့အထိ-မှတ်ကောင်းသော ဖေါဋ္ဌဗ္ဗာရုံသို့လိုက်၍ခံစား-တွေ့ထိချင်သောသဘောမရှိ၊ ရင်လယ်အချိုင့် ဟာဒယဝတ္ထုကလည်း ရှေ့ကဖြစ်ခဲ့ဘူးသောအာရုံ, အသစ်ဖြစ်သောအာရုံတည်းဟူသော ဓမ္မာရုံသို့လိုက်၍အောက်မေ့ စိတ်ကူးချင်သော သဘောမရှိ၊

ဇ္ဈတ္တ အတွင်း၌ရှိ သူ့လျှိုခြောက်ပါး ဟု ဆိုအပ်သော အာယတနတို့သည် အပြင် အာရုံ ခြောက်ပါးသို့ တောင့်တာ၍ မအောက်မေ့၊ အလာလည်း လက်သင့်မခံဘဲ နိမိတ်အရောင်ထဲ၌ ထိ-သိ-နေသော ရုပ်နာမ်ပေါ်မှာ စိတ်စူးပြီး ထိ-သောရုပ်, သိ-သော နာမ်တရား တည်နေသည်ကိုပင် သမာဓိ-တည်သည်ဟု ဆိုအပ်၏။ သမာဓိ သာသနာဟူ၍လည်း ခေါ်ဆိုနိုင်သေး၏၊ အတွင်းသူ့လျှိုခြောက်ပါးလည်း သေ၏။ အပြင် သူ့လျှို ခြောက်ပါးကလည်း မဝင်လာ၊ အတွင်းသူ့လျှိုခြောက်ပါးကလည်း အပြင်သို့ မသွား၊ နိမိတ်ရောင်ထည်းတွင် စိတ်စူးပြီးနေသည်ကိုပင် ခန္ဓာကိုယ်ပျောက်သွားသည်ဟုဆိုအပ်၏။ သုဉ်းသွားသည်ဟု လည်းဆိုအပ်သေးပါ၏၊ အဘယ်ကြောင့် ဆိုအပ်သနည်းဟူမူ ပျောက်သွားသောအခါ, စိတ်စူနေသောအခါ, သိ-မှု-သိမှုသာရှိ၍ ကိုယ်လက် အင်္ဂါဦးခေါင်း ခြေထောက်သည်မရှိ၊ ထိ-သိ-သတိသာရှိသောကြောင့် ပျောက် သွား သည် ဟု ဆိုပါ၏၊ ဤသို့-ထိ-သိ-ရုပ်-နာမ်-နှစ်ပါး တည်နေသော အခါမှာ နီဝရဏစသော အညစ် အကြေးကင်းပြီး အဘယ်ကဲ့သို့သော အာရုံတခုမှမရှိ၊ မေ့နေသော ပုသဏ္ဌာန် ဖြစ်နေခြင်းသည်ပင် ပဋိဘာဂနိမိတ်တည်နေသည်လည်းဖြစ်ပါ၏။

ထိုမှနောက် ပဋိဘာဂအရောင် နိမိတ်နှင့်တကွ ထိ-သိ-နှစ်ပါးကို ပညာဟုဆိုအပ်သော ပညိန္ဒြေ စေတသိတ်ကဝေဘန်ကပြုပြီး ဝင်လေ-ထွက်လေ-အစုံ သိ သောနေရာက စောင့်၍ ထိ-တယ်လို့ မှတ်ဒါက သညာ စေတသိတ်သညာက္ခန္ဓာ၊ ထိ-သည်ဟု သိ-ဒါက ဝိညာဉ်စိတ်ဟု ဆိုအပ်သော ဝိညာဏက္ခန္ဓာ၊ သိ-မှု-မှတ်မှု ကပြင်နောက်ဖြစ်သည် ဒီ

ခါ ခံစားမှုက ဝေဒနာစေတသိက်ဟု ဆိုအပ်သော ဝေဒနက္ခန္ဓာ၊ ဝင်လေ-ထွက်လေက ဝါယောဓါတ်ဟု ဆိုအပ်သော ရူပက္ခန္ဓာ၊ ဝါယောဓါတ်နှင့် ဃာနပသာဒ စင်ပေးလိုက်ဒါက ဖဿဟု ဆိုအပ်သော သင်္ခါရက္ခန္ဓာ၊ ပေါင်းခန္ဓာငါးပါးကို ဝေဘန်ပိုင်းခြား၍ သိ-ဒါက ပညိန္ဒြေစေတသိက်ဟုဆိုအပ်သော ပညာဉာဏ်ဖြစ်၍ ပညာသာသနာဟုခေါ်ပါသည်ယခုဆိုအပ်ခဲ့ပြီးသော သီလ,သမာဓိ,ပညာတရားတို့သည် လောကီသီလ, လောကီသမာဓိ, လောကီပညာတို့သာ ဖြစ်ကုန်၏၊ ဤကဏ္ဍမှာ သူလျှိုတဆယ့်နှစ်ယောက်သေသည်ဟု မှတ်လိုက်ကြပါ၊ စဉ်းစားကြည့်ကြပါ။

ပဌမကဏ္ဍပြီး၏၊

---

## ၂၄။ ဒုတိယကဏ္ဍမှတ်သားရန်

ဒုတိယကဏ္ဍမှာ ဝင်လေ-ထွက်လေကို ပဌမကဏ္ဍအတိုင်း ရှေ့မကျ- နောက်မကျ- ထိ-သည်နှင့် တပြိုင်နက် ထိမှု သဘောပရမတ်ကို ထင်မြင်အောင်ကြည့်၊ တို့ နောက်မှတ်မှု သဘော ပရမတ်ကို ထင်မြင်အောင်ကြည့်၊ထိ-မှုရုပ်ပရမတ်နှင့် သိ-မှု နာမ်သဘောပရမတ်ကို ပိုင်ပိုင်ကြီး ထင်မြင်လာအောင် ကြည့်လိုက်အုံး ထိ-မှုရော, မှတ်မှုရော,သိမှုရော သုံးပါးအပေါင်းကို ထင်မြင်လာအောင် သတိကြပ်ကြပ်ထားပြီး မရောမယှက် ပညတ်ကိုပယ် ပရမတ်ကိုတွယ်ဟု ဆိုဘိသကဲ့သို့ ပရမတ်သတ်သတ် အသိ ဉာဏ်ပိုကဲ့သည်ရှိသော် ထိ-မှုရုပ်,မှတ်မှုနာမ်, သိ-မှုနာမ်ဟု သုံးပါး

ရောယှက်ပေါင်း ဘက်စပ်လျက် တခဏမျှတည်နေဆဲခဏ မှာ စိတ်ထဲက ချမ်းသာဆင်းရဲအလယ်အလတ်တွဲစပ် ခံစား ဝေဒနာ- တပါးပါးဖြစ်ပြန်သည်ကို သေချာစွာဉာဏ်နှော၍ သဘောပရမတ်ကျနစွာကြည့်ပြန်အုံး။

၎င်းခံစားမှု ဝေဒနာ-နာမ် အသိဉာဏ် ပိုင်ခဲ့ပြန်သော် မယိမ်းမယိုင်ကျောက်စာတိုင်ကဲ့သို့ ခိုင်ခိုင်ကြီးသတိ မပြတ် တသစပ်ထည်းထိ-မှု ရုပ်နာမ်သဘော,မှတ်မှုနာမ်သဘော သိမှုဝိဉာဉ်နာမ်သဘော, ခံစားမှု ဝေဒနာ-နာမ်သဘော, ပရမတ်ဆတ်ဆပတ် ပညတ်မပါ သဘောပရမတ်ဖြင့်သာ လေးပါးရောယှက် ပေါင်းဆုံစွက်လျက် ပိုင်နိုင်စွာတခဏ တိုင်း မဆိုင်းမတွ- ကသိုဏ်းဝန်းကျအောင် ထင်လင်းစွာ ကြည့်လိုက်အုံး၊ ကြိမ်ဖန်များစွာ ကြိုးထွား လတ် သော် တခဏတိုင်း တခဏတိုင်း ဘွားကနဲ-ဘွားကနဲ ရုပ်-နာမ်- နှစ်ရပ် အသိဉာဏ်ကပ်၍ ပိုင်ကဲ့ပြန်သော် ၎င်းလေးရပ် ပေါင်းဆုံ စပ်လျက်အပြင်လေ- ဝါယောဓါတ် သဘောနှင့် အတွင်းရုပ် ယာနပသာဒ- ထိစပ်တတ်သော- သဘော ပရမတ်သည် ဖဿဟုဆိုအပ်သော သင်္ခါရက္ခန္ဓာစေတသိတ် သဘော ဟူ၍ ပိုင်ပိုင်နိုင်နိုင် ထင် မြင် လာအောင် ပွားများကြည့် ရှု လိုက်ပါအုံး။

သဒ္ဓါ; သတိ,ဝိရိယသုံးပါးနှင့် ညီမျှစွာဖြင့် ထင်မြင် သိရှိလာသည်ရှိသော် ထိမှုသဘော, မှတ်မှုသဘော,သိမှုသ ဘော ခံစားမှု သဘော, စပ်မှု သဘော, ငါးပါးစုံရောယှက် ပေါင်းဖက်စပ်လျက်ခဏတိုင်းခဏတိုင်းတခုစီခြားနားပါ၍ သဒ္ဓါ,သတိ,ဝိရိယသုံးဖြာ အားကောင်းစွာဖြင့် ပိုင်ပိုင်ကြီး ကွဲလွဲအောင် ပွါးများအားထုတ် အသိဉာဏ် ရောက်

**သည်ရှိသော်** ရုပ်နှင့်နာမ်ပေါင်း- ဖြစ်ပျက်ကြောင်းကို **ကောင်း** ကောင်းသိမြင် ပရမတ်ထင်၍ ပိုင်နိုင်သူ**အား** ပညတ်**မှာ** အစွဲမဝင် ယထာဘူတ ဟုတ်မှန်တိုင်းဉာဏ်လျှ**က်** သက္ကာယဒိဋ္ဌိ**စင်** တဏှာမဝင် ကြည်လင်စွာ နေ**လေတော့သတည်း**၊ ရုပ်-နာမ်-နှစ်မျိုးကို ပိုင်းခြား၍ထင်မြင်သိရှိလေ**သော**ကြောင့် နာမရူပ-ပရိစ္ဆေဒ ဉာဏ် မည်၏ **မှတ်**၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်**အဋ္ဌကထာ**မှာ-

နာမရူပမတ္တတော-ဥဒ္ဓံအညောသတ္တောဝါ
ပုဂ္ဂလောဝါ ဒေဝေါဝါ ဗြဟ္မာဝါ နတ္ထိတိ-ဟုလာ၏၊

**နာမရူပ မတ္တတော**၊ **နာမ်ရုပ်နှစ်ပါးထက်**။ ဥဒ္ဓံ အလွန်၊ **အညော**၊ တပါး**သော**။ သတ္တောဝါ၊ သတ္တဝါသည်၎င်း၊ ပုဂ္ဂလောဝါ၊ ပုဂ္ဂိုလ်သည်၎င်း၊ ဒေဝေါဝါ၊ နတ်သည်၎င်း၊ ဗြဟ္မာဝါ၊ ဗြဟ္မာသည်၎င်း၊ **နတ္ထိ**၊ **မရှိ**၊ ရုပ်**နာမ်** **နှစ်ပါး**သာရှိ၏၊ **သို့ဖြစ်**ပါ၍ **နာမ**ရူပ- ပရိစ္ဆေဒဉာဏ်မည်၏။ ထိုမှ **တပါး** ဝိသုဒ္ဓိမဂ်၌လည်း- ဧဝံ သုဝိသုဒ္ဓရူပ၊ ပရိဂ္ဂဟဿ ပနဿ အရူပမုခ**ာ** တီဟိအာကာရေဟိ ဥပဋ္ဌဟန္တိ ဖဿဝသေနဝါ ဝေဒနာဝသေနဝါ ဝိညာဏဝသေနဝါ၊ ဧဝံ၊ ဤသို့။ သုဝိသုဒ္ဓရူပ ပရိဂ္ဂဟဿ၊ **စင်ကြယ်စွာ**မြင်**အောင်** ရုပ်ကိုသိမ်း**ဆည်း** ဆင်ခြင်သော။ **အဿ**ပန၊ ထိုယောဂီပုဂ္ဂိုလ်**အား**ကား၊ **အ**ရူပမုခ**ာ**၊ **နာ**မ်တရားတို့သည်။ တီဟိ၊ သုံး**ပါး**ကုန်သော၊ **အာကာရေ**ဟိ၊ **အခြင်း** **အ**ရာတို့ဖြင့်၊ ဥပဋ္ဌဟန္တိ၊ **ထင်လာကုန်၏**။ **ဖဿဝ**သေနဝါ ဖဿနာမ်၏ **အစွမ်းအား**ဖြင့်၎င်း၊ ဝေဒနာဝသေနဝါ၊ **ဝေဒနာ**နာမ်၏ **အစွမ်း** ဖြင့်၎င်း။ **ဝိညာဏ**ဝသေနဝါ၊ ဝိညာဉ်နာမ်**၏** **အစွ**မ်းဖြင့်၎င်း၊ ဥပဋ္ဌဟန္တိ၊ ထင်လာကုန်**၏**။

**အဓိပ္ပါယ်ကား**- ရှင်တရားကိုသာလျှင် **အစင်အကြယ်** **မြင်အောင်** သိမ်းဆည်းဆင်ခြင်**သော** ယောဂီပုဂ္ဂိုလ်များမှာ ရံခါဖဿကြီးမှူးသော ဖဿနာမ်တရား ထင်လာတတ်၏၊ ရံခါဝေဒနာကြီးမှူးသော ဝေဒနာ- နာမ်ထင်လာတတ်၏၊ ရံခါဝိညာဉ်နာမ်ကြီးမှူးသော ဝိညာဉ်စိတ်ထင်လာတတ်၏။ ရံခါမှတ်မှုကြီးမှူးသော မှတ်မှုသညာနာမ်**ထင်**လာတတ်၏၊ ဤကဲ့သို့ **နာ**မ်-ရုပ်-နှစ်ပါးကို ပိုင်း**ခြားထင်**ထင် ရှုမြင်ပြီးသော နာမရူပ- ပရိစ္ဆေဒဉာဏ်ဖြစ်ပြီး**သည်နောက်** **သဒ္ဓါ**ဗိုလ်, သတိဗိုလ်, **သ**မာဓိဗိုလ်, ဝီရိယဗိုလ်, **ပညာ**ဗိုလ်, **ငါး**ဗိုလ်ငါးပါးကို အရင်းမူလ မိမိ၌တည်**ထောင်** လက်**အောက်**ခံ **သိမ်း**ပိုက်ပြီး၊ မိမိ၏ ခန္ဓာကိုယ်ပေါ်မှာ ရုပ်ဘောက်ပြန်ပျက်**စီး**ခြင်း **တ**စိတ်တဒေသကိုသော်ငှင်း၊ ရေပွက်**များ** တခုပြီးတခု **ပျောက်ပျက်** **သွား**သကဲ့သို့ငှင်း, ဖြစ်ပျက် အသံကိုငှင်း၊ **အ**မှုန့် ကလေး**တွေ** လွင့်နေသကဲ့သို့ငှင်း ထင်မြင်ကြလိမ့်မည်။

အဲ့သည်တော့မှ **ယော**ဂီပုဂ္ဂိုလ်ဉာဏ်မှာ၊ပြော်ငါသည်ရှေ့အခါက ငါ့လက်- ငါ့ခြေ- သတ္တဝါနပ်ပါ တက**ား**ဟုစွဲလမ်းခြင်း ဒိဋ္ဌိ**အ**ယူဟာ **မ**ဟုတ်ပါတ**ကား**ဟု ထင်ထင်ရှား**ရှား**ကြီး မြင်**လာ**လိမ့်မည်၊ ထိုမှတပါး ယောကျ်ားမိန်း**မ**, ငါ, သူငါ, သူတပါး, **အသက်**, သတ္တဝါ-ဟု စွဲလမ်းခြင်းသည် **အ**မှားကြီးမှားနေသော ဒိဋ္ဌိပါတကားဟု အမှန်ကိုမြင်လာလိမ့်မည်၊ ထို့ကြောင့် **အ**မြင်ထူး, **အ**ထိထူး, **အ**ယူထူးဒါ၊ **ကျင့်**သည့် ဝိပဿနာဟုဆို**လေ**သည်၊ ဤသို့ဖြစ်သည်မှစ၍ **သ**ဿတဒိဋ္ဌိ, ဉစ္ဆေဒဒိဋ္ဌိ နှစ်ပါးကိုလည်းပယ်**သ**ည်မည်ပါ၏၊ တပါးစိ တပါးစိ၌လည်း ပရမတ်သား

ဓါတ်သား အစစ်ထင်မြင်တွေ့လာသောအခါ၊ ယောကျ်ား, မိန်းမ, ငါ-သူငါ စသည်ရှာ၍မတွေ့ဟု မှောင်မိုက် သော အခါ၊ မီးများထွန်းလိုက်သော် အလင်းရောင်များ ပေါ် လာပြီး အသက်ရှိသောသတ္တဝါ, အသက်မရှိသောဝတ္ထု တို့ကို ထင်ထင်ရှားရှား မြင်လာဘိသကဲ့သို့ မိမိ၏သန္တာန် မှာ မီးရောင်နှင့်တူသော ပညာရောင်ဖြင့် ထင် မြင် လာ အောင် ပွားများ ပါမူကား တကိုယ်လုံး ပျောက်သွားပြီး ရုပ်-နာမ်-အစစ် ပရမတ်ခန္ဓာကိုသာ ထင်မြလာလိမ့်မည်၊ ပရမတ်အစစ်တွေ့မြင်လာသော အခါ သုဉ်း သွား သည် ခေါ်ပါ၏။ မိမိ၏သန္တာန် ကိုယ်ခန္ဓာပျောက်သွား၏။

ဤကဲ့သို့ခန္ဓာကိုယ် ပျောက်သွားသောအခါ၊ သုဉ်းသွား သောအခါ၊ သဿဒိဋ္ဌိ, ဥစ္ဆေဒ-ဒိဋ္ဌိ-နှစ်ပါးပြတ်ပြီးသော်၏။ ဤအခါမှာ၊ သီလအလွန် စင်ကြယ်သည်ဖြစ်၍၊ သီလ သာသနာတည်ပြီး၊ သီလသာသနာခေါ်၏၊ ရုပ်-နာမ်- နှစ် ပါးကိုမြင်၍ တည်နေသည်ကို သမာဓိတရား မိမိ၌တည်၍၊ သမာဓိသာသနာဟု ခေါ်ပါ၏၊ ပညာဉာဏ်ဖြင့် ဝေဘန်၍ ရုပ်-နာမ် အစစ်တို့ကို ပိုင်းခြားသိမြင်နိုင်၍၊ ပညာသာသနာ လည်းခေါ်သေး၏။ ၎င်းသီလ, သမာဓိ, ပညာတို့သည် လောကီဉာဏ်နှင့် ယှဉ်တွဲပြီး၊ လောကုတ္တရာဟု ဆိုအပ်၏၊ ရုပ်- သညာ-ဝိညာဉ် ဝေဒနာ- ဖဿ-သင်္ခါရတို့ကို ရှုမြင်ရ ခြင်းအကြောင်းမှာ သတိပဋ္ဌာန်ပါဠိတော် နည်းမှီး၍မှတ် ရမည်။

စိတ္တသင်္ခါရ ပဋိသံဝေဒီ အဿ°-ဿာမီတိ သိက္ခတိ။
စိတ္တသင်္ခါရ ပဋိသံဝေဒီ ပဿ°-ဿာမီတိ သိက္ခတိ။

စိတ္တသင်္ခါရံ၊ ဝေဒနာ, သညာ စသော-စိတ်သင်္ခါရကို၊ ပဋိသံဝေဒီ၊ ထင်ရှားစေလျက်။ အဿ°ဿာမိ၊ ထွက်သက်

ကိုလွှတ်ပေလတံ့၊ စိတ္တသင်္ခါရံ၊ ဝေဒနာ- သညာ စသော စိတ်သင်္ခါရကို၊ ပဋိသံဝေဒီ၊ ထင်ရှားစေလျက်၊ ပဿ ဿာမိ ဝင်သက်ကိုရှုပေအံ့၊ အဓိပ္ပါယ်မှာ-ထွက်သက်ဝင်သက်ကို သတိပြုပြီး အသိဉာဏ်မပါဘဲနှင့်ဘယ်အခါမှမလွှတ်ရဟူ၍ မှတ်ပါ၊ ဤဒုတိယကဏ္ဍမှာ ရုပ်နာမ်-ပိုင်းခြား၍ သိပြီးမှ ရုပ်နာမ်-ပျောက်သွားပြီး ရှာမတွေ့ မေ့သလိုဖြစ်၍ ဘွား ကနဲ မရဘူး မတွေ့ဘူးသော အဖြစ်မျိုးစုံတို့ကိုတွေ့မြင်တတ် ကြ၏။ ဝါ-တွေ့မြင်ရသောကြောင့် အလွန့် အလွန်နှစ်သက် ပြီး ပီတိတမျိုးမျိုး ဖြစ်သွားပြီး သောအခါ စိတ်ကြီးဝင်၍ အထက်တန်း စိတ်ရောက်သွားတတ်သည်၊ သတိကြပ်ကြပ် ထားလိုက်ပါ၊အဲဒါဟာအခြားမဟုတ် နိကန္တိ-တဏှာဆိုဒါ သူတို့ပါဘဲ အဲဒါကြောင့် ဤလို-နာမ်- ရုပ်- ပျောက်သွား ခြင်းကြောင့် စိတ်ကြီးဝင်ပြီး အပါယ်လေးပါး အန္တရာယ် ရောက်မည်ကို-ကြောက်ကြပါ-သူတော်စင်တို့။

ဒုတိယကဏ္ဍပြီး၏။

---

## ၂၅။ တတိယကဏ္ဍမှတ်သားရန်

အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ။
အနိစ္စာနုပဿီ ပဿသိဿာမီတိ သိက္ခတိ။
[အာနာပါနသတိပဋ္ဌာန်ပါဠိတော်]

အနိစ္စာနုပဿီ၊အမြဲမရှိ အနိစ္စကိုအဘန်တလဲလဲရှု၍၊ အဿသိဿာမိ၊ထွက်သက်ကို လွှတ်ပေအံ့။ ဣတိ၊ ဤသို့၊ သိက္ခတိ အားထုတ်ကျင့်ရ၏။ အနိစ္စာနုပဿီ၊ အမြဲမရှိ

အနိစ္စကို အဘန်တလဲလဲရှု၍၊ ပဿသိဿာမိ၊ ဝင်သက်ကို ရှုပေအံ့။ ဇာတိ၊ ဤသို့ သိက္ခတိ၊ အားထုတ်ကျင့်ရ၏။ အဓိပ္ပါယ်မှာ အာရဒ္ဓဝီရိယ, ဩကပ္ပနသဒ္ဓါ, ဗောဓိ အမည်ရသော သတိ၊ ဤသို့ တရားသုံးပါး တပါးပါးနှင့် အဓိဋ္ဌာန်ပြု၍ ထွက်သက် ဝင်သက် လွှတ်ရမည်၊ ရှုရမည်၊ ဤကဲ့သို့ ရှုပုံ ရှုနည်း လွှတ်ပုံ လွှတ်နည်း ဤလိုမှတ်၊ ဝင်လေ နှာသီးဖျား၌ ဝင်လာလျှင် ထိ-လိမ့်မည်၊ ထိ-သောသဘော တရားဟာ ရုပ်ပါဘဲလို့ သိ-လိုက်သော ခဏမှာ-ထိသောရုပ်ပျောက်ခဲ့သော သဘောဟာ-အနိစ္စဟုခေါ်သည်ဟုမှတ်၊ သိ-လိုက်သောခဏမှာပင် သိ-သောနာမ်သဘောဟာ ပျောက် ပြီး ထိ-သောရုပ်-ထိ- လိုက်သည်နှင့် တပြိုင်နက် သိ-သော ဝိညာဉ် နာမ်သဘော ပျောက်ခဲ့ပြန်ပြီး ဤသိသောဝိညာဉ် နာမ်သည် အနိစ္စဟုခေါ်သည်မှတ်၊ အမြဲမရှိပျောက်ခဲ့ပြီလို့ လဲဆိုရ၏။ (သေသေချာချာကြည့်နော်)။

ထွက်လေမှာလည်း နှာသီးဖျား၌ထွက်လာ၍ ထိ-လိမ့်မည်၊ ထိ-သောသဘောဟာ-ရုပ်ပါဘဲလို့ သိ-လိုက်သော ခဏမှာ ထိ-သောရုပ်-ပျောက်ခဲ့သောသဘောဟာ အနိစ္စလို့ခေါ်၏၊ အမြဲမရှိ ပျောက်ခဲ့ပြီလို့လဲ ဆိုရ၏၊ သိ-လိုက်သောခဏမှာပင် သိ-သောနာမ်သဘောတရားပျောက်ခဲ့ပြီ၊ ထိ-သောရုပ်-ထိ-လိုက်သည် နှင့်တပြိုင်နက် သိ-သောနာမ် ဝိညာဉ်သဘောတရားပျောက်သည်ကို ဝိညာဉ်နာမ် အနိစ္စလို့ခေါ်၏၊ အမြဲမရှိပျောက်သွားပြီဟုလဲဆိုရ၏၊ ကြပ်ကြပ် သတိထားပြီးမှတ်ပါနော်။

ဝင်လေသည် နှာသီးဖျား၌ ထိ-သည်နှင့် တပြိုင်နက် ခဏမှာ ပျောက်ပျက် သွားသည်ကို သိ-လိုက် ခြင်း သည်

အနိစ္စ အမြဲမရှိသောသဘောကိုပိုင်ပြီ ဟူ၍မှတ်၊ ထွက်လေသည် နှာသီးဖျား၌ ထွက်လာပြီး ထိ-သည်နှင့်တပြိုင်နက် ပျောက်ပျက် ခဏမှာသွားသည်ကို သေချာအောင်စိုက်ပြီး သိ-လိုက်ပါ၊ ထွက်လေကို ထိ-သည်နှင့်တပြိုင်နက် ပျောက်ပျက်သွားသည်ကိုသိ-လိုက်ခြင်းသည် အနိစ္စ အမြဲမရှိသောသဘောကိုပိုင်ပြီဟူ၍မှတ်၊ သေချာစွာ ကြည့် မှတ်ပြီးလျှင် ထို့နည်း တူစွာထိ-သောရုပ်- သိ-သောနာမ်- တပါးစီကို၎င်း, ပေါင်းရုပ်-နာမ်—နှစ်ခုလုံးကို၎င်း, သဘောကျအောင် အပြန်ပြန် အလှန်လှန်ကြည့်ပြီးမှတ် ကြပါ။

အကျဉ်းဆုံး-ရုပ်-နာမ်- နှစ်ခုလုံးကိုပြပြီး၍ မကျဉ်း မကြယ်ပြပေအံ့၊ ဝင်လေ-ထွက်လေ-နှာသီးဖျား၌ ထိ-သည်နှင့်တပြိုင်နက် ရှေ့မကျ နောက်မကျ၊ ဘေးကိုမထွက်၊ ပစ္စုပ္ပန်တဲ့တဲ့ စိတ်ကြားညှပ်ခြင်းမရှိဘဲ ဖဿသဘောက စပ်ပေးလိုက်သည်နှင့်တပြိုင်နက် ဖဿသဘော ပရမတ် ဖြစ်လာ၏၊ စပ်ပြီးသည်နှင့်တပြိုင်နက် ခဏမှာ ပျောက်ကွယ် သွား၏၊ ဤသဘောသည် အနိစ္စပါဘဲ ဖဿသဘောပျောက်ကွယ်ပြီးသည်နောက် ဝင်လေ-ထိဆဲ ခဏဖြစ်လာ၏၊ ထိသောခဏမှာပင် ၎င်းရုပ် ပျောက်ကွယ်သွား၏၊ ဤ သ ဘော သည် အမြဲမရှိအနိစ္စပါဘဲ၊ ထွက်လေ-ထိ-ဆဲ ခဏရုပ်ဖြစ်လာ၏၊ သိ-သော-ရုပ်ခဏမှာပင် ပျောက်ကွယ်သွား၏၊ ဤသဘောသည် အမြဲမရှိသော ရုပ်-အနိစ္စပါဘဲ၊ ဝင်လေ-ထွက်လေ-ထိ-နေရာက ဝင်-ထိ-သည် ထွက်-သိသည်ဟု သိ- လိုက်သည်နှင့်တပြိုင်နက်တည်း သိမှုဝိညာဉ်စိတ်ဖြစ်ပေါ်လာ၏၊ သိ-ပြီးသည်နှင့် တပြိုင်နက်ခဏ ပျောက် ကွယ် သွား၏၊ ဤသဘောဟာ အမြဲမရှိတဲ့ ဝိညာဉ်အနိစ္စပါဘဲ။

ဝင်လေ-ထွက်လေ-ထိ-သောနေရာက ဝင်လာပြီး ထိ၊ ထွက်လာပြီး ထိသောနေရာက ဝင်လာပြီး နှာသီး ဖျား ထိသောနေရာမှာ-ထိ၊ ထွက်လာပြီးနှာသီးဖျား ထိသော နေရာဘဲထိသည်ဟုမှတ်သည်နှင့် တပြိုင်နက် ခဏမှာ မှတ်မှု သဘော သညာနာမ်ဖြစ်ပေါ်လာ၍၊ မှတ်ပြီးသည် နှင့် တ ပြိုင်နက်ခဏမှာ ပျောက်ကွယ်သွား၏၊ ဤသဘောသည် အမြဲ မရှိသော-သညာနာမ်အနိစ္စပါဘဲ၊မှတ်မှု,သိမှု ဖြစ်သည်နှင့် တပြိုင်နက်ခဏမှာ ခံစားမှုဝေဒနာ- နာမ်တရား ဖြစ်ပေါ် လာ၍၊ မှတ်ပြီးသိပြီး ပည်နှင့်တပြိုင်နက် ခံစားမှု ဝေဒနာ နာမ်သဘော ပရမတ်သည် ပျောက်ကွယ်သွား၏၊ ဤ သ ဘောသည် ဝေဒနာ-နာမ်အမြဲမရှိသော အနိစ္စပါဘဲ။

ဤဆိုအပ်ခဲ့ပြီး သဘောတို့ကို တပါးစီတပါးစီကိုသော် ၎င်း, သိမှု-မှတ်မှု-ခံစားမှု-ထိမှု လေးပါးလုံးကိုသော်၎င်း, ပေါင်းခန္ဓာငါးပါးလုံးကိုသော်၎င်း ဖြစ်ခြင်း- ပျက်ခြင်း သဘောပရမတ်ကို ထိ-လာသည်နှင့်တပြိုင်နက်တည်း ခဏ တိုင်း ခဏတိုင်း လက္ခဏာမြင်အောင် အဘန်ဘန်ပွားများ ပါ၊ မီးချစ်အိမ်နှင့် မီးချစ်ဆံ-ထိခိုက် လိုက်သော အခါ မီး တောက်ပမာ ထင်မြင်ရသကဲ့သို့ ထို့နည်းတူစွာ ဖဿ သဘော ပရမတ်-စပ်မှုအမြဲမရှိခြင်းကို၊ ခံစားမှုဝေဒနာအ မြဲမရှိခြင်းကို သိမှု ဝိညာဉ်စိတ်အမြဲမရှိခြင်းကို အထူးသဒ္ဓါ, သတိ, ဝီရိယတို့နှင့် ပရမတ်သဘော ဆတ်ဆတ် တွေ့လာ- ထင်မြင်လာအောင် အဘန်ဘန်ပွားများအားထုတ်ရမည်။

ဤကဲ့သို့ပွားများအားထုတ်ခဲ့သောပညတ်မပါ-ပရမတ် သဘောရုပ်သက်သက်၊ ပညတ်မပါ ပရမတ် နာမ် သဘော သက်သက် ခဏတိုင်း ခဏတိုင်းမှာ သဘော တခုဖြစ်ပြီး

ပျောက်ပျက်သွားသော အနိစ္စလက္ခဏာကို ပိုင်ပိုင်နိုင်နိုင် ဉာဏ်အမြင် ထင်ရှားစွာဖြင့် အစဉ်အတိုင်း ထင်မြင်လာသော ယောဂီပုဂ္ဂိုလ်၏ ရုပ်-နာမ်-ခန္ဓာအစဉ်မှာ သီလစင်ကြယ် ညစ်နွမ်းခြင်းကင်းရာဖြစ်၍ သီလဝိသုဒ္ဓိ လို့ ခေါ်ဆိုရ၏။

အသိဉာဏ် စိတ်ကလည်း ညစ်နွမ်းခြင်းမရှိ စင်ကြယ်သောသဘောရှိ၍ စိတ္တဝိသုဒ္ဓိဖြစ်၏၊ အမှန်ကိုမြင်- အမှန်ကိုသိ၍ အယူစင်ကြယ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၏။

ဤကဲ့သို့သော ဝိသုဒ္ဓိဖြစ်ပေါ်လာနိုင်အောင်သဒ္ဓါဗိုလ်, သတိဗိုလ်, ဝီရိယဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ် တည်းဟူသော ဗိုလ်ငါးပါး လက်ကိုင်ထား၍ ခိုင်မြဲစွာ လက္ခဏာယာဉ် သုံးပါးဖြင့် သုံးသပ်သည်ရှိသော် ဝါယောဓါတ်ဇာတိရုပ်, ဖဿသင်္ခါရ နာမ်ဇာတိ, မှတ်ခြင်း သညာနာမ်ဇာတိ, သိမှုဝိညာဉ်နာမ်ဇာတိ, ခံစားမှုဝေဒနာ- နာမ်ဇာတိ၊ ၎င်းငါးပါးတို့တွင် တပါးစီတပါးစီသော်၎င်း, နာမ်ခန္ဓာလေးပါးသော်၎င်း, ရုပ်ခန္ဓာတပါးသော်၎င်း,ပေါင်းခန္ဓာငါးပါးလုံးသော်၎င်း ခန္ဓာငါးပါး တည်လျက်ရှိသောကိုယ်ပေါ်မှာ ဇာတိပဋိသန္ဓေဘေး, ဇာတိအိုဘေး, ဇာတိနာဘေး, ဇာတိသေဘေး၊ ၎င်းဇာတိဘေးလေးပါး တည်နေသည်ကို မြင်အောင်ကြည့်။

ထင်မြင်လာသော် ဝါယောဓါတ်သည့်ဤဓါတ်ကြီးလေးပါးအမျိုးမျိုး ဖောက်ပြန်ပြိုးနှိပ်စက်နေသည်ကို မြင်အောင်ကြည့်.ထင်မြင်လာသော် ဤဟာ- ဒုက္ခ သဘောဘဲဟုမှတ်၊ ရာဂမီး, ဒေါသမီး, မောဟမီး စသော မီး အ ပေါင်း တို့

လောင်နေသည်ကိုမြင်အောင်ကြည့်၊ ထင်မြင်လာသော် ဤဟာဒုက္ခပါဘဲဟုမှတ်၊ခဏခြင်းခဏခြင်း-ဖြစ်ပျက်နေသော နှိပ်စက်ခြင်းကို မြင်အောင်ကြည့်၊ထင်မြင်လာသော် ဤဟာ ဒုက္ခပါဘဲဟုမှတ်၊ ဤလိုဒုက္ခသဘော ထင်မြင်လာအောင် ပွားရခြင်းမှာ၊ ပဋိသမ္ဘိဒါ မဂ်ပါဠိတော်၌-

ဒုက္ခဿပီဠနဋ္ဌော၊ သင်္ခတဋ္ဌော၊
သန္တာပဋ္ဌော၊ ဝိပရိဏာမဋ္ဌော။

ဒုက္ခဿ ဆင်းရဲသောဒုက္ခသဘော၏။ ပီဠနဋ္ဌော၊ နှိပ်စက်တတ်, နှိပ်စက်ခြင်းသဘောဒင်း။ သင်္ခတဋ္ဌော၊ အဘန်ဘန်ပြုပြင်-ထူးထောင်အပ်သောသဘောဒင်း။ သန္တာပဋ္ဌော၊ အဘန်ဘန်ပူလောင်စေအပ်, ပူလောင် စေတတ် သော သဘောဒင်း၊ဝိပရိဏာမဋ္ဌော၊ ဖရိုဖရဲဘောက်ပြန်ဘောက်လွဲသော-သဘောဒင်း။အာရိက္ခော၊ အဘန်ဘန်ရှုရာ၏။

အဓိပ္ပါယ်ကား- ထိ-သောရုပ် တပါး အပေါ်မှာဒင်း, သိသောနာမ် တပါး အပေါ်မှာဒင်း, ထိ ရုပ်- သိနာမ် နှစ်ပါး အပေါ်မှာဒင်း, ထိသောရုပ်-သိ-သောနာမ်- မှတ်သောနာမ်- စပ်သောဖဿနာမ်-ခံစားဝေဒနာနာမ် ဒင်း နာမ်လေးပါး- ရုပ်တပါး ပေါင်းခန္ဓာငါးအပေါ်မှာဒင်း, ဘေးလေးပါး, ဇာတိ, မီးဇာဆယ့်တပါး, ဓါတ်ကြီးလေးပါး, ဖြစ်ပျက်နှစ်ပါးတို့ဖြင့် နှိပ်စက်ခံရပုံ ဒုက္ခ အမျိုးမျိုးတို့ကို ပိုင်ပိုင်နိုင်နိုင်ထင်မြင်လာအောင် ပွါးရမည်၊ထိုမှတပါး အနိစ္စသဘောပရမတ်ကို ပိုင်ပိုင်နိုင်နိုင်ပရမတ် ဆတ်ဆတ် တွေ့မြင်လာအောင် အားထုတ် ခြင်း ရှိပါမူကား

အနိစ္စသဘောနှင့်တကွ အနတ္တသဘောကို ပိုင်ပိုင်ကြီးထင်မြင်လာနိုင်၏ဟု နဝင်္ဂတ္တရပါဠိတော်မှာ-

အနိစ္စသညိနော မေဃိယ၊ အနတ္တသညာ
သဏ္ဌာတိ အနတ္တသညီ အသ္မိမာန-
သမုဃာတံပါပုဏာတိ ဒိဋ္ဌေဝဓမ္မေ နိဗ္ဗာနံ။

မေဃိယ၊ ချစ်သားမေဃိယ၊ အနိစ္စသညိနော၊ အနိစ္စသညာထင်လာသော ပုဂ္ဂိုလ်အား။ အနတ္တသညာ၊ အနတ္တဟုထင်လာမှုသည်။ သဏ္ဌာတိ၊ အလိုလိုတည်၏။ အနတ္တသညီ၊ အနတ္တဟုထင်မြင်လေ့ရှိသောသူသည်။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်ကိုယ်၏ အဖြစ်၌သာလျှင်။ အသ္မိမာန-သမုဃာတံ၊ ငါဟူသောမာန်-မာန ကင်းကွာခြင်းဟု ဆိုအပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့၊ ပါပုဏာတိ၊ ရောက်လေတော့၏။

အဓိပ္ပါယ်ကား-ကျကျနန-ရုပ်-နာမ် နှစ်ပါးကို အနိစ္စလက္ခဏာထင်မြင်လာလျှင် အနတ္တလက္ခဏာကို ပိုင်ပိုင်ကြီးသိပြီးဟူ၍မှတ်၊ သို့ဖြစ်ပါ၍ အားကြီးသော သဒ္ဓါန္ဒြေ, အားကြီးသော ဝီရိယိန္ဒြေ, အားကြီးသောသတိန္ဒြေ, အားကြီးသော သမာဓိန္ဒြေ, အားကြီးသော ပညိန္ဒြေတို့ကို အမြဲတမ်း လက်ကိုင်ပြု၍ ပွါးများကဲ့သော် ထိ-မှု ရုပ် သဘော, သိ-မှု နာမ်သဘောတို့သည် အဖြစ်မှု အဆုံးပျက်မှုတွေကို ဖြေးဖြေးကျဲကျဲနှင့် မြင်ရခြင်း၊ ထိုမှတပါး ထိ-မှု ရုပ် မှတ်မှု-သညာ, သိ-မှု ဝိညာဉ်စိတ်နာမ်, ခံစားမှုဝေဒနာ- နာမ်,စပ်မှု,ဖဿနာမ်တို့ကို အစဖြစ်မှု၊ အဆုံး ပျက်မှုတို့သည်-ဖြေးဖြေးကျဲကျဲနှင့် မြင်လာလိမ့်မည်၊ ဤသို့ မြင်ခြင်းသည် ဥဒယဗ္ဗယဉာဏ်တည်း။

**ထို့နောက်** ပွါးဘန်များသော် ထိ-မှုရုပ်သဘော, **သိ**-မှုနာမ်သဘောတို့သည် **အစဖြစ်မှု, အဆုံးပျက်**မှုတို့ကို မြန်မြန်မြင်လာခြင်း၊ ထိုမှတပါး ထိ-မှုရုပ်သဘော, မှတ်မှု-သညာနာမ်သဘော, သိ-မှု ဝိညာဉ်နာမ်သဘော, ခံစားမှုဝေဒနာ-နာမ်သဘော, စပ်မှု-ဖဿနာမ် သဘောတို့သည် အစဖြစ်မှု, အဆုံးပျက်မှုတို့ကို ပွါးများ၍ မြန်မြန်မြင်လာလိမ့်မည်၊ ဤသို့မြင်ခြင်းသည် ဘင်္ဂဉာဏ်မည်၏။

ထိ-မှုရုပ်သဘော, သိ-မှုနာမ်သဘောတို့သည် အစဖြစ်, အဆုံးပျက်မှုသာ ပျက်နေခြင်း၊ ရှေ့တုံးကလဲ- ဖြစ်ပျက်၊ ယခုလဲ ဖြစ်ပျက်၊ နောက်မှာလဲ ဖြစ်ပျက်ဆုံး အုံးမှာဘဲဟု ကြောက်စရာ ရုပ်နာမ်-ဘဲဟုထင်မှတ်ခြင်း၊ ဤသို့ ဖြစ်ပျက်နေသော ရုပ်နာမ် အပေါ်မှာပင် ဆင်းရဲအတိ ဘေးဒုက္ခအပေါင်းတည်၏။ မီးတဆယ့်တပါးကလဲ မီးလောင်ခြင်းတို့ဖြင့် အနှိပ်စက်ခံရသော ကြောက်စရာ အမျိုးမျိုးနှင့်နေရသောခန္ဓာကိုယ်ကြီးဟု ထင်မြင် ကြောက်စရာဖြစ်လာခြင်းသည် ဘယဉာဏ်မည်၏။

ထိုမှတပါးသော ထိ-မှုရုပ်သဘော, မှတ်မှုသညာနာမ်သဘော, သိ-မှုဝိညာဉ် စိတ်နာမ်သဘော, ခံစားမှုဝေဒနာနာမ်သဘော, စပ်မှုဖဿသင်္ခါရ နာမ် သဘောတို့ကိုလည်းထို့အတူဘဲမြင်ကြပါလေ။

ထို-ထိမှုရုပ်သဘော, သိ-မှုနာမ်သဘောတို့သည် အစဖြစ်, အဆုံးပျက်သာတည်နေ၏။ ၎င်းဖြစ်ပျက် ရုပ်နာမ်-နှစ်ပါးတို့သည် အပါယ်လေးဘုံ၌တည်၍ အပါယ်ဆင်းရဲ ဒုက္ခသာခံရ၏။ လူ့ဘုံ၌တည်၍ လူဘုံဘေး ဒုက္ခဆင်းခံရ၏၊ နတ်ဘုံ၌ နတ်ဆင်းရဲဒုက္ခ ဘေးလေးပါး ဆင်းရဲနှင့်

တွေ့ရ၏၊ မီးတဆယ့်တပါးလည်း အလောင်ခံရ၏၊ ဓါတ်ကြီးလေးပါးကလည်း အမျိုးမျိုးဆင်းရဲ ဒုက္ခဖြင့် နှိပ်စက်၏။ ဤသို့ဆင်းရဲဒုက္ခတွေ တွေ့မြင်ထင်နေခြင်းသည် အာဒီနဝဉာဏ်မည်၏။ ထိုမှတပါး ထိ-ရုပ်, မှတ်သညာ, သိ-ဝိညာဉ်, ခံစားဝေဒနာ, စပ်မှုဖဿတို့ကိုလည်း ထို့အတူမှတ်လေ။

ထိမှုရုပ်, သိမှုနာမ်-ဤနှစ်ပါးတို့သည် ဖြစ်ပြီး ပျက်သွား၏။ ဤဝဘဉ္ဆင်းရဲ အမျိုးမျိုးတို့ကိုငင်း, အပါယ်ဆင်းရဲတို့ကိုငင်း, လူ-နတ်ဆင်းရဲတို့ကိုငင်း, ရှေ့ကလည်း ဤအတိုင်းပင်ဆင်းရဲ၏၊ ယခုလဲ ဤတိုင်းပင် ဆင်းရဲ၏၊ နောက်ကိုလည်း ဤအတိုင်းပင်ဆင်းရဲလတံ့၊ ဤလိုဆင်းရဲအမျိုးမျိုးနှင့် တွေ့သောရုပ်နာမ်၊ ငင်းရုပ်နာမ် နှစ်ပါးတည်နေ ခန္ဓာကိုယ်ကြီးနှင့် မနေလိုတော့ပြီ၊ မရလိုမတွေ့လိုတော့ပြီဟု မရှင်မပြုံး ပျင်းမုန်းခြင်းကို နိဗ္ဗိဒါဉာဏ်ခေါ်ပါ၏။ ထိုမှ တပါးသော ကြွင်းသော ရုပ်နာမ်တို့ကိုလည်းထို့အတူမှတ်။

ရန်သူလက်တွင်းမှာ နေရသောသူသည် ရန်သူလက်တွင်းမှ လွတ်ချင်သကဲ့သို့ ထိုအတူ၊ ရုပ်နာမ်- နှစ်ပါး အပေါ်၌ ဖြစ်ပျက်ရန်သူ, နှိပ်စက်ခြင်းဘေးလေးပါး ရန်သူ, မီးတဆယ့်တပါး လောင်၍ နှိပ်စက်ခြင်းရန်သူ, ဓါတ်ကြီးလေးပါး ဖေါက်ပြန်ပြီး နှိပ်စက်ခြင်းရန်သူ ဤလိုအနှိပ်စက်ရန်သူ အမျိုးမျိုးဒုက္ခမှ လွတ်လိုသော ဉာဏ်ဖြစ်ခြင်းသည် မုဉ္စိတုကမျတာဉာဏ်မည်၏ဟုမှတ်။

သမ္မသနဉာဏ်, ဉဒယဗ္ဗယဉာဏ်ဟု ဆိုအပ်သော

အောက်ဉာဏ်များ မြင်နေကျဉာဏ် အမြင်မကမူ၍ အလွန်လျင်မြန်စွာ ရုပ်သဘော ပရမတ် ဆတ်ဆတ်, နာမ်သဘောပရမတ်ဆတ်ဆတ်, မမြဲမှု, ဆင်းရဲမှု, အစိုးမရမပိုင်မှုအားဖြင့် လက္ခဏာယာဉ်သုံးပါးကို တဆင့်တဖန်ပြန်၍ မြင်လာသောဉာဏ် အမြင်သည် ပဋိသင်္ခါဉာဏ်မည်ပါ၏။

ထိသောရုပ်- သိသောနာမ်သဘောတို့သည်၊ သူ့ သဘောနှင့်သူဖြစ်၊ သူ့သဘောသူပျက်၊ ၎င်းရုပ်နာမ်အပေါ်၌ သူ့သဘောနှင့်သူ ဘေးလေးပါး နှိပ်စက်လေ၏၊ သူ့သဘောနှင့်သူ မီးတဆယ့်တပါး လောင်လေ၏။ သူ့သဘောသူနှင့်သူ ဓါတ်ကြီး လေးပါး နှိပ်စက်လေ၏။ သူ့သဘောသူအကျိုးတရား ဆောင်ကြတာဘဲဟု ပြုပြင်စောင့်ရှောက်၍ မရမှန်းသိကြသဖြင့် ထိုရုပ်နာမ် သင်္ခါရတို့၌ ချစ်ခြင်း, ဝမ်းသာခြင်း, ဝမ်းနည်းခြင်းတို့ဖြင့် ကြောင့်ကြမပြု၊ လျစ်လျူရှုခြင်း၄ါ စွမ်းနိုင်သော ဉာဏ် သည်၊ သင်္ခါရုပေက္ခာဉာဏ်မည်၏။

အလယ်အလတ် လျစ်လျူရှုခြင်း သင်္ခါရုပေက္ခာဉာဏ်ဖြင့် ပွားများအားထုတ်ပြီးသည်နောက် အနုလောမဉာဏ်ဟု ဆိုအပ်သော- ဉာဏ်နှင့် အောက်အထက် ပြန်လှန်ပြီး ဉာဏ်စဉ် အတိုင်း ထိသော- ရုပ်သဘော, သိသော- ဝိညာဉ်နာမ် စိတ်သဘော, မှတ်သော- သညာ နာမ်သဘော, ခံစားသော ဝေဒနာ- နာမ်သဘော, စပ်ပေးတတ်သော ဖဿနာမ်သဘောတို့သည် အစမြင်- အပျက်ဆုံးဟု အနိစ္စသဘောကိုရင်း, ဒုက္ခသဘောကိုရင်း, အနတ္တ

သဘောကိုရင်း ထင်မြင်လာအောင် ရှုရင်း ရှုရင်းနှင့် လက္ခဏာယာဥ်သုံးပါးကို သိ-သိနေသော စိတ်သုံးပါး ဖြစ်ပေါ်လာ၏။ ပဌမပေါ်လာသော အသိ- စိတ်ဇောကို ပရိကံဟုခေါ်၏။ ဒုတိယအကြိမ် စိတ်ဇောကို ဥပစာရဇော ဟုခေါ်၏၊ တတိယအကြိမ်စိတ်ဇောကို အနုလုံဇောဟုခေါ် ပါ၏။

ရင်းအသိ-ဉာဏ်စိတ်ဇော သုံးပါး ဖြစ်လိုက်သည်ကို သစ္စာနုလောမိကဉာဏ်နှင့်အနုလောမဉာဏ် တို့ဖြစ်၏ဟု ဆို ရ၏၊ အသိဉာဏ် စိတ်ဇော တခုတခုမှာ၊ ဈာယ်သုံးချက် စာလောက်ကြာအောင် ဖြစ်လိုက်သည်ကို အသိဉာဏ်စိတ် ဇောတခုဟုခေါ်သည်၊ ရင်းအသိဉာဏ်သုံးကြိမ်မျှလောက် ကြာအောင် ဖြစ်ပြီးသည်နောက်၊ အနိစ္စသဘော, ဒုက္ခ သဘော, အနတ္တသဘောအားဖြင့် ပိုင်းခြား ထင်မြင် လာ သော ရုပ်နာမ်တို့၏ အကြောင်းနှင့် အကျိုးဉာဏ် တို့ဖြင့် စီစစ်လိုက်သည်ရှိသော် အာရုံဝါးပါးကို သာယာခြင်း တည်းဟူသော အကြောင်းဖြစ်သော လောဘ- သမုဒယ သစ္စာကြောင့် အကျိုးဒုက္ခသစ္စာဟု ဆိုအပ်သော ရုပ်နာမ် ခန္ဓာပေါ်ပေါက်ထင်မြင်တွေ့လာပါရော။

ယခုအသိဉာဏ် စိတ်ဇောအစဥ်မှာ အကြောင်း သမု ဒယသစ္စာ ကင်းပြတ်၍၊ မတွေ့ရတော့ပြီ၊ အကြောင်း သမု ဒယသစ္စာ ကင်းပြတ်သွားသည်ကို ထင် မြင် လာ ပြီး သည် နောက် အကျိုးသစ် ဒုက္ခသစ္စာတွေ့ရတော့မည် မဟုတ်၊ မုချကေန်ပင်တည်း၊ အကျိုးမရှိတော့ပါ တကားဟု အ ကြောင်း သမုဒယသစ္စာ, အကျိုးဒုက္ခသစ္စာ- ချုပ်ငြိမ်း

ရုပ်နှင့်နာမ်ဇာတိမရှိသည်ကိုရင်း, အကြောင်းပြတ်သွားအာ ကျိုးချုပ်ပျောက်သွားသည်ကိုရင်း ထင်မြင်သည်နှင့် တ ပြိုင်နက် အသိ-စိတ်ဝိညာဉ်အစဉ်ပြတ်သွားသကဲ့သို့ သမု ဒယသစ္စာအကြောင်း, ဒုက္ခသစ္စာအကျိုးသစ် မရှိတော့ပြီ ဟု ထင်မြင်ခြင်း ပျောက်ပျက်သွား၏၊ မေ့နေသလို သတိ မရဘဲ အစဉ်လည်းရပ်၍သွားလေတော့၏၊ ဤကဲ့သို့ မြင် သိလိုက်ခြင်း, ခဏငယ်သုံးချက်မျှ လောက် ကြာအောင်၊ စိတ်ဇော အောင့်မေ့ခြင်း တခုဖြစ်ပေါ် လာခြင်းကို ဂေါတြဘူစိတ်ဇောလို့ခေါ်၏၊ ထို့ကြောင့်-

မဂ္ဂဉာဏာဿ-ဂေါတြဘူဉာဏေန ဒိန္နံ

သညံ အမုဉ္စိတွာ နိဗ္ဗာန ဒဿနံဟောတိ။

မဂ္ဂဉာဏဿ၊ မဂ်ဉာဏ်၏။ ဂေါတြဘူဉာဏေန၊ ဂေါ တြဘူဉာဏ်ဖြင့်။ ဒိန္နံ၊ ပေးအပ်သော။ သညံ၊ အမှတ်ကို။ အမုဉ္စိတွာ၊ မလွှတ်စေမူ၍။ နိဗ္ဗာနဒဿနံ၊ နိဗ္ဗာန်ဟူသော သဘောပရမယကို မြင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏ဟု၊ စွန်း လွှန်းဆရာတော်နည်းဖြင့်မှတ်။

သို့ဖြစ်ပါ၍ ဂေါတြဘူစိတ်ဇော တကြိမ်ဖြစ်ပြီးသည် နောက်၊ အကြောင်း သမုဒယသစ္စာ, အကျိုး ဒုက္ခသစ္စာမရှိ ၏ဟု၊ သတိရ၍ အောင်းမေ့လိုက်သောအခါ၊ ငါမှာယခု စိတ်အစဉ်မရှိ၊ ရုပ်-နာမ်နှစ်ပါးလည်းရပ်- ပျောက်သွား သောသဘောဟာ၊ ဘေးဒုက္ခ အမျိုးမျိုးလည်းမရှိ၊ မတွေ့ ရ-မမြင်ရ၊ ရာဂမီးစသော၊ တဆယ့် တပါးသော မီးတို့ လည်းအလောင်မခံရ၊ ဓါတ်ကြီးလေးပါးလည်း အနှိပ်စက် မခံရ၊ အားလုံးကျွန် တရားအပေါင်းချုပ်ငြိမ်းရာ ဖြစ်သော

အသင်္ခတဓါတ်နိဗ္ဗာန်ဆိုတဲ့ သဘောပရမတ် ဆတ်ဆတ်ပေါ်တကားဟု ဘွားကနဲနိဗ္ဗာန်ကို ထင်ထင်ရှားရှားကြီးပေါ်ပေါ်ထင်မြင်လာ၏၊ ဤသို့ထင်မြင်လာသော သဘောကို၊ ရှေ့ဦးစွာမြင်ခြင်းဖြင့် မြင်ရသောမဂ်တခုရသည်ဟူ၍မှတ်၊ သောတာပန် ပုဂ္ဂိုလ်ဟု-ဆိုရတော့၏။

ဤသို့ထင်မြင်လာသော နိဗ္ဗာန်ကို နိဿယအမှီပြု၍ သောတာပတ္တိမဂ်ဟုဆိုအပ်သောသဘောကကိလေသာကို ပယ်သိုက်ပါရော၊အဘယ်ကဲ့သို့သောသဘောအားဖြင့် မဂ်က ပယ်လိုက်ပါသနည်းဟူမူ၊ ဓါးရှစ်စင်းနှင့်တူသော မဂ္ဂင်ရှစ်ပါးဖြင့် ပယ်လိုက်ပါ၏၊ ဓါးရှစ်စင်းနှင့်တူစွာ- မဂ္ဂင်ဖြင့်ကိလေသာကို ခုတ်ဖြတ်ပုံ သဘောမှတ်ရမည်မှာ၊ အကြောင်းသမုဒယသစ္စာ, အကျိုး ဒုက္ခသစ္စာ ချုပ်ငြိမ်းငြိမ်းဘွားကနဲ နိဗ္ဗာန်သဘော ဆတ်ဆတ်ပရမတ်ကို ထင်မြင်သိလာခြင်းကို သမ္မာဒိဋ္ဌိ မဂ္ဂင်- ဓါးတစင်းမှတ်။

နိဗ္ဗာန် သဘောပရမတ်ကိုပင်၊ ကြံဆ-တွေးတောပြီး၊ အောက်မေ့လိုက်ခြင်းကို သမ္မာသင်္ကပ္ပ မဂ္ဂင်- ဓါးတစင်း၊ နိဗ္ဗာန်သဘော ပရမတ်ကို-သိမှတ်- မြင်ဆဲဇောဝ ဝစီဒုစရိုက်လေးပါး ကွယ်ပျောက် ကင်းလွတ်ခြင်း သဘောကို။ သမ္မာဝါစာ မဂ္ဂင်-ဓါးတစင်း၊ ကာယဒုစရိုက် သုံးပါးမှ ကင်းလွတ်ပြီး တည်နေလျက် ကောင်းမြတ်သော နိဗ္ဗာန်ပရမတ်ကို မြင်မှုကို သမ္မာကမ္မန္တမဂ္ဂင်-ဓါးတစင်း၊ ကောင်းမြတ်သော နိဗ္ဗာန်မြင်နိုင်အောင် ဒုက္ခစသော ဆင်းရဲတို့ မဝင်နိုင်အောင် စောင့်ရှောက်လျက် ဝစီဒုစရိုက်, ကာယဒုစရိုက်ကင်းလွတ်၍ ဇာတိရုပ်ဘနာမ်မပျက်ဘဲ တည်နေခြင်းကို၊ သမ္မာအာဇီဝမဂ္ဂင်- ဓါးတစင်း၊ နိဗ္ဗာန်ကိုမြင်

လာသည်တိုင်အောင် အစဉ်မပြတ် အားထုတ်ခြင်းကို သမ္မာဝါယာမ မဂ္ဂင်- ဓါးတစင်း၊

ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟု ဆိုအပ်သော ကာမာဝစရဉာဏသမ္ပယုတ်ဇောစိတ် လေးကြိမ်ဖြစ်သည့် မှစ၍ နိဗ္ဗာန်မြင်လာအောင် မပြတ်အောင်းမေ့နေခြင်း ကို သမ္မာသတိမဂ္ဂင်- ဓါးတစင်း၊ အကြောင်း အကျိုးပြတ် ပြီး နိဗ္ဗာန်သဘောတည်၍ နေလိုက်ခြင်းကို သမ္မာသမာဓိ မဂ္ဂင်- ဓါးတစင်းဟူ၍မှတ်၊ ၎င်းမဂ္ဂင်တရား ကိုယ်ရှစ်ပါး သဘောပရမတ်တပြိုင်နက် ဖြစ်ပေါ် တွေ့မြင် လာသည်ကို မဂ္ဂင်သစ္စာဟုခေါ်ဆိုလေ၏။ ၎င်းမဂ္ဂင်တရား ကိုယ်ရှစ်ပါး သည် မိမိ၏သန္တာန်၌ တည်နေလိုက်သည် အခိုက်အတန့် ခဏမှာ မဂ်တည်းဟူသော ဓါးရှစ်စင်းနှင့် ကိလေသာတို့ ကို သတ်ဖြတ်လိုက်၏ဟုဆိုရ၏၊

၎င်းသစ္စာလေးပါးကို ထင်မြင်လာသော သဘော ဆတ်ဆက်ပရမတ်ကိုသောတာပတ္တိမဂ်ဟုခေါ်ပါသည်၎င်း မဂ်ကိုရပြီး၍ မဂ်ပုဂ္ဂိုလ်ဟု သိခြင်းသည် နောက်တဘန် စဉ်းစားအောက်မေ့မှ မဂ်ပုဂ္ဂိုလ်ဟုသိသည်၊ဝေဘူဆရာ တော်နည်းကား "မဂ်မသိ ဖိုလ်နှင့်မေး" ဆိုသဖြင့်၊ ၎င်း သောတာပန်ရသော အစဉ်ကိုပြန်ပြီးပွား၊ ထာဖြင့် အစဉ်အ တိုင်းကြန်၍ဖြစ်၏၊ နောက်တဘန်ပွားကြည့်အုံး၊ တကဲ့ တခ ဏခြင်းရေ့ကအစဉ်အတိုင်းဖြစ်သွား၏ဟုဆိုလေ၏။ထိုမှတ ပါး အဘိဓမ္မတ္ထသင်္ဂဟ၌ လာသည်ကိုလည်းမှတ်ရမည်မှာ-

တတော ပရံ၊ ဒွေတိကာဖလ စိတ္တာနိပဝတ္တိတွာ
ဘဝင်္ဂပါတော ဝေါဟာတိ၊ ပုနဘဝင်္ဂံ ဝေါစ္ဆိန္ဒိတွာ
ပစ္စဝေက္ခဏဉာဏာနိ၊ ပဝတ္တန္တိ။

တတော၊ ထိုသောတာပတ္တိ မဂ်အပ္ပနာဝီထိသို့ ရောက်သည်မှ။ ပရံ၊ နောက်၌။ ဒွေတိဏိဖလစိတ္တာနိ၊ နှစ်ကြိမ်သုံးကြိမ်သော သောတာပတ္တိ ဖိုလ်စိတ်တို့သည်။ ပဝတ္တိတွာ၊ ဖြစ်၍။ ဝါ၊ ဖြစ်သည်မှ။ ဘဝင်္ဂပါတော၊ ဘဝင်ကျသည်သာလျှင်၊ ဟောတိဖြစ်၏။ ပုန၊ တဖန်။ ဘဝင်္ဂံ၊ ဘဝင်ကို၊ ဝေါစ္ဆိန္ဒိတွာ၊ဖြတ်၍။ ပစ္စဝေက္ခဏာဉာဏာနိ၊ မဂ်-ဖိုလ်-နိဗ္ဗာန်ကို ဆင်ခြင်သော ဉာဏ်တို့သည် ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

အဓိပ္ပါယ်ကား- ဝီထိအစဉ် အားဖြင့် ပရိကံ,ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်, ဖိုလ်ဟူ၍ မဂ္ဂဝီထိဖြစ်၏၊ ထိုနောက်မှ စိတ္တက္ခဏ နှစ်ကြိမ်သုံးကြိမ်၊ တောင်ယံ ကိုးကြိမ်ခန့်လောက်ဖြစ်ခြင်းပင်လျှင် သောတာပတ္တိဖိုလ် လေးကြိမ်မြောက်ဖြစ်၏၊ ၎င်းသောတာပန် ပုဂ္ဂိုလ်သည် သောတာပန် ပုဂ္ဂိုလ်ဖြစ်သည်နှင့်တပြိုင်နက် သစ္စာလေးပါးကို တပြိုင်နက် သိလာသည့်အဖြစ်ကို အဘိဓမ္မတ္ထသင်္ဂဟ၌ ဤသို့ သိလေ၊

တသ္သာနန္တရမေဝ မဂ္ဂေါ ဒုက္ခသစ္စံ
ပရိဇာနန္တော သမုဒယသစ္စံ ပဇ
ဟန္တော နိရောဓသစ္စံ သစ္ဆိကရော
န္တော မဂ္ဂသစ္စံ ဘာဝနာဝသေန
အပ္ပနာဝီထိ မောတရတိ၊

တဿ။ ထိုဂေါတြဘူစိတ်၏။ အနန္တရမေဝ၊ အခြားမဲ့၌သာလျှင်၊ မဂ္ဂေါ၊ သောတာပတ္တိမဂ်သည်။ ဒုက္ခသစ္စံ ဒုက္ခသစ္စာကို။ပရိဇာနန္တော၊ ပိုင်းခြား၍သိလျက်၊ သမုဒယ

သစ္စ ၊ သမုဒယသစ္စာကို။ ပဇာဟာနန္တာ၊ ပယ်လျက်။ နိရောဓသစ္စ၊ နိရောဓသစ္စာကို။ သစ္ဆိကရောန္တော၊ မြက်မှောက်ပြုလျက်။ မဂ္ဂသစ္စ၊ မဂ္ဂသစ္စာကို။ ဘာဝေန္တော၀သေန၊ ပွါးသည်၏အစွမ်းဖြင့်။ အပ္ပနာဝီထိ၊ အပ္ပနာဝီထိသို့။ ဩတရတိ၊ သက်၏။

ဤကဲ့သို့ နယ ဘာသာနှင့်အဖြစ်သို့ရောက်၍ သစ္စာလေးပါးကို တပြိုင်နက်သိလေပြီးသော သောတာပန် ပုဂ္ဂိုလ်၏ သစ္စာလေးပါးကို သိမြင်ချင်း ဒသဏနှင့်အကျိုးကား- သောတာပတ္တိမဂ်ကို ရသောဇောမှစ၍ဘ၀အဆက်ဆက်, ကမ္ဘာအဆက်ဆက် ကျင်လည်ကျက်စား၍သွားရသဖြင့် အနုပါဒိသေသနိဗ္ဗာန်သို့ရောက်-သာဘ၀တိုင်အောင် ထိုပုဂ္ဂိုလ်သို့သည် ဒုက္ခသစ္စာ၌ တွေးဝေခြင်း မရှိကြကုန်ပြီ သမုဒယသစ္စာ၌ တွေးဝေခြင်း မရှိကြကုန်ပြီ။ နိရောဓသစ္စာ၌ တွေး ဝေခြင်း မရှိကြကုန်ပြီ၊ မဂ္ဂသစ္စာ၌ တွေးဝေခြင်းမရှိကြကုန်ပြီ၊ နှလုံးသွင်း၍ ဆင်ခြင်လိုက်တိုင်း ကောင်းကင်လယ်၌ ကြယ်နက္ခတ်တို့ကို ရှုမြင်ကြရကုန်ဘိသကဲ့သို့ သစ္စာလေးပါးတရားတို့သည် ထိုသောတာပတ္တိမဂ်ကိုရပြီးသော ပုဂ္ဂိုလ်မှာ၊ ထင်ရှားစွာ ထက်စွမ်းသောဉာဏ်ဖြစ်လာခြင်း အကျိုးကိုခံစားရ၏။

ရှင်းသောတာပန် ပုဂ္ဂိုလ်၏-သန္တာန်မှာ ဝိသုဒ္ဓိ ခုနစ်ပါးဖြစ်လာပုံကား နောက်က- သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိတို့၌ပြ၍ပြီးခဲ့ပြီ၊ ယခုအခါကား ကျန်ဝိသုဒ္ဓိသိမှတ်ရန်တို့တွင် ရုပ်နာမ်နှစ်ပါးတို့ကို ဖြစ်ပေါ် လာစေအောင် ပြုပေးသူသည် အဘယ်သဘော တရားနည်းဟုစိစစ်သည်ရှိသော် ကံ,စိတ်, ဥတု, အာဟာရ, မနသိကာရ,

ဖဿစသော အကြောင်းတို့ကြောင့် ဖြစ် ပေါ် လာ သော ရုပ်-နာမ်-ဇာတိတို့၏ ယုံမှားကင်း၍ အသိဉာဏ် စင်ကြယ်ခြင်းကို ကင်္ခါဝိတရဏဝိသုဒ္ဓိဟုခေါ်၏။

မဂ်မဟုတ်သည် မဂ်ဟုတ်သည်ကို ယခုအခါ သောတာပတ္တိ မဂ်ဟုတ်၏ဟု ပိုင်းခြား၍ သိနိုင်ခြင်းကို မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဟုခေါ်သည်၊ မိမိ၏သန္တာန်၌ တည်သော ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို မြင်လာသည်မှစ၍ သစ္စာလေးပါးကို ဘွားကနဲတပြိုင်နက်သိသော ဉာဏ်သည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိမည်၏၊ ဂေါတြဘူစိတ်ဖြစ်ပြီးသည်နှင့် တပြိုင်နက် အသင်္ခတ နိဗ္ဗာနဓါတ်ကို ပိုင်ပိုင်နိုင်နိုင်သိသောဉာဏ်သည် ဉာဏဒဿန ဝိသုဒ္ဓိမည်၏, ဤကားစွန်းလွန်း ဆရာတော် နည်းနိဿယဟူ၍လည်း မှတ်အပ်လေ၏။

အချို့သော ယောဂီတို့ မဂ်ရနည်း- ထိသောရုပ်-ဖြစ်စ ပျက်ဆုံးကိုမြင်လျက် သိ-သောနာမ်-ဖြစ်စ ပျက်ဆုံးကိုမြင်လျက်ဥဒယဘယဉာဏ်မှ အားကောင်းလာသော ရုပ်တွေဟာပေါ်ချိပျက်ချိနာမ်အသိဟာပေါ်ချိပျက်ချိနှင့်ထိ-သော ရုပ်, သိသော-နာမ်စိတ်ကလေးတွေဟာ တဖွါးဖွါးတရိပ်ရိပ်နေပြီး ပျောက်သွားတော့၏၊ ဤပျောက်သော အခါ မမြင်ဘူးသော ထိသောရုပ်, မသိဘူးသော အသိနာမ် တရားတွေဖြစ်ပေါ်လာဒါကို တွေ့ရတော့ အလွန် နှစ်သက်သောပီတိဆိုတဲ့ နိကန္တိကဇော- စော၍သွားတတ်၏၊ ၎င်း နိကန္တိကဇောသည်အပါယ်သို့ရောက်ကြောင်းပါ တကားဟု သတိရသည်ဖြစ်၍ စိတ်အစဉ်မရှိအောင်ပြုရ၏၊ ဤကဲ့သို့ ပြုနိုင်သည်ရှိသော် တဘန်အစဉ်အတိုင်း ထိသောရုပ်, သိ

သောနာမ်ကိုဆိုင်း၊ ထိသောရုပ်, သိသောနာမ်, ခံစားသော ဝေဒနာ-နာမ်, မှတ်သောသညာနာမ်, စပ်တတ်သော ဖဿနာမ်၊ ဆိုင်းတို့ဖြစ်စအပျက် အဆုံး ထင်မြင် လျက်ပင် တဖွားဖွားတရိပ်ရိပ် ထိ-စပ်သောအာရုံကိုဆိုင်း ကြားပြီး သေးသေး ငယ်ငယ်အမှုန်ဖြစ်ဆလိုအားလုံးကုန်ပျောက်ပြီး ရပ်သွားတော့ တခုမှ ရုပ်နာမ်-ရှာ၍ ရှုလို့မရဖြစ်ပြီး မေ့ သွားသလို ချုပ်ဆုံးသွား၏၊ ဤလိုဖြစ်ခြင်းသည်နိဗ္ဗာန် ပါ ဘဲဟု ဆုံးဖြတ်ပြီး သောတာပန် ဖြစ်သည်ဟု ကမ္မဋ္ဌာန်း ဆရာတို့ဆုံးဖြတ်ပိုင်းခြားဘူးလေ၏။

မဂ်ရပြီးသော သောတာပန် ပုဂ္ဂိုလ်သည် ဖိုလ်ဝင်စား ၍ ဖိုလ်စိတ်ဖြစ်လာသောအခါ ပယ်အပ်ပြီးသော ကိလေ သာကို အချို့ပုဂ္ဂိုလ်ပြန်၍ ဆင်ခြင် အောင့်မေ့၏၊ အချို့ မဆင်ခြင်ဟု အဘိဓမ္မတ္ထသင်္ဂဟ၌ လာပုံကို မှတ် သား ရန်ကား-

မဂ္ဂံ ဖလဉ္စနိဗ္ဗာနံ၊
ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေစ၊
ပစ္စဝေက္ခတိ ဝါ နဝါ။
ဆဗ္ဗိသုဒ္ဓိကမေနေဝံ၊
ဘာဝေတဗ္ဗော စတုဗ္ဗိဓော၊
ဉာဏဒဿနဝိသုဒ္ဓိ၊
နာမ မဂ္ဂေါ ပဝုစ္စတိ။ ။

အနက်-ပဏ္ဍိတော၊ ပညာရှိသော အရိယာပုဂ္ဂိုလ်သည်၊ မဂ္ဂဉ္စ။ မဂ်ကိုဆိုင်း။ ဖလဉ္စ။ ဖိုလ်ကိုဆိုင်း။ နိဗ္ဗာနဉ္စ။ နိဗ္ဗာန်

ကိုဂုင်း။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏၊ ဟ°နေ၊ ပယ်အပ်ကုန်ပြီးသော။ ကိလေသေစ၊ ကိလေသာတို့ကိုဂုင်း။ သေသေ ပယ်အပ်ပြီးသည်မှ ကြွင်းကုန်သော၊ ကိလေသေစ၊ ကိလေသာတို့ကိုဂုင်း။ ပစ္စဝေက္ခတိဝါ၊ ဆင်ခြင် သည်လည်းရှိ၏။ နဝါပစ္စဝေက္ခတိ၊ မဆင်ခြင်သည်လည်းရှိ၏။ ဧဝံ ဣမိနာဝုတ္တနယေန၊ ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်ဆင္ခြသုဒ္ဓိကမနေ ခြောက်ပါးသောဝိသုဒ္ဓိအစဥ်ဖြင့်။ ဘာဝေတဗ္ဗောပွားစေအပ်သော၊ စတုဗ္ဗိဓော၊ လေးပါးအပြားရှိသော၊ မဂ္ဂေါ မဂ်ကို။ ဉာဏဒဿနဝိသုဒ္ဓိနာမ၊ ဉာဏဒဿနဝိသုဒ္ဓိမည်၏ဟူ၍။ ဝါ၊ နိဗ္ဗာန်ကိုမြင်နိုင်သော မဂ်ဉာဏ်၏ စင်ကြယ်ခြင်းမည်၏ဟူ၍။ ပဂုစ္စတိ၊ အပြားအားဖြင့်ဆိုအပ်၏။

အဓိပ္ပါယ်ကား-သောတာပတ္တိဖိုလ်သို့ရောက်ပြီးသည်ရှိသော် ပယ်ပြီးသော ကိလေသာကို ပယ်လိုက်သဖြင့် ဝမ်းမြောက်ဘွယ်ရှိရတော့၏၊ မပယ်အပ်သေးသော- ကိလေသာကိုလည်း ပယ်နိုင်ရန် ဖိုလ်ငါးပါး လက်ကိုင်ထား၍ အဘန်ဘန် သုံးသပ်အပ် ပယ်အပ်၏၊ နောက်မှဆုတ်တမ်း ပယ်ရမည်ဟူ၍မှတ်-

---

## ၂၆။ မဂ်လေးပါးအစဥ်အတိုင်း ရသည်မှတ်ရန်

သောတာပတ္တိ ဖိုလ်ရပြီးသည်နောက် သကဒါဂါမိမဂ်-ဖိုလ်ရောက်လို ရလိုသောပုဂ္ဂိုလ်မှာ ကာမဂုဏ်ရှိရှင်းကြမ်းတန်းသောအားဖြင့် တပ်နှစ်သက်သော ကာမ

ဏှာခလာဘ၊ ကာမရာဂနှင့်စပ်သဖြင့် ပြစ်မှားတတ်သော ဒေါသ၊ ၎င်းကာမတဏှာနှင့် ဒေါသ၏၊ အပြစ်ကိုမမြင်မူ၍ ဖုံးလွှမ်းကွယ်ကာတတ်သော မောဟ၏ သဘော တရားတို့ကို အကြိမ်ကြိမ် အဘန်ဘန် အကြောင်း အကျိုးဟူသမျှအား ကွက်ကွက် ကွင်းကွင်း ရုပ်နာမ်ဓမ္မတို့ကို ထင်မြင်လာအောင်ရှုသဖြင့် ရုပ်နာမ်ဇာတိ သင်္ခါရတို့ကို လက္ခဏာယာဉ်သုံးပါးနှင့် ပိုင်းခြား၍ သမ္မသနအစက ဉာဏ် စဉ်မပြတ် ဝိသုဒ္ဓိခုနစ်ပါးနှင့် ပြည့်စုံအောင် ဗိုလ်ငါးပါး ထက်ကိုင်ထားပြီး သိ-ပယ်-ဆိုက်-ပွားလျှင် သကဒါဂါမိအဖြစ်သို့ရောက်ပါ၏၊ သိဆိုသည်ကား ဒုက္ခသစ္စာကို သိရမည်၊ ပယ်ဆိုသည်ကား ကိလေသာ သမုဒယသစ္စာကို ပယ်ရမည်၊ ဆိုက်-ဆိုသည်ကား နိဗ္ဗာန်နိရောဓသစ္စာကို ဆိုက်အောင်ကျင့်ဆိုသည်၊ ပွားဆိုသည်ကား မဂ္ဂရှစ်ပါးကို ပွားရမည်ဆိုလိုသည်၊သို့ဖြစ်ပါ၍ အဘိဓမ္မတ္ထသင်္ဂဟ၌-

သကဒါဂါမိ မဂ္ဂံ ဘာဝေတွာ ရာဂဒေါသ
မောဟာနံ တနုကရတ္တာ သကဒါဂါမိ
နာမ ဟောတိ သကိံ ဒေဝ ဣမံ လောကံ
အာဂန္တွာ။

သကာဒါဂါမိမဂ္ဂံ၊ သကဒါဂါမိမဂ်ကို။ ဘာဝေတွာ၊ ပွားစေ၍။ ရာဂဒေါသ မောဟာနံ၊ ရာဂ,ဒေါသ, မောဟတို့ကို။ တနုကရတ္တာ ခေါင်းပါးအောင် ပြုတတ်သည်၏ အဖြစ်ကြောင့်။ သကိံ ဒေဝ၊ တကြိမ်သာလျှင်၊ ဣမံ လောကံ၊ ဤလူ့ပြည်လောကကို၊ အာဂန္တွာ၊ လာ၍။ ဝါ၊ လာခြင်းကြောင့်။ သကဒါဂါမိ နာမ၊ သကဒါဂါမိ မဂ်မည်သည်။ ဟောတိ ဖြစ်၏၊

ဤကဲ့သို့သကဒါဂါမိ မဂ်ပုဂ္ဂိုလ်၏ အကျိုးကို သိကြပါဟူ၍ အဓိပ္ပါယ်လာသည်၊ ၎င်းသကဒါဂါမိ မဂ်-ဖိုလ်ပုဂ္ဂိုလ်ဖြစ်ခဲ့ပြီဟု ထင်မှတ်သောအခါ မိမိ၏သန္တာန်၌ ဖြစ်လာသော သန္တတိအစဉ်အတိုင်း သတိပဋ္ဌာန်လေးပါးနှင့် သုံးသပ်ကြည့်လိုက်ပါ၊ ၎င်းအစဉ်အတိုင်း ရာဂ- ဒေါသ-မောဟတို့သည် သောတာပန်ကဲ့သို့ ရှုန့်ရင်းမှု, ခေါင်းပါးမှု ရှိပါ၏လားဟူ၍ စိစစ်ကြည့်ပါ၊ ဤလိုစိစစ်ကြည့်မှ မိမိကိုယ်ကို သကဒါဂါမိဟုတ်၏ဟု ထင်မှတ်ရမည်၊ သောတာပန်ကဲ့သို့ ရှုန့်ရင်းမှုရှိကဲ့ပါလျှင် သကဒါဂါမိ- မဟုတ်ဟူ၍ ရှင်းရှင်းမှတ်ပါ။

တနည်းကား-ရိပ်သာဆရာတို့အလိုကား- သောတာပန်ဖြစ်ပြီး၍ သကဒါဂါမိ အလိုရှိသောပုဂ္ဂိုလ်သည် အဓိဋ္ဌာန်အားဖြင့် ဆောက်တည်၍ပြုပြီးမှ သကဒါဂါမိ မဂ်ကို တဆင့်တက်ရမည်၊ အဓိဋ္ဌာန် ဆောက် တည်ပုံကား ဘုရားရှေ့မှာ သော်၎င်း, ဆရာကြီးများထံမှာ သော်၎င်း တပည့်တော်သည် မဆုတ်မနစ် သီလ, သမာဓိ, ပညာနှင့် ပြည့်စုံလိုပါ၏၊ သကဒါဂါမိ မဂ်ကိုတက်လိုပါ၏ဟု အဓိဋ္ဌာန်ဆောက်တည်ပြီး ရုပ်နာမ် နှစ်ပါးတို့ကို လက္ခဏာယာဉ်သုံးပါး, ဝိသုဒ္ဓိအစဉ်, ဉာဏ် အစဉ်တို့ ကုန်ဆုံးပျောက်ပျက်ရပ်သွားသည်တိုင်အောင် ပြည့်စုံကဲ့ပါမှ သကဒါဂါမိ-မဂ်ကိုရသည်ဟု မှတ်ပါလေ။

## ၂၇။ အနာဂါမိမဂ်ကို ရရှိသော ပုဂ္ဂိုလ်မှတ်ရန်

သကဒါဂါမိ မဂ်ကို ရပြီး၍ အနာဂါမိမဂ်- ဖိုလ်

တရား တို့ကို အား ထုတ် လို, ရလို, ရောက် လို သော ပုဂ္ဂိုလ် သည် ကာမ ရာဂ နှင့် ယှဉ်သော တဏှာလောဘ ကာမ ရာဂနှင့်စပ်သော ဗျာပါဒ-ဒေါသတို့ကို မိမိ၏ သန္တာန်မှာ မဖြစ်ပေါ်လာနိုင်အောင် ရုပ်-နာမ်- ဇာတိ, သင်္ခါရတည်လျက်ရှိသော ပရမတ်သဘောအစစ်ကို လက္ခဏာယာဉ်သုံးပါး, ဉာဏ်စဉ်, ဝိသုဒ္ဓိ အစဉ် အတိုင်းဖြင့် ကိလေသာ ရာဂ, ဒေါသ, မောဟ စသည်တို့ကို အကြွင်းမရှိ၊ သိ-ပယ်-ဆိုက်ပွား၊ သစ္စာလေးပါး ဉာဏ်စဉ် တရားနှင့်ပြည့်စုံစွာဖြင့် မဂ်, ဖိုလ်ဖြစ်ပေါ်လာသည်ကို အနာဂါမိ-မဂ်, ဖိုလ်ခေါ်ပါသည်၊ ဤမဂ်, ဖိုလ်- ရောက်ခြင်းကား အဘိဓမ္မတ္ထသင်္ဂဟ၌ ဤသို့လာ၏။

**အ**နာဂါမိမဂ္ဂံ **ဘာဝေတွာ ကာမ**-ရာဂ-
ဗျာပါဒါန မနဝသေ **သပ္ပဟာနေန**
**အနာ**ဂါမိ နာမဟောတိ **အနာ**ဂတ္တွာ ဣတ္ထတ္တံ။

**အနာ**ဂါမိ မဂ္ဂံ၊ အနာဂါမိ **မဂ်ကို**။ **ဘာဝေတွာ**၊ မဂ်သစ္စာဖြင့်ပွား၍။ ကာမ-ရာဂ-ဗျာပါဒါနံ၊ ကာမ- ရာဂ-ဗျာပါဒတို့ကို။ **အနဝသေသပ္ပဟာနေန**၊ **အကြွင်း**မဲ့ ပယ်ခြင်းကြောင့်။ ဣတ္ထတ္တံ၊ ဤကာမဘုံသို့။ အနာဂတ္တွာ၊ မလာ၍။ ဝါ၊ မလာခြင်းကြောင့်။ အနာဂါမိနာမ၊ **အနာ**ဂါမိ မည် သည်။ ဟောတိဖြစ်၏။

အဓိပ္ပါယ်ကား- အနာဂါမိတည်**သော** ပုဂ္ဂိုလ်သည် ကာမ တဆယ့်တဘုံသို့ မလာမူ၍ အထက် ဗြဟ္မာဘုံ၌သာ တရားထူးဟုဆိုအပ်သော ပရမတ် ဆတ်ဆတ်သဘောတို့ကို လက္ခဏာယာဉ်သုံးပါး, ဉာဏ်စဉ်ဆယ်ပါး- ဝိသုဒ္ဓိ

နှစ်ပါး, **သ**စ္စာလေးပါး- သစ္စာဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်သုံးပါးတို့ဖြင့် ပိုင်ပိုင်နိုင်နိုင် ကွက်ကွက် ကွင်းကွင်းကိလေသာဟူသမျှ စင်ကြယ်စွာ ထင်မြင် **သိ**ရှိလာသော ပုဂ္ဂိုလ်မျိုးကို **အ**နာဂါမ် ပုဂ္ဂိုလ်ဟုခေါ်နိုင်ပါ၏၊ သည်တွင် မဟုတ်သေး။

မူလပဏ္ဏာသ သတိပဋ္ဌာန်ပါဠိတော်၌-
ယောဟိကောစိ ဘိက္ခဝေ ဣမေစတ္တာ
ရောသတိပဋ္ဌာနေ ဧဝံဘာဝေယျ၊
သတ္တာဟံ တဿဒွိန္နံဖလာနံ အညတရံ
ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝဓမ္မေ အညာ သတိဝါ
ဥပါဒိသေသေ **အန**ာဂါမိတာ ဟုလာ၏။

**အနက်ကား**- ဘိက္ခဝေ ရဟန်းတို့။ **ယောဟိကောစိ** အမှတ်မရှိ- ရဟန်းရှင်လူ ခပ်သိမ်းသူသည်။ **သတ္တာဟံ**၊ ခုနစ်ရက်တို့ပတ်လုံး။ ဣမေစတ္တာရော သတိပဋ္ဌာနေ။ ဤလေးပါးသော သတိပဋ္ဌာန်တို့ကို။ ဧဝံ။ ဤသို့ ငါ ဘုရားဟောတော်မူသောအတိုင်း၊ ဘာဝေယျ၊ နေ့-ည-မနား ပွားများများအားထုတ်အံ့။ တဿ၊ ထိုသူအား။ ဒိဋ္ဌေဝဓမ္မေ၊ ယခုမျက်မှောက်သောဘဝ၌ပင်။ အညာဝါ၊ အရဟတ္တဖိုလ်သည်ရင်း။ ဘာဝိဿတိ။ ဖြစ်လတ္တံ့။ ဥပါဒိသေ၊ ခန္ဓာ **အ**ကြွင်းသည်။ **သ**တိ၊ ရှိသော် **အ**နာဂါမိတာဝါ၊ **အ**နာဂါမိဖိုလ်သည်လည်း၊ ဘာဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ။ ဤသို့ ဒွိန္နံဖလာနံ၊ နှစ်ပါးသော ဖိုလ်တို့တွင်။ အညတရံဖလံ၊ ဖိုလ် တပါးပါးကို။ ပါဋိကင်္ခံ၊ **အ**လိုရှိအပ်၏။

အဓိပ္ပါယ်ကား- မိမိ၏ခန္ဓာကိုယ်ကို။ ထိ- ခိုက် ပေါ်ပေါက်လာသော ရုပ်နာမ်နှစ်ပါးတို့မှ အစဖြစ်အဆုံးပျက်ဟု လက္ခဏာယာဉ် ဉာဏ်စဉ်တို့ဖြင့် ထင်မြင် သိရှိနေခြင်း ကာယာနုပဿနာ သတိပဋ္ဌာန်၊ မိမိ၏ သန္တာန်၌ တည် နေသော အသိ-နာမ်စိတ်ကို လက္ခဏာယာဉ် ဉာဏ်စဉ်တို့ဖြင့် ထင်မြင် သိရှိနေခြင်းသည် စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ထိသော ရုပ်, သိသောနာမ်တရား နှစ်ပါးတို့ တည်နေဆဲ အာခိုက်အဘန့်၌ သုခ, ဒုက္ခ, ဥပေက္ခာဝေဒနာတို့တွင် တပါးပါးပေါ်သော ဝေဒနာကို လက္ခဏာယာဉ် ဉာဏ်စဉ် နှင့်တကွ ထင်မြင်သိရှိနေခြင်းသည် ဝေဒနာ နုပဿနာ သတိပဋ္ဌာန်၊ ရုပ်နာမ်တို့ ထိခိုက်၍တည်နေသောအခါ တည်နေသော ရုပ်နာမ်အပေါင်းတို့ကို ထင်မြင်သိရှိ နေ ခြင်း သည် ဓမ္မာနုပဿနာ သတိ ပဋ္ဌာန်၊ ၎င်းလေးပါးသော သတိပဋ္ဌာန်တို့နှင့် သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်း ဣရိယာပုထ်တိုင်း လက္ခဏာယာဉ် ဉာဏ်စဉ်တို့ဖြင့် ထင်မြင်သိရှိလာခြင်းသည်သာလျှင် အနာဂါမ် အဖြစ်သို့ရောက်နိုင်၏ဟူ၍မှတ်ရမည်။

ထိုမှတပါး အနာဂါမ်ရိုးရိုး သုက္ခဝိပဿက ပုဂ္ဂိုလ်တို့သည် ဖလသမာပတ္တိကို မဝင်စားနိုင်ဟု မုချမှတ်၊ ဈာနလာဘီ-ဈာန်ရပြီးသော အနာဂါမ် ပုဂ္ဂိုလ်တို့သည် သာလျှင် မိမိတို့ရအပ်ပြီးသော ဖိုလ်ကိုသာ ဝင်စားနိုင်သည်၊ ထို ဖလသမာပတ္တိကို ဝင်စားလိုသော အရိယာသာဝကတို့ သည် ဆိတ်ကွယ်ရာ အရပ်သို့ ချဉ်းကပ်လျက် ကာလ အာ ပိုင်းအခြားကို ပြုပြီးလျှင် ရုပ်နာမ် သင်္ခါရတို့ကို ဥဒယဘယ ဉာဏ်မှစ၍ ဉာဏ်စဉ်အတိုင်း တက်ခါ ဂေါတြဘူ ဉာဏ်၏

အခြားမဲ့၌ နိဗ္ဗာန်ကို အာရုံပြု၍ ဖိုလ်စိတ်ကို ဖြစ်စေ၏၊ ထိုနောက် ပိုင်းခြားတိုင်းသော ကာလ၏ အဆုံး၌ ဘဝင်စိတ်ဖြင့်ထလေ၏၊ နိရောဓသမာပတ် ဝင်စားခြင်းကိုကား ကာမဘုံ,ရူပဘုံတို့၌ သမာပတ်ရှစ်ပါးကိုရကြ ကုန်သော အနာဂါမ် ပုဂ္ဂိုလ်တို့အားလည်းကောင်း, ရဟန္တာ ပုဂ္ဂိုလ်တို့အားလည်းကောင်း ရအပ်လေ၏၊ အရူပဘုံ၌ ရူပဈာန် မရှိခြင်းကြောင့် ဝင်စားခြင်းငှာမတတ်နိုင်ချေ။

ထိုနိရောဓသမာပတ်မှာ အစဉ်အတိုင်း ပဌမဈာန်မှ အစရှိသော မဟဂ္ဂုတ်သမာပတ်ကို ဝင်စား၍ ထိုမဟဂ္ဂုတ်သမာပတ်၌ ဖြစ်ကုန်သောသင်္ခါရတရားတို့ကို ထိုထိုသို့ဈာန်မှထပြီးသည်၏ အခြားမဲ့၌ပင် ဝိပဿနာရှုလျက်အာကိဉ္စညာယတနဈာန်ကို ဝင်စား၍ ထိုဈာန်မှထပြီးလျှင် နာနာဗဒ္ဓအဝိကောပန-ငါ၏အထူးထူးသော ပစ္စည်း မပျက်စီးပါစေဟူ၍လည်း, သံဃပတိမာနန- သံဃာတော်မြတ် အလိုရှိခဲ့သော်လည်း, သတ္ထုပကောသန- ဘုရားရှင် ခေါ်တော်မူခဲ့သော်လည်း, အဒ္ဓါနပရိစ္ဆေဒ- ငါ၏အသက်သည် ခုနစ်ရက်ထက်အပိုရှိလေ၏ဟူ၍လည်း၊ ဤလေးပါးသော ပုဗ္ဗကိစ္စကို အဓိဋ္ဌာန်ပြု၍ နေဝသညာနာ သညာ ယတနကုသိုလ်ကြိယာဈာန်ဝင်စား၏။

ထိုကုသိုလ်ဇော, ကြိယာဇော-နှစ်ကြိမ်နောက်၌ အနာဂါမ်, ရဟန္တာတို့၏ စိတ်စေတသိတ် အစဉ်သည်ပြတ်၏၊ ထိုအစဉ်ပြတ်သည်မှ နောက်၌ကမ္မဇရုပ်အစဉ်ဖြစ်ခြင်းသည် နိရောဓသမာပတ်ကိုဝင်စားသည်မည်၏၊နိရောဓသမာပတ်မှထသောအခါအနာဂါမ်မှာအနာဂါမိဖိုလ်ဇောကျ၏၊ထို

နောက်ပစ္စဝေက္ခဏာဉာဏ်ဖြစ်၏၊ သို့မဟုတ် ကိလေသာ စင်ကြယ်သည် မစင်ကြယ်သည်ကိုလည်း ဗိုလ်ငါးပါးလက် ကိုင်ထားပြီး သတိပဋ္ဌာန်လေးပါးနှင့် စစ်ကြည့်ခဲ့သော် ကိလေသာမစင်ကြယ်က အနာဂါမ်မဟုတ်သေးဟုမှတ်ပါ၊ စစ်တမ်းတင်ပြီးကြည့်မှသာလျှင် အနာဂါမ်- ဟုတ်သည် မဟုတ်သည်-သိရလေတော့၏ ဟုမှတ်ပါလေ၊

## ၂၈။ ရဟန္တာအဖြစ်သို့ ရောက်ခြင်းမှတ်ရန်

အနာဂါမ် ပုဂ္ဂိုလ်သည် ရဟန္တာအဖြစ်သို့တက်ရောက် လိုပါက ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝတည်းဟူ သော ကာမတဏှာ, ရူပတဏှာ, အရူပတဏှာ, အ ကြောင်းမူလအမြစ် လောဘတရား၊အကျိုးဟုဆိုအပ်သော သိအပ်သော အယူမှားခြင်းနှင့် မယှဉ်သော ဝိပ္ပယုတ်စိတ် လေးလုံး၊ အဝိဇ္ဇာသဝမူလဟုဆိုအပ်သော ပြန့်လွင့်သော စိတ်၊ ၎င်းတို့ကိုရှေ့က-သိမြင်ခြင်းနှင့်မတူမူ၍ အထူးသိမြင် ၍ ရုပ်နာမ်သင်္ခါရတို့၏ အစဖြစ် အဆုံးပျက်ခြင်း စသော လက္ခဏာယာဉ်, ဉာဏ်စဉ်, ဝိသုဒ္ဓိအစဉ်တို့မှာ ထင်လင်း စွာ အိုးဖြင့်အုပ်ထားသော ဝတ္ထုကို ဖွင့်၍ပြဘိ သကဲ့သို့ ပိုင်ပိုင်နိုင်နိုင် အထူးသိမြင်၍ သစ္စာလေးပါးဖြင့် သိ- ပယ်-ဆိုက်-ပွားနှင့်ပြည့်စုံလျှင် ရဟန္တာကြီး အစစ် အဖြစ် သို့ရောက်ပြီ၊ အသင်္ခတဓါတ် နိဗ္ဗာန်သောင်ကမ်းသို့ မုချ ကောန်ရောက်ပါ၏ဟု မှတ်ပြီး၍ လောကသုံးခွင် ဘုံအပြင်

၌ လူ-နတ်ပြဟ္မာ-ပူဇော်အထူးကိုခံထိုက်ကြောင်းအဘိဓမ္မတ္ထသင်္ဂဟကျမ်း၌-

အရဟတ္တမဂ္ဂံ ဘာဝေတွာ အနဝသေသ
ကိလေသပ္ပဟာနေန အရဟာနာမဟောတိ
ခီဏာသဝေါ လောကေ အဂ္ဂဒက္ခိဏေယျော။

အရဟတ္တမဂ္ဂံ၊ အရဟတ္တမဂ်ကို။ ဘာဝေတွာ၊ ပွားစေ၍။ အနဝသေသ-ကိလေသပ္ပဟာနေန၊ အကြွင်းမဲ့ ကိလေသာကို ပယ်ခြင်းဖြင့်၊ ပယ်ခြင်းကြောင့်။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါရှိသော။ လောကေ၊ လောက၌။ အဂ္ဂဒက္ခိဏေယျော။ မြတ်သောအလှူကို ခံ ထိုက်သော။ အရဟာနာမ၊ ရဟန္တာမည်သည်။ ဟောတိ ဖြစ်၏-ဟု မှတ်ပါလေ။

အမိပ္ပါယ်ကား- ထိုမဂ်လေးပါးကို အစဉ်အတိုင်း သွားရောက်နိုင်ခြင်းသည် ထိုသခ်ါရုပေက္ခာဉာဏ်သည် ထက်မြက်ရင့်သန်၍ အနုလောမဉာဏ် အခြေမှန်မှု ဂေါတြဘူဉာဏ်သို့ အစဉ်အတိုင်းတက်လျက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် အစဉ်အတိုင်း သိမြင်နိုင်၍ပစ္စဝေက္ခဏာ ဉာဏ် ဖြင့် တဆင့်ဆင်ခြင်၍ ထို့နောက်- ထိုနေရာ၌သော်ရင်း, ရှည်လျား ကြာမြင့်စွာကြာသော အခါ တ ပါး ၌ သော် ရင်း ဈာန်, ဖိုလ်, ဇောဇွှင်တို့ကို ပေါင်းစု ထက် မြက်စေလျက် ဝိပဿနာဉာဏ်ဆယ်ချက်ဖြင့် တက်လျက် သကဒါဂါမိမဂ်, ဖိုလ်, ပစ္စဝေက္ခဏာ ဉာဏ်တို့သည် ဖြစ်လာကုန်၏၊ ထို့အတူ အနာဂါမိ မဂ်,ဖိုလ်,ပစ္စဝေက္ခဏာဉာဏ်, အရ

ဟတ္တမဂ်, ဖိုလ်, ပစ္စဝေက္ခဏာဉာဏ်တို့သည် ဖြစ်လာကုန်
၏ဟူ၍ မဂ်လေးပါး တက်ပုံ အစဉ် အတိုင်း မှတ်ပါ
လေကုန်။

ထိုဝိပဿနာဉာဏ်နှင့် အစဉ် အတိုင်း တဒင်္ဂပဟာန်
စသည်ဖြစ်သော ပယ်ခြင်းဖြင့် ပယ် လိုက် သော အခါ
ပပျောက်၍ ပယ်သည်ကား ဤသို့မှတ်၊ နာမရူပ ပရိစ္ဆေဒ
ဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိ ပယ်သည်မည်၏၊ ပစ္စယပရိဂ္ဂဟ
ဉာဏ်ဖြစ်လိုက်ခြင်းသည်ကား အဟေတုကဒိဋ္ဌိ, ဝိသမဟေ
တုကဒိဋ္ဌိ, ဝိစိကိစ္ဆာတို့ကို ပယ်သည်မည်၏။ သမ္မသနဉာဏ်
ဖြစ်လိုက်ခြင်းသည်ကား သမာဟဂါဟကို ပယ်သည်မည်
၏၊ ဥဒယဘယဉာဏ် ဖြစ်လိုက်ခြင်းသည်ကား ဥစ္ဆေဒဒိဋ္ဌိ,
သဿတဒိဋ္ဌိတို့ကို ပယ်သည်မည်၏၊ ဘင်္ဂဉာဏ် ဖြစ်
လိုက်ခြင်းသည်ကား အားလေးပါးကို ပယ်သည်မည်၏၊
အာဒီနဝဉာဏ် ဖြစ်လိုက်ခြင်းသည်ကား မိမိခန္ဓာကိုယ်၌
ကျရောက်သော အပြစ်တို့ကို ပယ်သည်မည်၏။ နိဗ္ဗိဒါ
ဉာဏ် ဖြစ်လိုက်ခြင်းသည်ကား မွေ့လျော်ဘွယ် အမှတ်
သညာ အဘိရတိသညာကို ပယ်သည်မည်၏၊ မုစ္စိတုကမျ
တာဉာဏ်ဖြစ်လိုက်ခြင်းသည်ကား သံသရာဘဝ၌မြုပ်တတ်
သော တရားတို့ကို ပယ်သည်မည်၏။ ပဋိသင်္ခါဉာဏ်ဖြစ်
လိုက်ခြင်းသည်ကား သံသရာကြီး နစ်မွန်းအောင် ပြု လုပ်
သော၊ မောဟကိုပယ်သည်မည်၏၊ သင်္ခါရုပေက္ခာ ဉာဏ်
ဖြစ်လိုက်ခြင်းသည်ကား ချစ်ခြင်း နှောင်ဖွဲ့ခြင်းနှင့်တကွ အ
ပြစ်ဒေါသ-ဟူသမျှတို့ကို ပယ်သည်မည်၏၊ အနုလောမ
ဉာဏ်ဖြစ်လိုက်ခြင်းသည်ကား သစ္စာလေးပါးကို မသိနိုင်
သော မောဟစသည်ကိုပယ်သည်မည်၏၊ ဤလို မဂ်ဉာဏ်,

ဖိုလ်ဉာဏ်ဖြင့် **လေးပါးလေးပါးသော-မဂ်-ဖိုလ်တို့ အစဉ်** အတိုင်းပယ်ပုံကိုမှတ်**ရ**မည်။

---

## ၂၉။ သစ္စာအနက်တဆယ့်ခြောက်ချက်မှတ်ရန်

အနုလောမဉာဏ်**စသ**ည်ဖြင့် သစ္စာလေးပါးတို့၌မတွေမဝေ သိ**အပ်သောအကျိုး**တရားတို့ကို ပဋိသမ္ဘိဒါ မဂ်ပါဠိတော်၌ သစ္စာလေး**နက် တဆ**ယ့်ခြောက်ချက် မှတ်ရန်ဤလိုမှတ်။

ဒုက္ခဿပီဠနဋ္ဌော၊သင်္ခတဋ္ဌော၊
**သ**န္တာပဋ္ဌော ဝိပရိဏာမဋ္ဌော။ ။
**သ**မုဒယဿ **အာ**ယူဟနဋ္ဌော၊
နိဒါနဋ္ဌော၊ သံယောဂဋ္ဌော၊ ပလိဗောဓဋ္ဌော။ ။
နိရောဓဿ နိဿရဏဋ္ဌော၊ပဝိဝေကဋ္ဌော၊
**အ**မတဋ္ဌော၊အသင်္ခတဋ္ဌော။ ။
မဂ္ဂဿနိယျာနဋ္ဌော ဟေတုဋ္ဌော ဒဿနဋ္ဌော၊
အဓိပတေယျဋ္ဌော။

ဒုက္ခသစ္စာလေးနက်ကား- ဒုက္ခဿ၊ဒုက္ခသစ္စာ၏။ပီဠနဋ္ဌော၊ နှိပ်စက်အပ်, နှိပ်စက်ခြင်း သဘော တရား သည်လည်းတပါး။ သင်္ခတဋ္ဌော အဘန်ဘန်ပြုပြင်လုပ်ဆောင်အပ်သော သဘောတရားလည်းတပါး။ သန္တာပဋ္ဌော၊ အဘန်ဘန်ပူလောင်စေအပ်, ပူလောင်စေတတ်သော သဘော

လည်းတပါး။ဝိပရိဏာမဓမ္မော၊ဖရိုဖရဲ ဘောက်လဲ ဘောက် ပြန်ခြင်းလည်းတပါး။

အဓိပ္ပါယ်မှာ-တေဘူမကသင်္ခါရ ရုပ်-နာမ် ဇာတိ တရားအစုသည် ဤလေးပါးသော သဘောအနက်နှင့် ပြည့်စုံသည်ဖြစ်၍ ဒုက္ခသစ္စာအမှန်ဖြစ်လေ၏။

သမုဒယသစ္စာလေးနက်ကား- သမုဒယဿ၊ သမုဒယသစ္စာလောဘ၏။ အာယူဟနဋ္ဌော၊ ဒုက္ခဝဋ္ဋ-ဒုက္ခမှုတို့ကို တရံမစဲ အမြဲမပြတ် ဆောင်နှင်းခြင်းသဘော တပါး။ နိဒါနဋ္ဌော။ ဒုက္ခဝဋ္ဋ, ဒုက္ခမှုတို့၏ အကြောင်း ဟူသော သဘောတပါး။ သံယောဂဋ္ဌော၊ ဒုက္ခဝဋ္ဋ- ဒုက္ခမှုတို့ နှင့်သာ လွန်စွာယှဉ်တွဲ အမြဲတွဲနှောင်ခြင်း သဘောတပါး။ ပလိဗောဓဋ္ဌော၊ ဒုက္ခလက်မှ မထွက်ရအောင် နှောင့်ရှက်တားမြစ်ခြင်းတပါး။

ဒုက္ခအမျိုးမျိုးတို့ကို ဘဝဆက်တိုင်း ပွားများစေတတ်သော တဏှာသည် ထိုလေးပါးသော သဘောနှင့် ပြည့်စုံ၍ သမုဒယသစ္စာ အမှန်ဖြစ်လေသည်။

နိရောဓသစ္စာ လေးချက်ကား- နိရောဓဿ၊ နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာ၏ နိဿရဏဋ္ဌော၊ ဒုက္ခဝဋ်မှ ကျွတ်လွတ်ခြင်းသဘောတပါး။ ပဝိဝေကဋ္ဌော၊ နှောင့်ရှက်ခြင်းတို့မှ ဆိတ်ကင်းသော သဘောတပါး။ အမတဋ္ဌော၊ ပျက်ဆုံးခြင်းမရှိသော သဘောတပါး။ အသင်္ခတဋ္ဌော၊ အဘန်ဘန် ပြုပြင်ခြင်းမရှိသော သဘောတပါး။

အကြင်တရားသည် ဤလေးပါးသော သဘောနှင့်ပြည့်စုံ၏၊ ထိုတရားသည် ဒုက္ခခပ်သိမ်းကင်းလွတ်သော တရား

အမှန်ဖြစ်၏၊ နိဗ္ဗာန် တရားသည်လျှင် ဤလေးပါးသော သဘောနှင့်ပြည့်စုံ၏။

မဂ္ဂသစ္စာလေးနက်ကား- မဂ္ဂဿ၊ သမာဒိဋ္ဌိ အစရှိသော လောကုတ္တရာ မဂ္ဂရှစ်ပါး၊ မဂ္ဂသစ္စာ၏။ နိယျာနဋ္ဌော၊ သံသရာဝဋ်မှ ထွက်မြောက်ကြောင်း သဘောတပါး။ ဟေတုဋ္ဌော၊ ဖြူစင်မွန်မြတ်သော ဂုဏ်ကျေးဇူး အပေါင်းတို့ကို ကောင်းစွာတည်ခိုင် ပွားစေနိုင်သော သဘောတပါး။ ဒဿနဋ္ဌော၊ အနမဂ္ဂသံသရာဝယ် အိပ်မက်တွင်မျှ မမြင်ဘူးရ ထူးမြတ်လှသော စတုသစ္စဓမ္မကို မြင်ရခြင်းလည်း သဘောတပါး။ အဓိပတေယျဋ္ဌော၊ တဏှာ့သုံးမျိုး၏ အုပ်စိုးချက်မှ လွန်မြောက်သဖြင့် မိမိ၏အပေါ်တွင် မိမိလျှင် အကြီးအကဲဖြစ်ခြင်းသဘောလည်းတပါး။

အကြင်တရားသည် ဤလေးပါးသော သဘောနှင့်ပြည့်စုံ၏၊ ထိုတရားသည်သာလျှင် ဤလေးပါးနှင့်ပြည့်စုံ၏။

အဓိပ္ပါယ်မှာ- ဒုက္ခသစ္စာအနက် လေးချက်ကား ပရိညာကိစ္စ၏ သိမှုပြုခြင်းတည်း၊ သမုဒယသစ္စာ၏ အနက်လေးချက်ကား ပဟာနကိစ္စ၏ သိမှုပြုခြင်းတည်း၊ နိရောဓသစ္စာ၏ အနက်လေးချက်ကား သစ္ဆိကရဏ ကိစ္စ၏ သိမှုပြုခြင်းတည်း၊ မဂ္ဂသစ္စာ၏အနက်လေးချက်ကား ဘာဝနာကိစ္စ၏ သိမှုကိုပြုခြင်းတည်း၊ ယောဂီပုဂ္ဂိုလ်သည် ဒုက္ခသစ္စာ၏ အနက်လေးချက်ကိုသာ ပိုင်ပိုင်နိုင်နိုင် ထင် မြင်အောင်ထုတ်ရာ၏၊ ပိုင်နိုင်စွာ ထင်မြင်၍ ဒုက္ခသစ္စာ၌ ပရိညာကိစ္စပြီးစီးခဲ့လျှင် ကြွင်းသစ္စာသုံးပါးတို့၏ အနက် တဆယ့်

နှစ်ချက်တို့သည် အလိုလိုကိစ္စပြီးစီးကုန်၏၊ တမင် တကာ အားထုတ်ဘွယ် ကိစ္စမရှိကုန်၊ ဒုက္ခသစ္စာ အနက် လေးချက် သည်သာလျှင် အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာယာဉ် သုံးပါး၌ ပါဝင်ကုန်၏၊ အနက်လေးချက်လုံးသည် ဒုက္ခ လက္ခဏာရေး၌ အကုန်ဝင်ကုန်၏၊ ဝိပရိဏာမဋ္ဌာ၊ အနက်တခုသည် အနိစ္စ လက္ခဏာရေးဘခုပင်တည်း၊ အနိစ္စ- ဒုက္ခနှစ်ပါး၌ဝင်လျှင်လည်း အနတ္တ လက္ခဏာရေး၌ဝင်တော့သည်၊ ထို့ကြောင့် လက္ခဏာရေးသုံးပါး နေရာကျပြီးစီးခဲ့လျှင် အကျယ်ပြဆိုခဲ့ပြီးသော သစ္စာအနက် တဆယ့် ခြောက် ချက်သည် အလိုလိုပြီးစီးတော့သည်၊ ထို့ကြောင့် အင်္ဂုတ္တရအဋ္ဌကထာ၌-

ဧတေသု တီသု လက္ခဏေသု ကေသုစိ ဒိဋ္ဌေ
ဋ္ဌတရဒွယံ ဒိဋ္ဌမေဝဟောတီတိ အနုရုဒ္ဓံ
အနိစ္စသညိနောမေဃဝိယ အနတ္တသညာ
သဏ္ဌာတီတိ ဟုလာ၏။

ဧတေသု တီသု လက္ခဏေသု၊ ဤသုံးပါးသော လက္ခဏာရေးတို့တွင်၊ ကေသုစိ၊ တခုခုကို။ ဒိဋ္ဌေ၊ မြင် ခဲ့သည်ရှိသော်။ ဣတရဒွယံ၊ အကြွင်းနှစ်ပါးသည် ဒိဋ္ဌမေဝ၊ အလိုလိုထင်မြင်ပြီးဖြစ်တော့သည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ အနိစ္စ သညိနော မေဃဝိယ အနတ္တသညာသဏ္ဌာတီတိ၊ သဏ္ဌာတီတိဟူ၍။ ဘဂဝတာ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အဓိပ္ပါယ်မှာ- လက္ခဏာရေး သုံးပါးတို့တွင် အနိစ္စ

လက္ခဏာတခုမြင်လျှင် ဒုက္ခ, အနတ္တလက္ခဏာ မြင်တော့သည်၊ သို့ဖြစ်ပါ၍ အနိစ္စလက္ခဏာတခု လိုရင်းပင်တည်း၊ ကျန်လက္ခဏာတို့သည် အလိုလို ကိစ္စပြီးစီး၏ ဟူ၍ မှတ်ရမည်။ ကေန်ပင်။

## ၃၀။ သစ္စာလေးပါး၌ သစ္စ-ကိစ္စ-ကတဉာဏ် တို့မှတ်ရန်

မဂ်တပါးတပါးမှာ သိအပ်သောဉာဏ်သည်သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်အားဖြင့် သုံးပါးစီ သိမှတ်ရ၏၊ ၎င်းတို့တွင် ဒုက္ခသစ္စာ၌ဟူသည်ကား ပရမတ္ထ သဘော တရားကို ပိုင်းခြား၍ သိအပ်သော ဒုက္ခသစ္စဉာဏ်မည်၏၊ ဒုက္ခသစ္စာ၌ ပရမတ္ထတရားကို ပိုင်းခြား၍ မိမိသန္တာန်မှာ ခဏတိုင်း ခဏတိုင်း သိမှုသဘော တည်ဆဲသည် ဒုက္ခသစ္စာကိစ္စဉာဏ်မည်၏၊ ဒုက္ခသစ္စာ၌ ပရမတ္ထ သဘော ရုပ်နာမ်တို့ကို ပိုင်းခြား၍ မိမိ၏သန္တာမှာ ခဏတိုင်း ခဏတိုင်း သိမှုသဘော ပရမတ်ဖြင့် သိပြီးခြင်းသည် ဒုက္ခသစ္စာ ကတဉာဏ်မည်၏၊

သမုဒယသစ္စာ၌လည်းပိုင်းခြား၍သိအပ်သောသဘောကိုသိခြင်းသည် သမုဒယ သစ္စ ဉာဏ်မည်၏၊ သမုဒယသစ္စာကို သိဆဲခဏသဘောကို သမုဒယကိစ္စဉာဏ်မည်၏၊ သိပြီးသော သဘောသည် သမုဒယ ကတဉာဏ် မည်၏၊ ထိုနည်းတူစွာ နိရောဓသစ္စာမှာလည်း သစ္စဉာဏ်, ကိစ္စ

ဉာဏ်, ကတဉာဏ်၊ မဂ္ဂသစ္စမှာလည်း သစ္စာဉာဏ်, ကိစ္စ ဉာဏ်, ကတဉာဏ်၊ ပေါင်းတဆယ့်နှစ်ပါးသော ဉာဏ်ကို ဓမ္မစကြာ၌-

ယတောစခေါ မေ ဘိက္ခဝေ ဣမေသု စတူသု
အရိယာသစ္စေသု ဧဝံတိပရိဝဋ္ဋံ ဒွါဒသာကာရံ
ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ
အဟောသိ၊ ယထာဟံ ဘိက္ခဝေ သဒေဝကေ
လောကေ သမာရကေ သဗြဟ္မကေ
သဿမဏဗြာဟ္မဏိယာ ပဇာယ
သဒေဝ-မနုဿာယ အနုတ္တရံ
သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ
ပစ္စညာသိံ။ ၊

ယတောစခေါ ယတောကာလေ၊ အကြင်အခါ၌။ ဣမေသု စတူသု အရိယာသစ္စေသု၊ ဤအရိယာသစ္စာ လေးတို့၌။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်အားဖြင့်သုံးပါးသော အပြန်ရှိသော။ ဒွါဒသာကာရံ၊ ဒုက္ခသစ္စာ၌ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်, သမုဒယ သစ္စာ၌ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်, နိရောဓသစ္စာ၌ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်, မဂ္ဂသစ္စာ၌ သစ္စဉာဏ်, ကိစ္စဉာဏ် ကတဉာဏ် အားဖြင့် သုံးပါးလေးလီ တဆယ့် နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ ဟုတ်မှန်သည့် အတိုင်းဖြစ်သော။ ဉာဏဒဿနံ သုဝိသုဒ္ဓံ၊ စင်ကြယ်သော

ဉာဏ်အမြင်သည်။ မေ၊ဝါအား။ ပစ္စည်းသိ၊ နတ်ပြဟ္မာ အပေါင်းအားဝန်ခံပြီ။

သို့ဖြစ်ပါ၍ သစ္စာလေးပါး၌ သိအပ်သော သဘော ပရမတ်ကို သိခြင်းသည် သစ္စဉာဏ်လေးပါးတည်း၊သိအပ် သော သစ္စာလေးပါး၌ ကိလေသာကို ပယ်သတ်ရန် ကိစ္စရှိ၏ဟု ပယ်သတ်ခြင်းဖြင့် သိခြင်းသည် ကိစ္စဉာဏ် လေးပါး တည်း၊သစ္စာလေးပါး၌ သိအပ်သောသဘော ပရမတ်ကို သိပြီးခြင်းသည် ကတဉာဏ်လေးပါးတည်းဟုမှတ်ရ၏။

---

## ၃၁။ ဘာဝနာအားထုတ်စဉ်အတိုင်း ပြန်ပြီးမှတ်သားရန်

သဒ္ဓါ၊သတိ၊ဝီရိယ၊ သမာဓိ၊နာမရူပ၊ ဥဒယဗ္ဗယ၊ဘင်၊ နိဗ္ဗာန။ ၎င်းအဓိပ္ပါယ်မှာ-သမထသမာဓိ တည်နေလို သော ယောဂီပုဂ္ဂိုလ်သည် သဒ္ဓါတရား, သတိတရား, ဝီရိ ယတရား ၎င်းသုံးပါးနှင့် ပြည့်စုံလျှင် သမထသမာဓိကို ရ နိုင်ပါသည်၊ သမာဓိနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် နာမရူပ-နာမ်ရုပ်ကို မြင်ခြင်းနှင့်ပြည့်စုံပါသည်၊ နာမ်-ရုပ် ကို မြင်ခြင်းနှင့်ပြည့်စုံလျှင် အစဖြစ် အဆုံးပျက်သည်ကို မြင် ခြင်းနှင့်ပြည့်စုံသော ဥဒယဗ္ဗယဉာဏ်ဖြစ်နိုင်ပါသည် ဥဒ ယဗ္ဗယဉာဏ်နှင့်ပြည့်စုံလျှင် လျင်မြန်၍အပျက်ကိုသာ မြင် နိုင်သော ဘင်ဉာဏ်ဖြစ်နိုင်ပါသည်၊ ၎င်းသုံးပါးနှင့်ပြည့်စုံ လျှင် နိဗ္ဗာန်ကိုမြင်နိုင်ပါသည်။

## ဇယားကွက်မှတ်ရန်ကား

သဒ္ဓါ    နာမရူပ    ၎င်းအပေါ်က အစဉ်အတိုင်း
သတိ    ဥဒယဘယ    အဓိပ္ပါယ်မှတ်ကြပါလေ။
ဝီရိယ    ဘင်္ဂ
သမာဓိရ၏ နိဗ္ဗာန်ကိုမြင်

(၁) ၎င်းဇယား ကွက်၌ သဒ္ဓါဆိုသော အဓိပ္ပါယ်ကား အကုသိုလ် ဒုစရိုက် ဆယ်ပါးပြုခဲ့မိသော် အပါယ်ဘုံသို့ ရောက်ပြီး အပါယ်လေးဘုံ၌ ကြီးကျယ်စွာသော ဆင်းရဲအမျိုးမျိုးနှင့် တွေ့ရလိမ့်မည်၊ ကာမဘုံမှာ ကာမာဝစရကုသိုလ် ပြုသောသူသည် ကာမသတ္တဝါ အဖြစ်နှင့် ကာမဒုက္ခဝဋ်တရားမျိုးစုံတွေ့ရလိမ့်မည်၊ ရူပ,အရူပ-ကုသိုလ်ပြုသောသူသည် ရူပ, အရူပ-ဝဋ်ဒုက္ခ အမျိုးမျိုးနှင့်တွေ့ရလိမ့်မည်၊ နိဗ္ဗာန်ကိုလို ချင်တောင့်တပြီး သုံးဆယ့်တဘုံမှ ထွက်မြောက် လိုသော ယောဂီ ပုဂ္ဂိုလ်သည် အနိစ္စ, ဒုက္ခ,အနတ္တ-စသည် ဘာဝနာပွားများ အားထုတ်ခြင်းဖြင့် ဥာဏ်စဉ်ဆုံးလျှင် နိဗ္ဗာန်သန္တိသုခ ချမ်းသာကို ဧကန်မုချ-ခံစားရလိမ့်မည်ဟု အကျိုး တရားတို့ကို ယုံကြည်ခြင်းသဘောသည်သဒ္ဓါတရားမည်၏။

(၂) သတိတရား အဓိပ္ပါယ်ကား-မေတ္တာသုတ်ပရိတ်တော်၌ "တိဋ္ဌံ စရံ နိသိန္နောဝ သယနော" ဟုဆိုသဖြင့် ရပ်နေ, ထိုင်နေ, သွားနေ, အိပ်နေ၊ ၎င်းဣရိယာ ပုထ်လေးပါးနှင့် ပြည့်စုံအောင် ပွားများ အားထုတ်ခြင်းသည် သတိဆိုတဲ့ အင်္ဂါနှင့်ပြည့်စုံလေ၏။

(၃) ဝီရိယအင်္ဂါ အဓိပ္ပါယ်ကား- အရိုးကြေကြေ အရေ

ခန်းခန်း အသားခြောက်ခြောက် အသက်သေသေ နောက်မဆုတ်တမ်း အောင့်အည်းသည်းခံ ကြိုးစားအားထုတ် ပွားများနိုင်ခြင်းသည် ဝီရိယအင်္ဂါနှင့်ပြည့်စုံ၏ဟူ၍မှတ်။

(၄) ဤဆိုအပ်ပြီးသော သဒ္ဓါအင်္ဂါ, သတိတရား အင်္ဂါ, ဝီရိယတရား အင်္ဂါတို့နှင့် ပြည့်စုံခဲ့ပါလျှင် မချကေန် တည်ကြည်သော သမာဓိနှင့် သမထ တရား ပြည့်စုံ၏ ဟူ၍မှတ်ပါ၊

(၅) ၎င်းဇယားကွက်ရှိ ထိ-ဟူသော ဝါယောဓါတ်လေကို ပိုင်ပိုင်နိုင်နိုင် ရုပ် ပရမတ်သဘောကို သေချာစွာ ထင်မြင်လာအောင် ပွားရမည်၊ သိ-လိုက်သော နာမ်ဓါတ်ကို သဘောပိုင်ပိုင် နာမ်-ပရမတ်ကို ထင်မြင်လာအောင် ပွားများရမည်။

၎င်းထိသောရုပ်, သိသောနာမ်နှစ်ပါးတို့မှာ ရုပ် နှင့် နာမ်-တခုစီထင်မြင်လာအောင် အားထုတ် ပွားများရမည် ဟု လယ်တီဆရာတော်ကြီးက(ရုပ်နာမ်နှစ်ခု၊ တခုခု၌၊ ကြိဖန်စေ.၄၊စိုက်၍ရှုမှ၊ဒိဋ္ဌမှန်စွာ၊ ဖြင့်နိုင်ရာ၏) ဟုဆိုတော်မူသည်၊ ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလ တဲ့တဲ့ရှုမှထင်မြင်ရာသည်ဟု လယ်တီဆရာတော်ကြီးက(အကြည်ခြောက်စုံ၊ အာရုံခြောက်ပါး၊ ထိခိုက်ငြားက၊ ခြောက်ပါးဝိညာဉ်၊ အစဉ်ဖြစ်မှု၊ ကြိဘန်ရှုမှ၊ ဒိဋ္ဌမှန်စွာ၊ မြင်နိုင်ရာ၏)ဟု ဆိုတော်မူပြန်သည်၊ တနည်းဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌လည်း-

ဝေ သုဝိသုဒ္ဓရူပပဋိဂ္ဂဟာယ ပန
အရူပဓမ္မာ တီဟိအာကာရေဟိ
ဥပဋ္ဌဟန္တိ ဖဿဝသေနဝါ
ဝေဒနာဝသေနဝါ ဝိညာဏ ဝသေနဝါ။

အနက်-ဧဝံ၊ ဤသို့။သုဝိသုဒ္ဓ ရူပ ပဋိဂ္ဂဟာယ၊ ရုပ်ကို သိမ်းဆည်း ဆင်ခြင်သော၊ အဿပန၊ ထိုယောဂီ ပုဂ္ဂိုလ်၏ကား။ အရူပဓမ္မာ။ နာမ်တရားတို့သည်။ တီဟိ။ သုံးပါးကုန်သော။အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်၊ ဥပဋ္ဌဟန္တိ၊ ထင်လာကုန်၏။ ဖဿဝသေနဝါ၊ ဖဿနာမ်၏အစွမ်းဖြင့် ၎င်း၊ ဝေဒနာဝသေနဝါ၊ ဝေဒနာ- နာမ်၏ အစွမ်းဖြင့် ၎င်း။ ဝိညာဏ ဝသေနဝါ၊ ဝိညာဉ်နာမ်၏ အစွမ်းဖြင့် ၎င်း။ ဝါ၊ သညာဏ ဝသေနဝါ။ သညာနာမ်၏ အစွမ်းဖြင့်၎င်း။ ဥပဋ္ဌဟန္တိ၊ ထင်လာကုန်၏။

အဓိပ္ပါယ်ကား- ထိလာသော ရုပ်သဘော ပရမတ်ကိုင်း,စပ်တတ်သော ဖဿနာမ်သဘော ပရမတ်ကိုင်း, မှတ်တတ်သော သညာနာမ်သဘော ပရမတ်ကိုင်း,ခံစားတတ်သော ဝေဒနာနာမ်သဘော ပရမတ်ကို၎င်း ပိုင်ပိုင် နိုင်နိုင် သဒ္ဓါ,သတိ, ဝီရိယတို့နှင့် ငါးပါးသော သဘော ပရမတ်ကို ထင်မြင်သိရှိလာအောင် ပွားများမှ သာလျှင် ရူပ-နာမ-ဖြစ်၏ဟု၊ ဝါ-နာမရူပ- ပရိစ္ဆေဒ ဉာဏ်ပိုင်ပြီဟု အဓိပ္ပါယ်မှတ်ပါလေ။

(၆) ဥဒယဗ္ဗယ၏ အဓိပ္ပါယ်မှာ-(ရုပ်ဖြစ်ဆဲ၊အမြဲအသစ်ဝင်၊ အနှစ်မရှိထင်၊ ဥဒယဗ္ဗယဉာဏ်ပင်)ဟု ဆိုသော

ကြောင့် (နာမ်-ဖြစ်ဆဲ၊ အမြဲနာမ်သစ်ဝင်၊ အနှစ်မရှိ ထင်၊ ဥဒယဘယဉာဏ်ပင်)၊ရုပ်ဖြစ်စ- ရုပ်ပျက်ဆုံးကို မြင်၊ နာမ်ဖြစ်စ- နာမ်ပျက်ဆုံးကိုမြင်၊ ဤကဲ့သို့ ထင် မြင်အောင် ပွားများမှ သာလျှင် ဥဒယဘယဉာဏ်ကို မြင်သည်ဟုဆိုရ၏၊ ဥဒယဘယဉာဏ်ပိုင်၏ဟူလို။

(၇) ဘင်္ဂဉာဏ် အဓိပ္ပါယ်ကား-ရုပ်နာမ်နှစ်ပါးကို၊ နောက် တနည်း-ရုပ်-တပါး နာမ်လေးပါး၊ ပေါင်း ငါးပါးတို့ ကို ဖြစ်ပျက်- ဥဒယဘယဉာဏ်ဖြင့် ပွားများဘန်များ သော် လျင်မြန်ပြီး ဖြစ်စကို မတွေ့လိုက်ဘဲ အပျက်ကို သာတွေ့မြင်ရ၍ ထင်လာသိရှိနေခြင်းသည် အပျက် အ ဆုံး ဘင်္ဂဉာဏ်ကိုပိုင်ပြီဟူ၍မှတ်။

(၈) နိဗ္ဗာန၏ အဓိပ္ပါယ်ကား-ယောဂီများမှာ ဉာဏ်စဉ် အတိုင်း ကြိမ်ဖန်များစွာ ပွားများအားထုတ်ရင်း ရုပ် နာမ်-တွေ-ပျောက်ပြီး ဖြစ်ပျက်ကိုလည်း မမြင်၊ မေ့ သွားသကဲ့သို့ သုံးဆယ့်တဘုံ၌ တည်သော ဒုက္ခခပ် သိမ်းဘည်ရာ ရုပ်နာမ်မရှိ ကင်းငြိမ်း ရာ ဖြစ် သော ကြောင့် ယောဂီပုဂ္ဂိုလ်မှာ နိဗ္ဗာန်ကိုမြင်သည် ဆိုရ၏။ သဒ္ဓါ, သတိ, ဝီရိယ, သမာဓိ, နာမရူပ, ဥဒယဗ္ဗယ, ဘင်္ဂ, နိဗ္ဗာန-အကျဉ်းမှတ်ရန်ပြီးပြီ။

....o....

## ၃၂။ ပဌမကဏ္ဍာ၌နိမိတ်အာရုံ အစဉ့်ပေါ်ထွက်လာပုံ

နောက်ဆိုခဲ့ပြီးသော ကဏ္ဍာသုံးပါးတို့တွင်ပဌမကဏ္ဍာ၌ အာရုံနိမိတ်အမျိုးမျိုး ပေါ်ထွက် လာပုံ မှတ်သားရန်ပြဆိုပေအံ့၊ ပဌမကဏ္ဍာမှာ လောကီသီလ, လောကီသမာဓိ, လောကီပညာဖြစ်၏၊ အဘယ်ကြောင့် လောကီ သီလသာဖြစ်ရသနည်းဟူမူ၊ အတွင်းပသာဒရုပ်က အပြင်အာရုံသို့ မလိုက်စား၊ အပြင်အာရုံကလည်း အတွင်းပဒရုပ်အကြည်သို့ သွား၍ခတိုက်ရုံမျှသာဖြစ်သည်၊ ပညာကားဟုတ်ပါ၏၊ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတို့ကို ပိုင်းခြား၍သိခြင်းငှာ မစွမ်းနိုင်သေး၊ သို့ဖြစ်ပါ၍ လောကုတ္တရာပညာ မဟုတ်သေးသည့်အတွက်ကြောင့် လောကီသီလ,လောကီသမာဓိ, လောကီပညာဟု ခေါ်ဆိုရပါ၏ဟုဖြေ။

ယောဂီပုဂ္ဂိုလ်တို့မှာ ပဌမကဏ္ဍာ၌ ရုပ်-နာမ်- ထိ-သိ တည်နေသောအခါ အဘယ်လိုနိမိတ်, ဓါတ်တို့ ပေါ်ပါသနည်းဟု အမေးရောက်ခဲ့သော်-အဖြေကား-ပဌမ-ထိ-သိ ဟူသော ရုပ်-နာမ် သမ္မသနဉာဏ်ဖြင့် ဆရာက ပြောဟောသော အတိုင်း ပွားခြင်းကို ပရိကမ္မနိမိတ်ခေါ်သည်၊ ထို့နောက်အာရုံ တပါးမလိုက်စားဘဲ ထိ-သိ ရုပ်နာမ်ကိုပင် အစဉ့်မှန်အောင် မှတ်သိနိုင်ခြင်းကို ဥဂ္ဂဟနိမိတ်ခေါ်၏၊ မမှန်လျှင်မခေါ်၊ ထို့နောက် အတွင်းအာယတနကလဲ အပြင်အာရုံသို့ မလိုက်၊ အပြင်အာရုံကလည်း အတွင်းအာယတနသို့သွား၍မတိုက်ဘဲ ထိသောရုပ် သိသောနာမ် နှစ်ပါး

တည်မြဲပြီးသူလျှို တကိုယ်နှစ်ယောက်သေသည်ဟု ဆိုအပ်သော လောကီသမာဓိ တည်ကြည်နေသောအခါ ပဋိဘာဂနိမိတ်ဟုဆိုအပ်၏။

ထိုမှတပါး အတွင်းအပြင် မစပ်မိသဖြင့် ကိလေသာစင်ကြယ်ခြင်း၊ရုပ်-နာမ်စင်ကြယ်သောအခါ ပြာရောင်,ဖြူရောင်, အနီ,အစိမ်း, အဝါ, လ, နေ, ကြယ်, နံကွတ်,ပလဲရောင်, မီးလုံး, မီးခိုးရောင်,ဘုရားကြွလာပုံ, ပန်းဘဲသားရေအိတ်ကဲ့သို့ ဖေါင်းချီပွချီ စသည်တို့သည် ပေါ်လာမြင်လာတတ်၏၊ မနှစ်သက်ရာ၊ထို့မှတပါး တောင့်တင်း ကိုက်ခဲခြင်းတည်းဟူသော ပထဝီဓါတ်ရုပ်, ပူလာ လောသောသဘောစသည့် တေဇောဓါတ်ရုပ်, ယိုစီး- ချွေးထွက်-ဖွဲ-စီးစပ်နေသော သဘောစသည့် အာပေါဓါတ်, အသံထွက်လှုပ်ရှားယိမ်းယိုင်စသည့် ဝါယောဓါတ်၊ ဤလိုဓါတ်တပါးစီလဲ ပေါ်လာတတ်၏၊ နှစ်ပါးတွဲလျက်, သုံးပါးတွဲလျက်, လေးပါးတွဲလျက်လည်း ပေါ်လာတတ်၏၊ငင်းပေါ်လာသည်တို့နောက်လိုက်၍ မမှတ်လေနှင့်၊ငင်းပဌမ ကဏ္ဍမှာကိုယ်ပျောက်ပြီး ထိ-သိသည်လျှင်တည်၍နေတတ်၏၊မဂ်ဟု မထင်ရာ၊ ဘာ့ကြောင့်- လက္ခဏာ ယာဉ် မထင်ခြင်းကြောင့်တည်း၊

---

## ၃၃။ ဒုတိယကဏ္ဍ၌အစဉ် ပေါ်လာပုံမှတ်ရန်

ငင်းဒုတိယ ကဏ္ဍ၌ ဖြစ်စဉ်မှာ- ဗိုလ်ငါး ပါး တို့၏ အမိပ္ပါယ်တို့တွင် သဒ္ဓါ့ိုလ် ဟူသည်ကား အကုသိုလ် ဒုစ

M. 300-25

ရိုက် ဆယ်ပါးကို ပြုကျင့်ခဲ့သော် အပါယ်လေးဘုံသို့ ကျေ ရောက်ရမည်ဟု ယုံကြည်ခြင်း၊ ကာမသုဂတိ ခုနစ်ဘုံကို ရောက်စေလိုသဖြင့် ပြုကျင့်ခဲ့သော် ကာမသုဂတိ ချမ်းသာ ကာမသုဂတိဝဋ်ဒုက္ခ ဆင်းရဲအမျိုးမျိုးနှင့် တွေ့ကြုံရမည်ဟု ယုံကြည်ခြင်း၊ ရူပ, အရူပကုသိုလ် ဈာန်ချမ်းသာကို လို သဖြင့် အားထုတ်ခဲ့သော် ရူပ, အရူပဘုံကို၌ ချမ်းသာကို ရပြီး ရူပ, အရူပဝဋ်ဒုက္ခအမျိုးမျိုးနှင့်တွေ့ပြီး ဆင်းရဲနှလုံး မသာရတော့ ကေန့်ခံရမည်ဟု ယုံကြည်ခြင်း၊ ဤသို့သုံးဆယ့် ကဘုံ၌ ဂိုဏ်ရိုဏာမ- ဖေါက်ပြန်ရှိ ချမ်းသာသည်ဟု ထင် မှတ်ပြီး ဒါန,သီလ, ကာမ-ရူပ- အရူပ အာဝနာတို့နှင့်ပြု ပြီး ဆုမြတ်တောင်းကြ၍ ပြုခဲ့ကြသော် စင်စစ်အားဖြင့် ဝဋ် ဒုက္ခအစစ်နှင့် တွေ့ကြရမည်ဟု အမှန်တရားကိုသိမြင်၍ လွန် မင်းစွာ မတော်မက ဒုက္ခကိုကြောက်လှသဖြင့် နာမ်-ရုပ်ပိုင် ပိုင် လက္ခဏာယာဉ် ဉာဏ်စဉ်တို့ကို ကျကျနန အစဉ်မှန် အောင် အားထုတ်နိုင်ခြင်း၊ ဝဋ်ဒုက္ခ အပေါင်းတို့မှ ထွက် မြောက်နိုင်ခြင်း၊ ဤလိုအားထုတ်သော ပုဂ္ဂိုလ်၏ သန္တာန် မှာ သဒ္ဓါယုံကြည်ခြင်းရှေ့သွားရှိသော သဘောတရားကို သဒ္ဓါဗိုလ်ခေါ်ပါ၏။

သတိဗိုလ်ဟူသည်ကား- သွားသောအခါ, ရပ်သော အ ခါ, ထိုင်သောအခါ, အိပ်သောအခါ၊ဤဣရိယာပုထ်လေး ပါးနှင့် ညီညွတ်အောင် အခါခပ်သိမ်းအောင်းမေ့ခြင်း ရှေ့ ဆောင် ရှေ့သွား၍ပြု၍ အောင်းမေ့ နေသော သမထ- ဝိပဿနာ အာရုံသဘောကို သတိဗိုလ်ခေါ်၏ဟူ၍မှတ်။

ဝီရိယဗိုလ်ဟူသည်ကား- အရိုးကြေကြေ အရေခန်းခန်း အသားခြောက် ခြောက် အကြောပြတ်ပြတ်ဟု အင်္ဂါလေး

ပါးနှင့်ပြည့်စုံအောင် သတိထားပြီး အားထုတ် အပ်သော သမထ, ဝိပဿနာအာရုံ သဘော ပရမတ် တရားကို ဝီရိယဗိုလ်ခေါ်ပါ၏။

သမာဓိဗိုလ်ဟူသည်ကား- မယိမ်း မယိုင် ကျောက်စာတိုင်ကဲ့သို့ အတွင်းပသာဒကလဲ အပြင်အာရုံသို့ မအောက်မေ့၊ အပြင်အာရုံကလဲ အတွင်းပသာဒသို့ သွားရောက်သော်လည်း မသွားရောက်သကဲ့သို့ ဝင် မဖြစ်နိုင်အောင် ဣန္ဒြိယသံဝရသီလနှင့် စောင့်ရှောက် ပိတ်ဆို့ထားပြီး စိတ်ကိုငြိမ်သက်စွာထားနိုင်ခြင်းကို သမာဓိ လ်ခေါ်ပါ၏။

ပညာဗိုလ်ဟူသည်ကား- ပရမတ်ပညတ်- ရုပ်-နာမ်နှစ်ပါးတို့ကို ပိုင်ပိုင်နိုင်နိုင် ဝေဘန်ပိုင်းခြား၍ သိနိုင်ခြင်း, အမည်-ပညတ်သဘောက ပရမတ်ဟုသိခြင်း, ပညတ်နှင့်ပရမတ်တွဲနေသည်ကို သိနိုင်ခြင်း, ပညတ်နှင့်ပရမတ် တကွဲစီနေသည်ကို သိနိုင်[illegible]င်း, ပညတ်နှင့်ပရမတ် နှစ်ခုစပ်နေသည်ကို သိနိုင်ခြင်းဟု စွန်းလွန်းဆရာတော်ကြီးက လင်္ကာနှင့်ဆိုသည်မှာ (ပညတ်ပရမတ် တွဲသည်မှတ်၊ သူမြတ်မဆိုသာ။ ။ ပညတ်ပရမတ်ကွဲသည်မှတ်၊ သူမြတ်မဆိုသာ။ ။ ပညတ်ပရမတ်၊ နှစ်ခုစပ်၊ သိ[illegible]တ်သူမှမြတ်) ဟု ဆိုတော်မူ၏၊ သို့ဖြစ်ပါ၍ ပညတ်ကိုပယ် ပရမတ်ကိုတွယ်၍ မြော်မြင်ပြီး တိတိကျကျ လက္ခဏာယာဉ်, ဉာဏ်စဉ်အတိုင်း ခွဲခြမ်း-ဝေဘန်ကြပြု၍ ပရမတ်သား ပေါက်သဘော အစစ်ကို ထင်မြင်နိုင်သော သဘောအတ်ဆတ်ကို ပညာဗိုလ်ခေါ်ပါ၏။

ဤ[illegible]လ်ငါးပါးနှင့်ပြည့်စုံလျှင် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးသေပြီဟူ၍မှတ်၊ ခန္ဓာကိုယ်ကြီးဟာ ခြေ- လက်စသည်ဖြင့်၊ ပျောက်ပြီးသု[illegible]သွားတာက်၏၊ ဤလိုအခါ ပဌမ

ကဏ္ဍာကဲ့သို့မဟုတ်၊ အထူးသဖြင့် ကြည်လင်၊ ဘယ်အခါနှင့်မှ-မတူနိုင်သော အရောင်အလင်းများသည် ပေါ်လာတတ်၏၊ ငါသည် မဂ်-ဖိုလ်ရသည်ဟူ၍လည်း ထင်တတ်သေး၏၊ မဂ်ဖိုလ်မဟုတ်၊ အဘယ်ကြောင့် ဆိုသော် သမ္မာရှုပေဂ္ဂာဉာဏ်, အနုလော မဉာဏ်သို့ မရောက် သော ကြောင့် ဟူ၍မှတ်

## ၃၄။ တတိယ ကဏ္ဍာ၌အစဉ်ထူး မှတ်သားရန်

ပရိကံ၊ ဥပစာရ၊ အနုလုံ၊ ဂေါတြဘူ၊မဂ်၊ဖိုလ်၊နိဗ္ဗာန် ၎င်းတတိယ ကဏ္ဍာ၌ ခုနစ်မျိုးတို့၏ အစဉ်ကား၎ုသို့မှတ်ပါလေ။

ပရိကံ အမည်ဟူသည်ကား- လက္ခဏာ- ရုပ် နာမ် စသည်တို့ကို ဟုတ်တိုင်းမှန်စွာ ပရမတ်အစစ် ဝေဘန်ပိုင်းခြားနိုင်သော ပညိန္ဒြေ-စေတသိတ်နှင့်တကွ ယှဉ်၍ ဉာဏ သမ္ပယုတ်ခေါ်သော အသိဝိညာဉ်စိတ်ကို ဥပါဒ်ခဏ, ဌီ-ခဏ, ဘင်ခဏမျှလောက်ကြာအောင် အခိုက် အတန့်ကို ပရိကံအမည်ရသော ကာမာဝစရ ဇောတခုခေါ်ပါသည်၊ ဥပစာရခေါ်ခြင်း, အနုလုံခေါ်ခြင်း,ဂေါတြဘူခေါ်ခြင်းတို့သည်လည်း ဥပါဒ်ခဏ,ဌီ-ခဏ, ဘင်ခဏမျှလောက်ကြာအောင်ဖြစ်ခြင်း အခိုက်အတန့်တို့ကိုပင် ဥပစာရ, အနုလုံ, ဂေါတြဘူ, ကာမာဝစရဇော ဉာဏ သမ္ပယုတ်ဟုခေါ်ကြပါသည်၊ ပညိန္ဒြေစေတသိတ်နှင့် ယှဉ်သော ပညာဉာဏ်၊

ကာမာဝစရဇော ဉာဏသမ္ပယုတ်စိတ် တမျိုးတည်း၊လေး ကြိမ်တူမျှသည်ဖြစ်ပါလျက် အဘယ်ကြောင့် ပရိကံအမည်, ဥပစာရအမည်,အနုလုံအမည်ဂေါတြဘုအမည်တို့ဟုလေး မည်ဖြစ်နေပါသနည်းဟု မေးဘွယ်ရှိခဲ့သော် ပုထုဇဉ် သက် သက်ကဲ့သို့ကိလေသာအညစ်အကြေးမရှိ၊သီလဝိသုဒ္ဓိစသည် တို့ဖြင့် စင်ကြယ်စွာ မဂ်အခြေ, ဖိုလ်အခြေတို့နှင့် နပျိုခြင်း မရှိ၊ ရင့်ကျက်သော အဖြစ်သို့ရောက်ခြင်းကြောင့် ခဏငယ် သုံးချက် စာလောက် ကြာ အောင် တည် နေခြင်းသည်။ ပရိကံမည်၏။

ဥပစာရဟူသည်ကား- ၎င်း ခ ဏ ငယ် သုံး ချက် စာ လောက်ကြာအောင် တည်နေသော ဉာဏသမ္ပ ယုတ်ဇော တခုဟာ မဂ်၏အတွင်း, ဖိုလ်၏ အတွင်းနယ်သို့ ရောက်ရှိ၍ တည်နေခြင်းကြောင့် ဥပစာရမည်၏ဟုခေါ်ပါ။

အနုလုံဟူသည်ကား-ပရိကံဟူသောခဏငယ်သုံးပါး, ဥပစာရဟူသော ခဏငယ်သုံးပါး-ပေါင်းခဏငယ်ခြောက် ချက်အလွန် ကိုးချက်မျှရောက်သော အခါ တည်နေသော ခဏငယ်သုံးချက်မျှသည် ကာမပုထုဇဉ် အနွယ်နှင့် လည်း မကင်း၊ အရိယာအနွယ်သို့ ရောက်နိုင်၍ ပုထုဇဉ် အနွယ် အရိယာအနွယ်နှစ်ခုလုံးနှင့်လျော်စွာ ထည့်သွင်းခေါ်ဝေါ် နိုင်သည်အဖြစ်ကြောင့် အနုလုံကာမဇော ဉာဏသမ္ပယုတ် ခေါ်ဝေါ်သည်။

ဂေါတြဘုဟူအည်ကား- တောဘူမကာဘုံသုံးပါး သင်္ခါ ရကာမ အနွယ်ကိုဖြတ်၍ ဝဋ်မှ ထွက်မြောက်ရာ- ထွက် မြောက်ကြောင်း သန္တိသုခရှိသော-နိဗ္ဗာန်ကိုသာ စိတ်အာ

ရုံပြုပြီး ခဏငယ် သုံးချက်စာလောက် ကြာအောင် တည်နေခြင်းကို ဂေါတြဘူဉာဏ သမ္ပယုတ် ကာမဇောဟု ခေါ်သည်၊ ၎င်းဂေါတြဘူ ဉာဏသမ္ပယုတ်ဇောသည် သာလျှင် သင်္ခါရုပေက္ခာ, အနုလောမ-အမည်နှင့် တဆယ့် နှစ် ကြိမ် ခဏငယ်ဖြစ်ပြီးသည်နောက် ဝိပဿနာစိတ်နှင့် ဖြစ်ပျက် သင်္ခါရတို့ကို လုံးဝအာရုံမပြုမူ၍ သန္တိသုခရှိသော အငြိမ်းဓါတ်၌သာ စိတ်စိုက်ခါနေသော ခဏငယ် သုံးချက် စာလောက် ကြာအောင်ဖြစ်ပြီးနောက် ခဏငယ် သုံးချက်စာလောက် ကြာအောင် တည်နေခြင်းကို မဂ်ဟုခေါ်သည်။

မဂ်ခဏငယ် သုံးချက်စာလောက် ကြာအောင်ဖြစ်ပြီးသည်နောက် ခဏငယ် သုံးချက်စာလောက် ကြာအောင် တည်နေခြင်းကို ဖိုလ်ဇောဟုခေါ်သည်။

ဖိုလ်ဇော ခဏငယ် သုံးချက်စာလောက် ကြာအောင် ဖြစ်ပြီးသည်နောက် ထိုဆိုခဲ့ပြီးသောစိတ်များဖြစ်ဆဲ၌အာရုံမချုပ်ငြိမ်းသော်လည်း စိတ်ကအာရုံမပြုမူ၍ အကုန်လုံးစိတ်မရှိ၊ အာရုံလည်းမရှိ၊ ချုပ်ငြိမ်းပြီး အာမျှ-မရှိ၊မသိဘဲငြိတ်စဲပြီး ချုပ်သွားသည်ကိုပင် နိဗ္ဗာန်ဟုခေါ်ဆိုပါ၏။

တတိယအခန်းစဉ်ပြီး၏။

## ဆုတောင်း ပတ္ထနာ

ဤစာအုပ်ကို လှူဒါန်းခဲ့ ရေးမှတ်သားရခြင်း အာ ကြောင်းကြောင့်-

နာနာပညာဟိ သမ္ပန္နော၊
ပိဋကတ္တယကောဝိဒေါ။
တိဓါတုဓေဟိ ဆိန္နန္တော၊
ဒိဋ္ဌံ မလဒ္ဓ ဗုဒ္ဓိနော။ ။

နာနာပညာဟိ၊ အဋ္ဌာရသ သိပ္ပများစွာ အထူးထူး အာ ပြားပြားသော ဉာဏ်ပညာ အပေါင်းတို့နှင့်။ သမ္ပန္နော၊ ကောင်းစွာလုံလောက် ပြည့်စုံသည်၊ ဘဝေယျံ၊ ဖြစ်ရပါ လို၏ဘုရား။ ပိဋကတ္တယ- ကောဝိဒေါ၊ ပိဋကတ်သုံးပုံ အာ လုံးစုံတို့၌ အကုန်လိမ်မာသည်ဖြစ်၍။ ဗုဒ္ဓိနော၊သုံးလူမကိုန် ဦးတိုက်ရာ တဆူ ဖြစ်တော်မူသော ဘုရားရှင် သာသနာ တော်မြတ်ကြီး၏။ မလံ၊ အညစ်အကြေးသဘွယ် ဖြစ်သော။ ဒိဋ္ဌိံ၊ မိစ္ဆာဒိဋ္ဌိ စသည်များထွေ မကောင်းသော အယူ ဝါဒတွေကို။ တိဓါတုဓေဟိ-တီဟိအာဝုဓေဟိ၊ သုတ, သီလ ပညာဆယ္ဟား သုံးပါး ကြိယာ လက်နက်ကောင်း အဖြာ ဖြာတို့ဖြင့်။ ဆိန္နန္တော၊ တစမကျန် ဖြတ်တောက်တွန်းလှန် နိုင်သည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏ဘုရား။

# နိဂုံး

ဣတိပိ ဘဒ္ဒန္တကုမာရနာ မတ္ထေရေနရစိတာယံ သောတာပတ္တာဒိကထာနာမော ဂန္ထော နိဋ္ဌိတော။

ဘဒ္ဒန္တကုမာရနာမတ္ထေရေန၊ အရှင်ကုမာရ အမည်ရှိသော မဟာထေရ်သည်။ ရစိတော၊ စီရင်အပ်သော။ သောတာပတ္တိဒိကထာနာမော၊ သောတာပတ္တိ မဂ်အစရှိသော မဂ် ရောက်ကြောင်း ကမ္မဋ္ဌာန်း အစဉ်မည်သော။ အယံ ဂန္ထော။ ဤကမ္မဋ္ဌာနဝိတ္ထာရကျမ်းသည်။ ဣတိပိ၊ ဤသို့လျှင် နိဋ္ဌိတော။ ပြီးပြီ။

# အလှူရှင်များစာရင်း

| ဦးရေ | ဘိုးတုပ်ပုံရှာ | ကျပ် | ဦးရေ | ဘိုးတုပ်ပုံရှာ | ကျပ် |
|---|---|---|---|---|---|
| ၁ | ဦးချမ်းညိမ်း | ၁၀ | ၂၆ | မောင်ဝေါင်းရွှေ | ၁ |
| ၂ | မောင်သန်းခေါင် | ၅ | ၂၇ | မောင်ညီညီ | ၁ |
| ၃ | မောင်စံရွှေ | ၅ | ၂၈ | ဒေါ်စိန်းမှူ | ၁ |
| ၄ | မောင်ချက်ကြီး | ၃ | ၂၉ | မောင်စိုးမြင့် | ၁ |
| ၅ | မောင်ထွန်းရှိန် | ၃ | ၃၀ | မောင်ပြုံးချို | ၁ |
| ၆ | မောင်လပ်ပေါ် | ၂ | ၃၁ | ဒေါ်သက်နှင်း | ၁ |
| ၇ | မောင်အောင်ခင်လေး | ၂ | ၃၂ | မောင်ပုလေး | ၁ |
| ၈ | မောင်ဘိုကစ် | ၂ | ၃၃ | မသေးမျှင် | ၁ |
| ၉ | မောင်အောင်ခင်ကြီး | ၂ | ၃၄ | မောင်သာရွှေ | ၁ |
| ၁၀ | ဦးပေါ | ၂ | ၃၅ | မောင်ထော် | ၁ |
| ၁၁ | မောင်စိန်ညွန့် | ၂ | ၃၆ | မောင်တုပ်ဖြူ | ၁ |
| ၁၂ | တလုပ်ကြီး | ၁ | ၃၇ | မဘုသင် | ၁ |
| ၁၃ | မောင်ပျော့ | ၁ | ၃၈ | ဦးဖိုးငံ | ၁ |
| ၁၄ | မောင်ဆိုင် | ၁ | ၃၉ | ဦးဘိုးကျော် ) | ၁ |
| ၁၅ | မအေးညိန်း | ၁ | ၄၀ | မောင်အောင်ရင် ) | |
| ၁၆ | မောင်ဖိုးဖြူး | ၁ | ၄၁ | မငယ် | ၁ |
| ၁၇ | ဦးစံမြ | ၁ | ၄၂ | ကိုမောင်ရွှေ | ၁ |
| ၁၈ | မသင်း | ၁ | ၄၃ | ကိုကျော်နီ | ၁ |
| ၁၉ | ဦးဝိုင်း | ၁ | ၄၄ | မောင်သန်းရွှေ | ၁ |
| ၂၀ | မခွေးမ | ၁ | ၄၅ | ကိုထွန်းမြတ် | ၁၂ |
| ၂၁ | မောင်ချစ်ထွေး | ၁ | ၄၆ | မတင်နွဲ့ | ၁ |
| ၂၂ | ကိုစံမြ | ၁ | ၄၇ | မစိန်အေး | ၁ |
| ၂၃ | ကိုမောင်ကြီး | ၁ | ၄၈ | ဦးသန်းချောင်း | ၁ |
| ၂၄ | မောင်အောင်သန်း | ၁ | ၄၉ | ကိုကျူး | ၁ |
| ၂၅ | ကိုအေး | ၁ | ၅၀ | ဒေါ်စိမ်းရွှေ | ၁ |

| ဦးရေ | ဘိုးတုပ်ပုံရွာ | ပြား |
|---|---|---|
| ၅၁ | မောင်အေး | ၅၀ |
| ၅၂ | မပန်းသင် | ၅၀ |
| ၅၃ | မနက်ပု | ၅၀ |
| ၅၄ | အောင်ခ | ၅၀ |
| ၅၅ | မောင်ထွန်းတင် | ၅၀ |

| ဦးရေ | ဘိုးတုပ်ပုံရွာ | ပြား |
|---|---|---|
| ၅၆ | မတုပ် | ၅၀ |
| ၅၇ | ဦးငယ်ကြီး | ၅၀ |
| ၅၈ | ဆရာကိုလှမောင် | ၅၀ |
| ၅၉ | ကိုပြောင်လုံး | ၅၀ |

| ဦးရေ | ဖအောင်းရွာ | ကျပ် |
|---|---|---|
| ၆၀ | ရွာသူကြီးဦးချစ်မောင် | ၂၅ |
| ၆၁ | မစန်းထွေ | ၂ |
| ၆၂ | ဒေါ်ဒွါးမြို | ၁ |
| ၆၃ | မကျောမှံ | ၂ |
| ၆၄ | မခင်အု | ၁ |
| | ရှမ်းရွာ | |
| ၆၅ | ဦးစံဒွန်း | ၅ |
| ၆၆ | ဦဘိုးအေး | ၂ |
| ၆၇ | ဒေါ်ရွှေ | ၁ |
| ၆၈ | မကျင်စိန် | ၁ |
| ၆၉ | မအေးသင် | ၁ |
| ၇၀ | ကိုငွေခိုင် | ၁ |
| ၇၁ | ကိုပိန် | ၁ |
| | သခွတ်ကုန်း | |
| ၇၂ | ကိုစံထွေး | ၂ |
| ၇၃ | မချော | ၂ |
| ၇၄ | မလှတင် | ၁ |
| ၇၅ | မသောင်းရှင် | ၁ |
| ၇၆ | ကိုကုလား | ၁ |

| ဦးရေ | ညောင်လေးပင်မြို့ | ကျပ် |
|---|---|---|
| ၇၇ | ဘယဆေးကုန်သည် ကိုစံရင် | ၅၀ |
| ၇၈ | ဒေါ်ဆိတ် | ၂၀ |
| ၇၉ | ကျောင်းဆရာဦးဘသန်း | ၅ |
| ၈၀ | မပု | ၅ |
| ၈၁ | ဦးအောင်ခ | ၅ |
| ၈၂ | မလှတင် | ၅ |
| ၈၃ | ဦးဘကြွယ် | ၀ |
| ၈၄ | ကိုချစ်တီး-မမြရီ | ၁ |
| ၈၅ | ကိုကြည်-မသဲဘု | ၂ |
| ၈၆ | မကျင်သန်း | ၁ |
| ၈၇ | ကိုပေါ်-မနှင်း | ၁ |
| ၈၈ | ကိုခင်မောင် | ၁ |
| ၈၉ | ဦးပညာဝံသ | ၅ |
| ၉၀ | ဦးသောနက | ၁ |

